
www.burmeseclassic.com




BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com


ပုံနှိပ်မှတ်တမ်း

| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | - ၅၀၁၄၆၄၁၂၀၇ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - ၅၀၀၃၀၅၀၃၀၀ |
| ထုတ်ဝေသူ | - ဦးကျော်ဆန်း (မြ-၀၉၃၂) ရဲအောင်စာပေ၊ အမှတ် (၂)၊ ချွန်း(၁)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ | - ဦးဇော်မင်းအေး (မြ-၀၇၁၂၅) ဇော်ပုံနှိပ်တိုက် (၁၈၆)၊ အင်ကြင်းမြိုင်လမ်း (၂၃)ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်ခြင်း | - ပထမအကြိမ်၊ ၂၀၀၇ ခုနှစ်၊ မေလ။ |
| အုပ်ရေ | - ၅၀၀ အုပ် |
| တန်ဖိုး | - ၁၀၀ ကျပ် |
| ဖြန့်ချိရေး | - မိုးလပြည့်စာပေ အမှတ် (၂၂၃)၊ ၆-၄၊ ၃၁လမ်း ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ☎ - 095163764 |


BURMESE CLASSIC

## အခန်း (၁)

တန်ဆောင်မုန်းလပြည့်ည။ ဆေးပေါင်းခမယ့်ည။

တိတ်ဆိတ်အေးချမ်းနေတဲ့ လွင်ပြင်ကြီးထဲမှာ လရောင်က ရွှန်းရွှန်းမြမြသာနေတယ်။ ထိန်ထိန်သာတဲ့ လရောင်လွှမ်းထားတဲ့ သစ်ရွက်တွေရဲ့ အဖျားအနားလေးတွေမှာ ရောင်ပြန်အလင်းတွေ စွန်းပြက်နေတယ်။

ဒီနေရာဟာ ကုမ္ပဏီတစ်ခုက အပိုင်ဝယ်ထားတဲ့ မြေနေရာပါ။ မြို့တော်ရဲ့ ဆင်ခြေဖုံးရပ်ကွက်ကြီးသုံးခုစာကို ဖျက်သိမ်းပြီး နေရာအသစ်ဆီ ပြောင်းပေးပို့ထားတယ်။ ဒီနေရာက ခေတ်မီမြို့ပြတူထောင်ရေးမှာ လုပတဲ့ဂေါက်ကွင်း တည်ဆောက်ဖို့ အသင့်တော်ဆုံးနေရာပေါ့။ ဒါကြောင့် ကုမ္ပဏီက မြေကောတစ်ရာကျော်ကို ဝယ်ယူပြီး အရင်ကြိုတင် ဝန်းခတ်ထားလိုက်တယ်။ လယ်မြေ



www.burmeseclassic.com

www.burmeseclassic.com



ရိုင်းတွေရဲ့ ပါဝင်နေတဲ့ နေရာပေါ့။ ကွင်းပြင်ဆိုပေမယ့် လူတစ်ရပ်ကျော်တဲ့ ခြုံနွယ်ပိတ်ပေါင်းတွေ ပြည့်နှက်နေတယ်။ တချို့အပင်ခြောက်တွေဆို နွယ်ပင်တွေတွယ်တက်ပြီး ထိုးထိုးထောင်ထောင်နဲ့။

လသာတဲ့ညမှာ အရိပ်မည်းမည်း ရှည်ရှည်ကြီးတွေကျန်းကွကိုင်းညွတ်နေမှုကိုက မကောင်းဆိုးဝါးတွေ မြေကျွင်းထဲက ခုန်ထွက်မတ်ထောင်နေသလိုပါပဲ။ ဒီကွင်းပြင် ခြုံလွှမ်းဝန်းကြီးထဲကို အရိပ်မည်းမည်း ခြောက်ခု၊ လှုပ်လှုပ်ရွရွနဲ့ ဝင်လာနေကြတယ်။ သူတို့ထဲက တချို့လက်ထဲမှာ တစ်စုံတရာ ကိုင်ဆွဲလာကြတယ်။

ဝင်းခနဲ လင်းသွားတဲ့ ဓာတ်မီးရောင်ကြောင့် သူတို့မှာဓာတ်မီးပါလာကြတယ်။ နှစ်လက်တောင်မှ ပါလာတယ်။ ဓာတ်မီးကို ဖွင့်မထိုးဘူး။ ဖွက်ထိုးတယ်။ အလင်းအားကို အဝေးကတော်တန်ရုံ မမြင်နိုင်အောင် ဖွက်ထိုးလာတာ။ ဒီမဲမဲကြီး ခြောက်ယောက်ဟာ သူတို့ကို ဘေးလူတွေ တွေ့မြင်သွားမှာ စိုးရိမ်နေရတယ်။ သွားလာနေတဲ့ လူတွေက မြင်ဖို့အလွန်ခဲယဉ်းပါတယ်ည(၁၀)နာရီလဲ ထိုးနေပြီ။ ပလက်ဖောင်းပေါ်မှာ လူသွားလူလာ





ရှင်းနေပြီ။ ဒီလို လူပြတ်တဲ့ နေရာမျိုးကိုလဲ အသွားအလာနည်းကြတယ်။ ကုမ္ပဏီတံဆိပ်ခတ်ထားတဲ့ သံပြားကြီးတွေ ပတ်လည်ကာထားတာကြောင့် ဝင်းထဲကို လှမ်းမမြင်နိုင်ဘူး။ ပြီးတော့ ကိုက်(၅၀၀)လောက် ဝေးတယ်။

ဒီမဲမဲကြီး ခြောက်ယောက်အနေနဲ့ လုံခြုံရေးအစောင့်တွေ လှမ်းမြင်မှာကို မလိုလားဘူး။ ဘေးလူမြင်မှာထက် လုံခြုံရေးအစောင့်တွေ လှမ်းမြင်မှာကို စိုးရိမ်နေကြတယ်။ အမှန်တော့ လူတစ်ရပ်စာမြင့်တဲ့ ခြုံနွယ်တွေကြောင့် လှမ်းမြင်ဖို့ မလွယ်ပါဘူး။

လုံခြုံရေးအစောင့်တွေကလဲ ဟိုဘက်ဝင်ပေါက်မှာ တစ်ယောက် ဒီဘက်ဝင်ပေါက်မှာ တစ်ယောက် ပေါင်းနှစ်ယောက်ပဲ ရှိကြတာ။ ဝင်းထဲမှာ ပျောက်ရှစရာ ဘာမှမရှိဘူး။ ဝင်းထရဲ့ သွပ်တွေ ခွာယူမသွားဖို့ကိုပဲ စောင့်နေရတဲ့ သဘော ဖြစ်နေတယ်။

ကုမ္ပဏီက ဒီပရောဂျက်ကြီးကို ဝင်းခတ်ထားရုံပဲ ရှိသေးတယ်။ သစ်ပင်ခြုံနွယ်တွေ ခုတ်ထွင်ပြီး မြေပြင်မြေပြန့်ဖြစ်အောင် အဆင့်ရောက်အောင်တောင် မရှင်းရသေးဘူး။ မြွေတွေကင်းတွေ



www.burmeseclassic.com

www.burmeseclassic.com



ကိုက်ခံရမှာစိုးလို့ ဘယ်သူမှလဲ ဒီခြုံထဲကို လာမတိုးပါဘူး။

မဲမဲကြီး ခြောက်ယောက်သား ကွင်းအလယ်က ကျတ်တီးကုန်းမြင့်လေး ရောက်အောင် တရွေ့ရွေ့နဲ့ တိုးကပ်လာတယ်။ ကျတ်တီးကုန်းမြင့်လေးက လေတဟူးဟူးနဲ့ အလွန် နေလို့ကောင်းမယ့်နေရာလေးပေါ့။

ကျတ်တီးကုန်းမြင့်လေးပေါ် ရောက်တာနဲ့ မဲမဲကြီး ခြောက်ကောင်လုံး ခြေပစ်လက်ပစ် အနားယူလိုက်ကြတယ်။

"တော်သေးတာပေါ့ဟယ်. . . ငါ့မှာ ဘုရားတမြီးလိုက်လာရတာ. . . . မြွေမကြောက် ကင်းမကြောက် ဒီလိုနေရာကိုမှ နှင်တို့မို့လို့ ရွေးတတ်ပလေတယ်"

"ရွေးတတ်မှ ကောင်းတာရမှာပေါ့ မြလေးရဲ့ရယ်. . . . ဒီနေရာက ဆိတ်ငြိမ်တယ်. . အေးချမ်းတယ်. . အနှောင့်အယှက်ကင်းတယ် ငါတို့ လွတ်လွတ်လပ်လပ် ပျော်ပျော်ရွှင်ရွှင် နေထိုင်စားသောက်ပြီး စကားပြောနိုင်တယ်. . ဒီလိုနေရာမျိုးကိုပဲ ချစ်သူစုံတွဲတွေ လိုအပ်နေကြတာ မဟုတ်လား"

"ဇော်တေဇတို့ကတော့ အပြောကတော့ ရွှေမန်းတင်မောင်. . . အကာကတော့ ရွှေပန်းဖင်ထောင်ပဲ. . . ငါတော့ သရဲကြောက်တယ်. . . . သူရိန်နဲ့ကို ချစ်လွန်းလို့သာ အရဲကိုးပြီး လိုက်လာရတာ ကြက်သီးတွေသိပ်ထတာပဲ. . . ရှစ်ထပ်တိုက်ခေါင်မိုးပေါ်မှာဆို လရောင်ပျော်ပွဲစားထွက်ဖို့ ဘယ်လောက်အိုကေမလဲ ခုတော့ ဒီနေရာကြီး ခေါ်လာရတယ်လို့"

"မွှေးမွှေးပြောတာ ဟုတ်တယ်၊ အရှစောင့်တွေမိသွားရင် ပြဿနာတက်ပြီး ရှင်းရလင်းရဦးမယ်. . . ဝေယံကလေ ငါပြောတာကို တလွဲဆံပင်ကောင်းနေတယ် သိလား. . . ငါက စွန့်စားရတာ ဝါသနာပါတယ်လို့ ပြောတာ. . . သူက ဒီလိုနေရာကို စွန့်စားပြီး လာခိုင်းကယ. . . .

. . . ငါပြောတဲ့ စွန့်စားတယ်ဆိုတာ ဘုရား ဆွမ်းတော်တင်ထားတာကို စွန့်ပြီးစားရတဲ့ စွန့်စားရတာမျိုးဟာ အဲဒါမျိုးကို ဝါသနာပါတယ်လို့ ပြောတာ"

ပိုင်းရယ်ကုန်ကြတယ်။ နိုင်နိုင်နိုင် ပြောလိုက်တဲ့စကားက ဟာသဖြစ်နေတာကိုး။ ဇော်တေဇ၊ ဝေယံအောင်၊ သူရိန်စိုးတို့ ယောကျာ်းလေး သူငယ်ချင်းသုံးယောက်နဲ့ မြလေးရဲ့ မွှေးမွှေးမြ နိုင်နိုင်နိုင် ဆိုတဲ့ မိန်းကလေးသူငယ်ချင်း သုံးယောက်တို့မှာ ကျောင်းသူကျောင်းသားအချင်းချင်း ခင်မင်ရင်းနှီးရာက နှံ့တွဲတွေ

www.burmeseclassic.com



ဖြစ်လာကြကုန်တယ်။

ဖော်တေဖန့် မြလေးရုံ၊

ဝေယံအောင်နဲ့ နိုင်နိုင်နိုင်။

သူရိန်စိုးနဲ့ မွေးမွေးမြ။

အဲ့ဒီလို သုံးစုံတွဲစလုံးဟာ ဒုတိယနှစ်ကျောင်းသူကျောင်းသားတွေပေါ့။ အားလုံး နယ်ကလာပြီး အဆောင်မှာ နေကြတဲ့သူတွေ။ ကျောင်းပိတ်ရက်မှာ အိမ်မပြန်ပဲ စုံတွဲသုံးတွဲစလုံး ပျော်ပါးလွတ်လပ်နေဖြစ်ကြတယ်။ ချစ်သူတို့ ဘာသာဘာဝ စကားပြောစရာတွေက မကုန်မခန်းနိုင်။ အကြင်နာ၊ အပြုအစု၊ အယုအယတွေက တနပ်တမော ရပေမယ့်လည်း ဝလည်းမဝနိုင်။ ယနုလည်း. . .

လရောင်ပျော်ပွဲစား ထွက်လာဖြစ်ကြတာလေ။ ကျတ်တီးကုန်းမြင့်လေးပေါ်က မြေပြန့်လေး တနေရာမှာ အခင်းခင်းပြီး စားသောက်ဖွယ်ရာတွေကို ကျောင်းသူတွေက ခင်းကျင်းပြင်ဆင်လိုက်တယ်။

ရေခဲဘောက်စ် ပါမလာတဲ့ သူရိန်နဲ့ ဝေယံက ရေခဲဗူးကိုဖွင့်ပြီး အထဲက အချိုရည်ဗူးတွေ ထုတ်လိုက်ကြ





တယ်။ ခြောက်ယောက်စလုံး နယ်ဒေသမှာ စီးပွားရေးတောင့်တင်းတဲ့မိဘတွေက မွေးဖွားလာတာမို့ သုံးနိုင်ဖြုန်းနိုင်ကြတယ်။

ကိတ်မျိုးစုံနဲ့ ကော်ဖီဗူး၊ သပြေသီး၊ စပျစ်သီး၊ လိမ္မော်သီး၊ ပန်းသီး၊ ဗီးပန်းသီးကို ပလတ်စတစ်ပန်းကန်ထဲမှာ ထည့်ထားတယ်။ အသားကင်မျိုးစုံက တစ်ပန်းကန်။ အသားလုံးကြော်၊ ကြက်ခြောက်ကြော်၊ ပီဇာမုန့်(လှီးဖြတ်ထားတာ) ဟမ်ဘာဂါ၊ ပုသိမ်ဟာလဝါ အပြင် ထောပတ်ဘိန်းမုန့်တောင် ပါလိုက်သေးတယ်။

လရော^ပျော်ပွဲစားထွက်ဖို့ မနေ့ကတည်းက ကြိုတင်အားခဲပြင်ဆင်ပြီး ဗူးတွေ ဖာတွေ ခြင်းတွေနဲ့ သယ်ယူလာခဲ့ကြတယ်။ အပူကြိုက်ရင် အပူ၊ အအေး ကြိုက်ရင် အအေး။ သစ်သီးကြိုက်ရင် သစ်သီး၊ အသားကြိုက်ရင် အသား၊ ဂျုံကြိုက်ရင် ဟမ်ဘာဂါ၊ ပေါ့ဒေါ့ ရှိတယ်။ ဆန်ကြိုက်ရင် ဒန်ပေါက်ပါလာတယ်။

လရောင်က နေ့ခင်းအလား ထိန်ထိန်ငြီးငြီးကြီးကို သာယာနေတယ်။ လရောင်မှာ အပူမရှိဘူး။ အေးမြနေတယ်။ မြင်လေရာ ငြိမ်းအေးတဲ့ အမြင်ဓာတ်ကို ရစေတယ်။ တံလျှပ်ရောင်



www.burmeseclassic.com

www.burmeseclassic.com



ပြန့်ဟပ်နေတဲ့ အပူဓာတ်မျိုး မရှိဘူး။ လေတဖြူးဖြူး ဆော်သွေးနေတဲ့ တောင်ကုန်းကလေးကနေ လှမ်းကြည့်လိုက်ရင် အဝေးက မြို့ပြမီးရောင်တွေကို လှမ်းမြင်နေရတယ်။

ဒီလို သာယာလှပပြီး အနှောင့်အယှက် ကင်းရှင်းတဲ့နေရာမှာ အစားအစာ အပြည့်အစုံနဲ့ ချစ်သူလေး အနားမှာရှိနေတာ လောကစည်းစိမ်ပါပဲ။

တခြားနေရာတွေမှာ ကျင်းပရင် အဆောင်က သူငယ်ချင်းတွေ လိုက်နှောင့်ယှက်တာကို တနည်းနည်းနဲ့ ခံရဦးမယ်။ လောကစည်းစိမ်လေး ပျက်စီးသွားလို့ သူငယ်ချင်းတွေကို ပြောဆိုမိရင် စိတ်ဆတ်တဲ့သူနဲ့ တိုးလို့ နေရင်းထိုင်ရင်း အမုန်းပွားခံရဦးမယ်။

ဒီနေရာမှာ လုပ်လိုက်တော့ ဘယ်သူမှ မသိလို့ ဘယ်သူမှ မလာရဲကြတော့ဘူးပေါ့။

သူရိန်ရဲ့ ဦးလေး နေတဲ့ရှစ်ထပ်တိုက် အမိုးပေါ်မှာ တက်လုပ်ရင်လည်း ပတ်ဝန်းကျင် လူနေတိုက်ခန်းတွေကို အားနာရဦးမယ်။ ဒီမှာတော့ လွတ်လွတ်လပ်လပ်နေစမ်း။ ချောင်းကြည့်မယ့်လူလည်း မရှိဘူး။ ကိုယ့်အတွဲနဲ့ ကိုယ်ပဲမို့ ဖိမ့်တကာစိမ်ပါ





ပဲ။

"အသဲလေးရေ"

"ဘာတုန်း"

"ရော့. . . ကြက်အဆီပူးလေးစား"

"အင့်. . . ဟော့ဒေါ့ကြီး ရှင့်ပါးစပ်ထဲ သွပ်ထား"

ဝေယံအောင်နဲ့ ခိုင်ခိုင်နိုင်တို့ စုံတွဲ အဖြစ်သဲနေကြတာကို ကြည့်ပြီး သူရိန်စိုးနဲ့ မွှေးမွှေးမြကြ. . .

"အာပူဂျီး" (ကိုရီးယားလို 'အဖေ' လို့ ခေါ်သံ)

"ယာဘော့" (ကိုရီးယားလို 'မိန်းမ' လို့ ခေါ်သံ)

"ဆာတေးစား ရှေ့သို့နဲ့ လုပ်ထားတာလေးရယ် ငါးပေတံရယ်. . ငါးဆာလာမီရယ်. . အင့်. . "

"စားမယ်. . ရော့. . အချစ်လေးက ဟမ်ဘာဂါစား. . ဖြုထား အားရပါးရဖြဲထား. . ဟမ်ဘာဂါဆိုတာ. . . အားရပါးရ ကိုက်စားမှ အရသာရှိတာ"

"ကိုကာဆူကီ သောက်ချင်တယ်"

"ဒီလောက် အစားစုံနေတာတောင် မရနိုင်တာကို ပေါ်မှ တသေးတယ်။ မီးဖိုတွေ ပင်လယ်စာနဲ့ ဟင်းသီးဟင်းရွက်တွေ

www.burmeseclassic.com

www.burmeseclassic.com



အိုးတွေ ဒီနေရာကို ဘယ်လိုလုပ် သယ်လာမလဲ အချစ်လေးရဲ့''

''စိတ်ထဲကနေ ဆူကီသောက်တယ်လို့ မှတ်လိုက်မယ်လေ''

''ဒါဆိုရင်တော့ ဖြစ်တာပေါ့...ဆူရှီဂျပန်ထမင်းဆုပ်ကော စားချင်သေးလား။ ဒံပေါက်ကို ကြက်သားဖတ်နဲ့လုံးပြီး အဖြစ်လုပ်ပေးမယ်လေ''

''ဟင် သူ့လက်ကြီးက သန့်လဲ မသန့်ပဲနဲ့''

''ပြောတော့ ချစ်လေးက မောင့်ကို ချစ်တယ်ဆို မရွံရဘူးလေ''

''ချစ်တာချစ်တာပဲ...ရွံတာရွံတာပဲ....ပြောရင်းနဲ့တောင် ...ဝေါ့''

''လေမလည်နဲ့လေ''

''ပျို့အန်တာရှင့်...ဘယ်မှာလေလည်လို့လဲ''

''မသိပါဘူး နားကြားလွဲသွားလို့...ဆောရီးအင်ဖနက်တီကွာ''

စုံတွဲ(၂)တွဲက အချစ်နလန်ထနေကြတာကို ကြည့်ပြီး ဇော်တေဇကလည်း မရိုးမရွ ဖြစ်လာတယ်။ မြလေးရုံက အနေ





တည်တဲ့သူဆိုတော့ ပြောရမှာ ရှက်တက်တက်ဖြစ်နေတယ်။ ဒါနဲ့ပဲ...

''မြလေး...ဘာသောက်မလဲ''

''ဆန်းကာစ်လိမ္မော်''

လိမ္မော်တစ်ဗူးဖောက်ပြီး ကမ်းပေးလိုက်တယ်။ မြလေးက လှမ်းယူပြီး တစ်ငုံ သောက်တယ်။ ဇော်တေဇက...

''မြလေး...ဘာစားမလဲ''

''သတ်သတ်လွတ်စားနေတာ...ပန်းသီးပဲစားမယ်''

''ခွာပေးရမလားဟင်''

''ဒီအတိုင်း ကိုက်စားရတာကို ပိုကြိုက်ပါတယ်''

''မောင် ခွံ့ကျွေးမယ်''

''မိုင်မပိုနဲ့''

''သူများတွေ ကြင်နာနေကြတာပဲ''

''ရှင်လဲ ကြင်နာချင်ရင် ခေါက်လိုက်တာ သွားခံလိုက်''

''မင်းက အဲ့ဒီလို စိမ်းစိမ်းကားကား ပြောတော့ မောင် ရင်နာတယ်ကွာ''

''ရှင် ရင်နာတာ မှောက်အိပ်ခဲ့လို့နေမှာပေါ့''



www.burmeseclassic.com

www.burmeseclassic.com



"မင်းနဲ့ချစ်ရတာ ခိုးလိုးခုလုကြီး၊ သူများတွေများ ပြုစုယုယနေလိုက်ကြတာ. . . မင်းကျတော့ကိုယ့်ကို. . ."

"ကျွန်မက သူနာပြုမှမဟုတ်တာ"

"ခက်တယ် မြလေးရယ်. . . ကဲ မင်းကြိုက်သလိုသာနေတော့"

ဖော်တေဇတို့စုံတွဲ အဆင်မပြေဖြစ်နေတာကို ကျန်တဲ့ စုံတွဲနှစ်တွဲက ကြိတ်ဟားနေကြတယ်၊ ဟုတ်တယ်လေ. . . သူတို့ စုံတွဲနှစ်တွဲက တစ်ယောက်နဲ့တစ်ယောက် ကျောချင်းကပ်မှီတဲ့ သူနဲ့ ဖက်ပွေ့ထားပြီး နွဲ့ကျွေးနေကြတဲ့သူနဲ့ အဆင်ကိုပြေလို့၊

ဖော်တေဇနဲ့ မြလေးရုံတို့က တစ်ယေအကွာမှာ စည်းတားပြီး ထိုင်နေရသလိုပင်၊ ဖော်တေဇက အနားကပ်လေ၊ မြလေးရုံက ဟိုဘက်ကို တိုးရွှေ့သွားလေလေ၊ ဖော်တေဇက ပိတ်ကြိမ်းလိုက်တယ်။

"ဒီလောက် အထာကိုင်တဲ့မိန်းမ၊ လက်ထပ်ပြီးတော့မှ တွေ့မယ်"

သူ့ရှိန်က. . .

"ဘာလဲ ဖော်တေဇ တရုတ်နဲ့ အိန္ဒိယ လူဦးရေ အမှီ





လိုက်ပစ်မယ်လို့ ကြိမ်းတာလား. . . ဗိုက်ကို ဖော်တပ်ထားနေရဦးမယ်. . . ငါအဲဒါကြောင့် သားဖွားမီးယပ်ဆရာဝန် မလုပ်ချင်တာ၊ ဗိုက်ခွဲမွေးတဲ့လူနာကို တောက်လျှောက်ချုပ်မိကုန်မှာစိုးလို့"

စုံတွဲသုံးတွဲစလုံး လရောင်သန်းခေါင်ယံ ရောက်ချိန်ကို စောင့်ဆိုင်းရင်း ရယ်ပွဲဖွဲ့နေမိကြတယ်။ အဲ့ဒီအချိန်မှာပဲ ကျတ်တီးကုန်း ဆင်ခြေလျှောက ချုံပုတ်တွေ သိသိသာသာ လှုပ်သွားတယ်။ ပထမတော့ လေတိုးလို့လှုပ်တာပဲ ထင်နေကြတာပေါ့။ နောက်တော့ တစ်ကောင်ကောင် ဝင်တိုးသလိုကို သိသိသာသာကြီး လှုပ်ပြလာတယ်။ ဝေယံက ဓာတ်မီးနဲ့ လှမ်းထိုးကြည့်လိုက်တော့. . .

"အမလေး"

သရဲကြောက်တတ်တဲ့ နိုင်နိုင်နိုင်က အရင်လန့်ပြီး ထအော်တယ်။ ဓာတ်မီးနဲ့ ထိုးကြည့်လိုက်မှ ချုံထဲမှာ မျက်လုံး စိမ်းစိမ်းကြီး တစ်စုံကို ပြူးနေအောင် လှမ်းတွေ့လိုက်ရတာကိုး။

ဝေယံက. . . "မကြောက်ပါနဲ့ဟ တောကြောင်လား. . . ရှဉ့်လား ယုန်လား တစ်ခုခုပါဟာ. . . သရဲမဟုတ်ပါဘူး"

သူ့ရှိန်က မြေကျစ်ခဲနဲ့ ချုံပုတ်ထဲကို လှမ်းပေါက်လိုက်

www.burmeseclassic.com

www.burmeseclassic.com



တော့ 'ဖရော' ခနဲ ထွက်ပြေးသွားသံ ကြားလိုက်ရပြီး မျက်လုံး စိမ်းစိမ်းကြီး ပျောက်ကွယ်သွားတယ်။

"ဟင်းအင်း. . အင်းဟင်း. . ဟင်းအင်း. . အင်းဟင်း"

"ဟဲ့. . . ဘာသံကြီးလဲ"

"ညည်းတွားသံကြီးဟ"

"အေးဟယ် လူမမာညည်းတွားသံကြီး. . . အမလေး သရဲနဲ့တူတယ်. . . ကြောက်တယ် အမေရေ့ ကယ်ကြပါဦး"

အာဂသတ္တိခဲ မွှေးမွှေးမြက ဝိုင်းအလယ်ကို အတင်းတိုး ဝင်လာတယ်။ နိုင်နိုင်နိုင် ပိုကြောက်ရာပြီပေါ့။ ဆတ်ဆတ်တုန် ပြီး မွှေးမွှေးမြကို အတင်းဖက်ထားတယ်။ မြမပေးရဲ့ဂတော့ သွေးမကြောင်သေးဘူး။ ဇော်တေဇက ဓာတ်မီးကို လက်နဲ့အသာ အုပ်ပြီး ဟိုဟိုဒီဒီ လိုက်ထိုးကြည့်တယ်။ နောက်တော့ လက်ဖယ် ပြီး လိုက်ထိုးကြည့်တယ်။

"ညည်းတွားသံကြီး ပျောက်သွားပြန်ပြီကွ"

သူရိန်က ပြန်ပြောလိုက်ခြင်းပင်။ ဝေယံက–

"အေးကွာ. . . ဘာဖြစ်တာလဲ မသိဘူး. . . ပီပီသသကြီး ကို ကြားလိုက်ရတာ. . . ကေန္တ ဒီနားမှာ သူနိုးတွေဘာတွေများ





လာဝပ်ပုန်းနေသလား မသိဘူး သိတိတော့ထားပေ့"

ဇော်တေဇက

"ထိုင်မနေနဲ့လေ၊ ဘာမှန်းသိရအောင် လိုက်ရှာကြည့် ကြမယ်. . . သူရိန်က ဟိုဘက်ကသွား၊ ဝေယံက အနောက်ဘက် ချုံထဲဆင်းကြည့်၊ ငါက တောင်ဖက်ချုံထဲ လိုက်ဖြကြည့်မယ် . . . မြန်မြန်ရှာကွာ"

"ဓာတ်မီးက (၂)လက်ထဲ ပါလာတာ ဘယ်လိုလုပ်မလဲ"

"မင်းတို့နှစ်ယောက် တစ်ယောက်တစ်လက်စီယူသွား၊ ငါ့မှာ ဂက်စ်မီးခြစ်ပါတယ်၊လိုအပ်ရင် မီးခြစ်ထွန်းကြည့်လို့ရတယ်"

မြလေးရဲ့က –

"ကျွန်မတို့က ဒီမှာပဲထိုင်နေရမှာလား"

"ထိုင်နေ မြလေး ကိုယ်တို့ရှိတယ်၊ ဘာမှမကြောက်နဲ့၊ ဘာမှ အားမငယ်နဲ့၊ အဆောင်ကကောင်တွေများ ကိုယ်တို့ နိုး ကော်လာတာသိလို့ နောက်ယောင်ခံလိုက်လာပြီး တမင်လိုက် ခြောက်ပြောင်နေတာလား မသိဘူး၊ခဏလေးနော် အသံငြိမ်နေ"

ယောက်ျားလေးသုံးယောက် သုံးနေရာခွဲပြီးကျတ်တီး ပေါ်က ဆင်းချသွားတယ်. . . နေ့ခင်းလိုလင်းနေတဲ့ လရောင်



www.burmeseclassic.com

www.burmeseclassic.com



အောက်မှာ ဓာတ်မီးထိုးစရာ မလိုအပ်ပါဘူး။ အမှောင်ရိပ်ကျတဲ့ ခြုံထဲကိုတော့ ဓာတ်မီးနဲ့ ထိုးကြည့်ရတယ်။

"တောက်"

"တောက်"

"တောက်"

"အီး ဟီး ဟီး ဟီး ဟီး ဟီး"

အသံတွေက ကျတ်တီးကုန်ရဲ့ မြောက်ဖက်ထဲက ထွက်ပေါ်လာပြန်တယ်။ မိန်းကလေးသုံးယောက်ဆိုတာ နေစရာမရှိအောင် ကြောက်လန့်ကုန်ကြတာပေါ့။ မိန်းခလေးသုံးယောက်ထဲမှာ သွေးကြောင်ခဲလှတဲ့ မြသွေးရုံတောင် ပါးစပ်က ဘုရားစာ ရွတ်နေရပြီလေ။

"အဲ့ဒါ ဘာသံကြီးလဲဟင်"

တုန်တုန်အက်အက် အသံနဲ့ မွှေးမွှေးကမေးတော့ နိုင်နိုင်နိုင်က တိုးတိမ်နစ်ဝင်နေတဲ့ အကြောက်လွန်လေသံနဲ့...

"သ့တ်...သ...သရဲ...သရဲပဲနေမှာ...ပေါ့...လူက ဒီအချိန်ကြီး...ဒီ...အထဲကို...ဘယ်လိုလုပ်ပြီး...လာ...လာမှာလဲလို့"





မြလေးရုံက နိုင်နိုင်နိုင်ရဲ့ ပါးစပ်ကို လက်နဲ့ လှမ်းပိတ်...

"အသာငြိမ်ငြိမ်လေးနေ့...အဖြေပေါ်လာလိမ့်မယ်"

"တောက်"

"တောက်"

"တောက်"

တက်ခေါက်သံကြီး ပေါ်လာပြန်တယ်။ သုံးကြိမ်သုံးခါ တိ။ ပြီးတော့...

"အီးဟီး...ဟီးဟီး...ဟီးဟီး"

"ဝပ်ထရိမ်း...ဝပ်ထရိမ်း...ညွှန့်...ညွှန့်"

"အမလေး ဘာအော်သံတွေလဲ"

"မကြောက်ပါနဲ့ အလန့်လွန်ရင် လိပ်ပြာလွင့်သေတတ် ယ် မွှေးနဲ့ နိုင်ရဲ့...စိတ်ထိန်းအားတင်းစမ်းပါ...ဖော်တေဖ ယ် သူရိန်ရယ် ဝေယံရယ် ယောကျာ်းလေးသုံးယောက်တောင် တယ်"

မြလေးရုံရဲ့စကားအဆုံးမှာ သူရိန့်အသံ ပေါ်လာတယ်။

"ဖော်တေဖနဲ့ ဝေယံ မြောက်ဘက်ကိုလာခဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဝေယံရဲ့အသံ ပေါ်လာပြန်တယ်။

"မြောက်အရပ်က ဘယ်ဘက်မှာလဲကွ . . . ငါ လမ်းပျောက်နေလို့"

"အေ . . ရှုံကြယ်ရှိတဲ့အရပ်ဟာ မြောက်အရပ်ပေါ့ကွ"

"အဲ့ဒီရှုံကြယ်ဆိုတာ ဘယ်ကြယ်ကိုပြောတာလဲ"

"တောက် . . . သူငယ်တန်းတုန်းက ပတ်ဝန်းကျင်လေ့လာရေး ဘာသာကို ဘယ်လိုအောင်သလဲ မသိဘူး . . . ဆရာမကို ထမီအကောင်းစား ဝယ်ပေးလို့ အောင်လာတယ်နဲ့ တူတယ် အထွေထွေဗဟုသုတ ဘာမှမရှိဘူး။ မှတ်ထားဟေ့ ရှုံကြယ်ဆိုတာ ကြယ်တွေထဲမှာ အလင်းဆုံးကြယ်ပဲ"

"ခုနစ်စင်ကြယ်ပဲ တွေ့တယ်ကွ"

"အေး . ငါလဲ မောင်ရင်ဆိုင်းထမ်းကြယ်ပဲ တွေ့တယ်"

"အဲ့,တဲ့ကောင် အဖေခေါ်ကြေးကွာ . . . ငါ့အသံကြားတဲ့ဘက်ကို အဖေလို့ခေါ်ပြီး လာခဲ့ကြ"

"အေး . . ခေါ်မယ် သားရေ . . အောင်နက်ရေ . . . အဖေတို့နှစ်ယောက် လမ်းပျောက်နေလို့ အသံလေးဘာလေး ပြန်ပေးပါဟေ့"





"ဒီကောင်တွေတော့ကွာ မင်းတို့လုပ်တာနဲ့ ဒီမှာ တရားခံလွတ်သွားတော့မယ် . . . နောက်မနေနဲ့ မြန်မြန်လာကွ"

သူတို့သုံးယောက် ကျတ်တီးကုန်း မြောက်ဘက်က ခြုံပုတ်မှာ သွားဆုံမိတော့ ဖော်တေဇကာ . . .

"ဘယ်မှာလဲ သရဲ"

သူရိန်က . . .

"ဟော့ဒီတောင်ပို့ကြီးထဲက အသံထွက်နေတာကွ . . . စောင့်နားထောင်ကြည့်လိုက်"

သူတို့သုံးယောက် တောင်ပို့ကြီးကို အသေအချာကြည့်နေမိတယ်။ သိပ်မကြာပါဘူး။

"တောက်"

"အောင်မလေး"

"တောက်"

"တောင်ပို့ကြီးက တက်ခေါက်တယ်"

"တောက်"

"သရဲ . . . ဒါသရဲခြောက်တာ"

ဝေယံက အတင်းပြန်လှည့်ပြေးမယ် လုပ်နေတုန်း ဖော်

မိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



တေဇက မနည်းဖမ်းဆွဲထားရတယ်။

"အီးဟီး ဟီးဟီး ဟီးဟီး"

အဲ့ဒီလို ညည်းတွားသံကြီးကိုလဲ ကြားလိုက်ရော နှစ်ကောင်သား ဖနောင့်နဲ့ တင်ပါး တစ်သားတည်းကြဲအောင် ထွက်ပြေးတော့တာပါပဲ။ ပြေးတဲ့နှစ်ကောင်က ဝေယံနဲ့ သူရိန်။ ဇော်တေဇက ဝေယံ အကြောက်လွန်ပြီး လိပ်ပြာလွင့်သွားမှာစိုးလို့ လွှတ်ပေးလိုက်တယ်။

ကျတ်တီးကုန်းပေါ်မှာ လူငါးယောက်ရဲ့ သွေးပျက်ခြောက်ချားကြောက်လန့်သံတွေ ပွက်ညံသွားတယ်။ ဇော်တေဇက တောင်ပို့ကြီးရဲ့ တွင်းပေါက်ကို အသေအချာ ကြည့်နေတယ်။ တွင်းထဲကနေ ထပ်မံထွက်ပေါ်လာတဲ့ အသံတွေက

"ဝပ်ထရိမ်း ဝပ်ထရိမ်း...ညွှန့်...ညွှန့်"

နွားအော်သံနဲ့ ကျွဲအော်သံ၊ နွားမှုတ်၊ ခွာယက်သံ။

ဇော်တေဇ သဘောပေါက်သွားပြီး တဟားဟားနဲ့ အော်ရယ်လိုက်တယ်။ ဇော်တေဇရဲ့ ရယ်သံကို ကုန်းပေါ်က ငါးယောက် ကြားသွားပြီး ဘုရားစာတွေ ခုန်ကျော်ပေါက်ကျော်နဲ့ ကြောက်လန့်တကြား ရွတ်ဖတ်သရဇ္ဈာယ်နေကြလေရဲ့။





တဟားဟား အော်ရယ်ပြီး ကျတ်တီးကုန်းပေါ် ပြန်တက်လာတဲ့ ဇော်တေဇကို ကျန်တဲ့ငါးယောက်က အထူးအဆန်းနဲ့ လှမ်းကြည့်ပြီး ဝေယံက–

"ဒီ...ဒီကောင့်ကို သ...သရဲကပ်လာတယ်...သရဲပူးလာတယ်...ဒီကောင် လူစိတ်ပျောက်နေပြီ"

အဲ့ဒီလို ပြောလိုက်တော့ ကျန်တဲ့လေးယောက်လည်း နေစရာမရှိတော့ဘူးပေါ့။

ဇော်တေဇက–

"ဘာသရဲမှ ငါ့ကို မပူးဘူး...မင်းတို့တတွေ ကြဲဖန်ကြောက်တတ်နေလို့ ရယ်ချင်မိတာပါ...အဲ့ဒီအသံတွေက သရဲခြောက်တဲ့အသံတွေ မဟုတ်ဘူးကွ...သင်းခွေချပ်ရဲ့ အော်သံ...သင်းခွေချပ်တွေက လူသံကို လိုက်တုပပြီး စကားပြောတတ်တယ်...

...အရင်တုန်းက ဒီနေရာက ကုန်းတက်ဖြစ်လိမ့်မယ်၊ ဒီကုန်းရဲ့အောက်မှာ သင်းခွေချပ်က တွင်းအောင်းနေတော့ ဒီကုန်းတက်လမ်းပေါ် လူတွေ နွားမောင်းသွားသံ တောက်. ဟဲ့နွား ဆိုတာမျိုးတွေ နွားအော်သံ၊ ကျွဲအော်သံ၊ အီးဟီးဟီးဟီး



www.burmeseclassic.com

www.burmeseclassic.com



နဲ့ မြင်းဟီးသံမျိုးစုံကို သင်းခွေချပ်က ကြားပြီး လိုက်တုပပြော နေတာ. . . နှစ်ကြာလာတဲ့အထိ အဲ့ဒီအသံကို စွဲမြဲပြောလာတာ ပေါ့ကွာ''

''သင်းခွေချပ်ဆိုတာ တောထဲတောင်ထဲမှာ နေတတ်တဲ့ အကောင်ပါ ဖော်တေဇရာ. . . ဒီလိုနေရာမှာ ဘယ်လိုလုပ်ပြီး ရှိနိုင်မှာလဲ မဖြစ်နိုင်တာ''

''ဒီနေရာဟာ အစက တောကြီးမျက်မည်း ဖြစ်ခဲ့တာ ပဲ. . . နောက်တော့ လူတွေ ခုတ်ထွင်ရှင်းလင်းပြီး လယ်မြေချဲ့ ထွင်ခဲ့လို့ တောပြုန်းပြီး မြေတွင်းအောင်းကောင်တွေ ကျန်နေခဲ့ တာပေါ့. . . ဒါကြောင့် မြို့သစ်ခြံပုတ်တွေမှာ ရှဉ့်တွေ၊ ပဒတ်တွေ၊ တောကြောင်နဲ့ ယုန်တွေ ကျန်ရစ်ခဲ့ကြတာပေါ့. . . နှစ်ချို့မြွေကြီး တွေရှိသလို နှစ်ချို့ သင်းခွေချပ်ကြီး ဒီတောင်ပို့ထဲမှာ ခိုအောင်း ပြီး အသံပေးနေတာကွ. . . မယုံရင် တောင်ပို့ကိုဖြိုကြည့် တွေ့ရ လိမ့်မယ်''

''တောင်ပို့တွေ ဘာတွေ မဖြိုကောင်းဘူးကွ. . တို့မြန်မာ အယူအရဆိုရင် နိုက်တတ်တယ် ထားလိုက်ပါကွာ မင်းပြောသလို ဆို သင်းခွေချပ်ပေါ့. . . ဟူး တော်သေးတာပေါ့ကွာ သရဲမှတ်နေ





တာ သရဲမဟုတ်ရင် ပြီးတာပဲ. . . သူ့ဘာသူ သင်းခွေချပ်မကလို့ ဝက်ဝံ၊ လူဝံကြီးပဲဖြစ်ဖြစ် ငါတို့ ဂရုမစိုက်တော့ဘူး''

သူရိန်က အဲ့ဒီလို ပြောလိုက်တော့ ဝေယံကပါ

''ဟုတ်တယ် နင်တို့မိန်းကလေးတွေ ဘာမှမကြောက်နဲ့ တော့ အဖြေပေါ်သွားပြီ. . . ငါတို့ဘာသာ ပျော်ပျော်ပါးပါး ပြန်နေ ရအောင်. . . လာဟေ့ ပြန်ဝိုင်းထိုင်ကြမယ်''

''ဟင့်အင်းဟာ ငါတို့ပြန်ချင်တယ် ပြန်မယ်ဟာ''

နိုင်နိုင်နိုင်က စ,ပြောလာတယ်။ မွှေးမွှေးက–

''အေးဟယ် ပြန်ကြရအောင်ပါ. . . ကြောက်ရလွန်းတာ နဲ့ ဘယ်လိုပျော်ရမယ်မှန်းတောင် မသိတော့ဘူး. . . မပျော်ချင် တော့ဘူး. . အဆောင်က နိုးထွက်လာရတာ ပြင်ပဆောင်ဆိုပေမယ့် စည်းကမ်းကြီးတယ်ဟ''

မွှေးမွှေးကပါ မနေလိုတော့တဲ့စကားကို ပြောလာလေပြီ။

မြလေးရုံက–

''တကူးတကကြီး လာပြီးမှဟယ်. . အေးလေ. . လရောင် ပျော်ပွဲစား ထွက်လာတာကို ဖျက်သိမ်းလိုက်ကြတာပေါ့''

ဝေယံက–



www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒါပဲ ကောင်းလိမ့်မယ်ထင်တယ်"

သူရိန်က –

"တောက်. . . ကြဲဖန်ပြီး အနှောင့်အယှက် ဝင်ရတယ်လို့ကွာ. . . ဒီသင်းခွေချပ်ကလဲ. . . တောက်"

ဇော်တေဇက ဘာမှမပြောဘူး။ ခပ်လှမ်းလှမ်း သစ်ပင်ချုံနွယ်တွေကြားက လေနဲ့လွင့်သလို လျှောက်လာတဲ့ လူတစ်ယောက်ကို လှမ်းတွေ့လိုက်ရလို့ အံ့သြမှင်သက်ပြီး လှမ်းကြည့်နေမိတယ်။ လူရိပ်က အဝတ်အစား အဖြူရောင် ဝတ်ထားတယ် လရောင်ထဲမှာ ဖွေးဖွေးကြီး ရွေ့လာနေသလိုပဲ။

ဇော်တေဇ ကြက်သီးဖြန်းဖြန်း ထသွားမိတယ်။ ခေါင်းနပန်းလည်း ကြီးထွက်သွားတယ်။

"ဟို. . . ဟိုမှာ"

"အဖြူကြီး"

"ဟင်"

"ဟယ်"

"အိုး"

"အမလေး. . . သရဲ. . . သရဲ ဆံပင်ဖားလျားကြီးနဲ့"





သူတို့ (၆)ယောက်လုံး ချောက်ချားသွေးပျက်ကုန်ကြတယ်။ ဟုတ်တယ်လေ ကျွတ်တီးကုန်းပေါ်ကို တရွေ့ရွေ့နဲ့ တက်လာတဲ့ ဝတ်ရုံဖြူကြီးက လေထဲမှာ တလွင့်လွင့်နဲ့၊ အချိန်ကလည်း ညသန်းခေါင်ချဉ်းနေပြီ။

"ပြေး. . . ပြေးတော့"

ဝေယံက အလန့်တကြား အော်ဟစ်လိုက်တယ်။ အဲ့ဒီလို အော်လိုက်ပြီးတာနဲ့ သူ့ရည်းစားလက်ကို ဆွဲပြီး ဝရုန်းသုန်းကား ထွက်ပြေးပါလေရော။

သူရိန်ကလဲ သူ့ရည်းစားကို ခေါ်ပြီး ဝေယံတို့နောက်ကို ပြေးလိုက်တယ်။ မပြေးခံနိုင်ရိုးလား။

"ဟင်းဟင်းဟင်းဟင်း. . . စားမယ်. . အားလုံးစားပစ်မယ်. . . အကုန်စားပစ်မယ်. . . ဟင်းဟင်းဟင်းဟင်း"

တကယ့်ကို သွေးပျက်ချောက်ချားဖွယ်ရာ အသံနက်ကြီးနဲ့ တရွေ့ရွေ့ တိုးကပ်လာနေတာကိုး။ ဇော်တေဇက နီးရာခဲလုံးကို မသွေးရှူးသွေးတန်း လိုက်ကောက်နေတယ်။

မြလေးရုံက–

"ရှင် ဘာလုပ်နေတာလဲ အမြန်လိုက်ခဲ့"



www.burmeseclassic.com

www.burmeseclassic.com



သူရိန်တို့ နောက်ကို မြလေးရဲ့ ပြေးလိုက်သွားတယ်။

ဖော်တေဇက IT ခေတ်လူငယ်ပီပီ သရဲတစ္ဆေတွေကို ကြောက်နေတဲ့ကောင် မဟုတ်ဘူး။ ဒါပေမယ့် လန့်တော့လန့်တယ်။ ယောက်ျားဆိုတဲ့မာန် တင်းပြီး ဝတ်ရုံဖြူအသံနက်ကြီးကို ရဲရဲရင့်ရင့် ရင်ဆိုင်လိုက်တယ်။

* * * * *



အခန်း (၂)

"ဟိတ်...ရပ်စမ်း...နင်ဘယ်သူလဲ"

"ဟင်းဟင်းဟင်းဟင်း..."

"မေးနေတာဖြေလေ...မဖြေရင် ခဲနဲ့ထုမှာနော်"

"ဟင်းဟင်းဟင်း...ငါ...ကဓဝမ"

"ဘာကဓဝမလဲ"

"ဟီးဟီးဟီးဟီး"

"တိတ်စမ်း"

"......"

ပိတ်ငေါက်လိုက်တော့လဲ ငြိမ်သွားတယ်။ မြင်ကွင်းက သွားလန့်တတ်သူဆိုရင် သွေးပျက်သွားနိုင်လောက်တယ်။ ကျတ်တီးဘုန်းပေါ်မှာ ဆံပင်ဖားလျား ချထားတယ်။ မျက်နှာက အဖွား



www.burmeseclassic.com

www.burmeseclassic.com



အိုးရှပ် ပေါက်နေတယ်။ လက်ကြီးနှစ်ဖက် တွဲလောင်းချထားတယ်။ လက်သည်းတွေက ရှည်ထွက်နေတယ်။ မျက်လုံးတွေက တိမ်စွဲနေတာလိုလို မျက်ဖြူလန်နေတာလိုလိုနဲ့ အဖြူထည်မျိုးကြီး။ မျက်နက်ဆံ မထွက်ဘူး။ မကောင်းဆိုးဝါးဆိုရင် အရိပ်ထွက်ရမယ်။ ဒီဟာမကြီးက အရိပ်မထွက်ဘူး။ လရောင်က ခေါင်းပေါ် တည့်တည့် ရောက်နေတော့ ဘယ်မှာလာပြီး အရိပ်ထွက်ပါ့မလဲ။

"နင် ဘာလာလုပ်တာလဲ"

"ငါ...စားချင်လို့"

တုန်တုန်ဩဩ အသံကြီးနဲ့ ပြန်ပြောတယ်။

"ဘာစားချင်တာလဲ"

"အသားစားချင်တယ်"

ဖော်တေဖနဲ့ လက်သုံးကမ်းအကွာလောက်မှာ ရင်ဆိုင်ရပ်မိနေကြတာလေ။ တစ်ယောက်ကိုတစ်ယောက် မုဆိုးက သားကောင်ကို ချောင်းသလို ကြည့်နေမိကြတယ်။

"နင် ဘယ်ကလာတာလဲ"

"ဒါ...ငါ့နေရာပဲ"

"ဘာ...မဟုတ်တာတွေ မပြောနဲ့"



"ဟုတ်တယ် ဒီနေရာက ငါ့နေရာ...ဟိုချုံနွယ်ထဲမှာ နေတယ်...ဒါ သင်းချိုင်းဟောင်း"

ဖော်တေဖကျောရိုးထဲ အေးစိမ့်တောင့်တင်းသွားတယ်။ သန့်စိတ်က ရင်အသည်းကို ကိုင်လှုပ်နေပြီ။ ဖြစ်နိုင်ရင် ဒီနေရာကနေ တစ်ချိုးတည်း လစ်ပြေးချင်တယ်။ ကြောက်မှန်းသိရင် အပ်ပြာလွင့်အောင် လိုက်ခြောက်ပြီး အသက်နှုတ်ယူခံရမှာလဲ ကြောက်နေတယ်။ ကြောက်စိတ်က ဆင်ခြင်တုံတရားကိုပါ ဖိနှိပ်နေတယ်။ ဆင်ခြင်တုံတရားက– "ဘာမှမကြောက်နဲ့..ပြဿနာကို သေသေချာချာ စစ်ကြောလေ့လာ" ဒီလိုမျိုး အားပေးနေတယ်။

"နင်က လူမဟုတ်လား"

"ကဝေမ"

တုံးပြတ်ပြတ် မာထန်ထန်ဖြေတယ်။

"နင် ပြန်တော့ ငါတို့ ဒီမှာ ဆေးပေါင်းခတဲ့အနေနဲ့ ပင်တွေကို နောက်ပြန်ဆွဲနုတ်ပြီး ဂါထာရွတ်ကြမလို့...ပြီးတော့ လရောင်ပျော်ပွဲစား ထွက်လာကြတာ..ငါတို့ ခဏတဖြုတ်နေပြီးရင် ပြန်မယ်...နင့်အတွက် အသားကင်တွေ ထားခဲ့မယ်"

www.burmeseclassic.com



"မရဘူး...ငါ အကုန်စားမယ်"

"စားရိုစားကြည့် ခဲနဲ့ထုခံရမယ်"

"ဟီး ဟီး ဟီး ဟီး...ထုချင်ထု ငါလုမယ်"

ပြောပြီး ရှေ့တိုးလာတယ်။ ဖော်တေဇကလည်း နောက်ဆုံးအဆင့် ရောက်နေပြီမို့ လက်ထဲက အုတ်ခဲကျိုးနဲ့ အားရပါးရ ပိတ်ထုချလိုက်တယ်။ အသေအချာ ချိန်ထုတာတောင် လက်တုန်ခြေတုန် ဖြစ်နေလို့ ကပ်လွဲသွားတယ်။ ဆံပင်ဖားလျားနဲ့ ကဝေမကြီးကို မထိဘူး။ ကဝေမကြီးက ဖော်တေဇတို့ ခင်းကျင်းထားတဲ့ စားသောက်ဖွယ်ရာတွေကို လေပွေမုန်တိုင်း ပတ်မွှေလိုက်သလို ဝင်ဆွဲပြီး စားသောက်ပစ်တယ်။ ဖမပျ်ပနိုင်းပြည်ကလာတဲ့သူလိုပဲ။ အသားကင်တွေကို ခဏအတွင်း ပြုက်ခနဲ ကုန်အောင် စားပစ်တယ်။ ဖော်တေဇကိုတောင် အရေးမထားဘူး။

ဖော်တေဇက နောက်ထပ် ခဲလုံးလိုက်ရှာတယ်။ မြေကျင်းချိုင့်လေးထဲမှာ ဘောလုံးပုံစံ ဖွေးဖွေးလေး တွေ့တာနဲ့ ကောက်ကိုင်လိုက်တော့...

"အောင်မလေးဗျ"





လူရိုးခေါင်းခွံကြီး ဖြစ်နေတယ်။ စောစောတုန်းက ဒီခေါင်းခွံကြီး မြေကြီးထဲ မြှုပ်နေလို့ မမြင်မိဘူး။ ခုမှ ဆွဲဖော်လိုက်လို့ ထွက်လာတာလေ။ မထူးတော့ဘူး။ ကြောက်လန့်စိတ်ကို ချုပ်တီးပြီး လူရိုးခေါင်းခွံကြီးနဲ့ မိစ္ဆာမကြီးကို ပိတ်ပေါက်ပစ်လိုက်တယ်။

"ဖောက်"

"ဘုတ်"

ကဝေမကြီးက လှည့်တောင်မကြည့်ဘဲ လက်နဲ့ ကာလိုက်တယ်။ လက်နဲ့ ခေါင်းခွံထိပြီး အောက်ပြုတ်ကျသွားတယ်။ ဖော်တေဇ နောက်ဆုတ် နောက်ဆုတ်နဲ့ပေါ့။ လစ်တော့မယ် ကြောက်စိတ်က ရင်ထဲ ရှန်းကြွနေလို့ သွေးပျက်ချင်နေပြီ။ ဖော်မဲ့ တစ်ယောက်ထဲ။ လူမဟုတ်ဘူးဆိုတဲ့ ကဝေမကြီးကို ဆိုက်နေရတာ။

ကဝေမကြီးက ဘယ်အရာမှ မချန်ထားဘူး။ အကုန်စား ဘီယာဗူး တွေရော၊ အချိုရည်ဗူးတွေပါ ဖွင့်သောက်နေ လူခြောက်ယောက်စာကို တစ်ယောက်ထဲ စားပစ်နေတာ နေရာကို မရှိတော့ဘူး။

www.burmeseclassic.com

www.burmeseclassic.com



ဒီအစားအစာတွေ ကုန်သွားရင် ဇော်တေဇကိုပါ အလွတ်ပေးမယ့်ပုံ မရှိဘူး။ အသားစားပြီး အရိုးဝါးမယ့် မိစ္ဆာမကြီး။

''ဟိတ်ကောင်လေး...မပြေးနဲ့''

စားနေရင်းက လက်ယပ်လှမ်းခေါ်နေတယ်။ ဇော်တေဇ အသားတွေ ဆတ်ဆတ်တုန်နေပြီ။

''ဘာလဲ...ဘာလုပ်မလို့လဲ''

''နင့်ဗိုက်ကို ဖောက်စားရဦးမယ်...ဟီးဟီးဟီးဟီး''

ဘာပြောကောင်းမလဲ။ ဇော်တေဇ အသံနက်ကြီးနဲ့ အော်ဟစ်ပြီး ခြေဦးတည့်ရာ ကဆုန်ပေါက်ပြီး ပြေးပေ...တော့တာပေါ့။

ခြံဝင်းကြီးအပြင်ဘက် ရောက်တော့ ဟောဟဲဆိုက်နေတဲ့ အဖွဲ့သားတွေနဲ့ သွားဆုံတိုးတယ်။

''သ...သရဲမကြီး...ငါ...ငါတွေ့ခဲ့တယ် ဟောဟဲ''

ဇော်တေဇက အမောတကော ပြောချလိုက်တော့ ကျန်တဲ့လူတွေ ပြုံးလန့်ကုန်ကြတော့တာပေါ့။ ဇော်တေဇ မြလေးရဲ့ကို မတွေ့ဘူး။ ကျန်တဲ့လူတွေ အကုန်ရောက်နေပြီ။

''မြလေး...မြလေး...ဘယ်မှာလဲ''





''ဟင်''

''ဟယ်''

''ဟာ''

''အေး...ဟုတ်သား...မြလေးရဲ့ ဘယ်မှာကျန်ခဲ့ပါလိမ့်''

သူရိန်က ပြုံးပြုံလိုက်ကြည့်ရင်း ပြောလာကယ်။ မွှေးမွှေးမြက ရင်ဘတ်ကို လက်နဲ့ဖိရင်း

''ဘုရားရေ...မြလေးတော့ ဒုက္ခပဲ...ခြုံပုတ်တစ်ခုထဲ အတင်းဝင်ပုန်းလိုက်တာ တွေ့တယ်၊ ဒီဝန်းကျယ်ကြီးထဲမှာ သူတစ်ယောက်တည်း ကျန်နေရစ်ခဲ့ပြီ ဒုက္ခပါပဲ...ကယ်ပါဦး မြလေးကို''

''ဟိုက်''

ဇော်တေဇရင်ထဲ ထိတ်ပြာပူလောင်သွားတယ်။ စိုးရိမ်သောကနဲ့ ဝန်းကျယ်ကြီးဘက် ပြန်ပြေးသွားတယ်။ သူရိန်က–

''ဇော်တေဇ အရမ်းမသွားနဲ့ ခဏနေဦး မွှေးမွှေးနဲ့မခိုင်ကို အဆောင်ရောက်အောင် ပြန်ပို့ပေးပြီး ပရိတ်ရေတွေ ပရိတ်သဲတွေ ယူပြီးမှ ပြန်လာရာရအောင် အဆောင်က ကျောင်း



www.burmeseclassic.com

www.burmeseclassic.com



သားတွေကိုလဲ အဖော်ခေါ်လာလို့ ရတာပေါ့"

"အချိန်ကြာသွားမှာပေါ့ မြလေးနဲ့ ဟို သရဲမကြီး တွေ့သွားရင်ဟာ...ငါ ဆက်မတွေးရဲတော့ဘူး...ဖြစ်ချင်တာဖြစ် ငါ သွားရှာမယ်"

ဖော်တေဇက ခြံဝန်းကျယ်ကြီးထဲ ပြန်ဝင်မယ်လုပ်တော့ သူရိန်နဲ့ ဝေယံအောင်က အမြန်ပြေးသွားပြီး ဖော်တေဇကို အတင်းဆွဲဖမ်းထားလိုက်ရတယ်။ ဝေယံအောင်က-

"လူအုပ်စုတောင့်မှ လာရှာတာပေါ့...မင်းရဲ့မြလေးကို အဲ့ဒီသရဲမက ဘာမှလုပ်လို့ မရပါဘူး"

ဖော်တေဇ အတင်းရုန်းကန်ရင်းနဲ့

"မင်းတို့ဖယ်စမ်းကွာ ငါ့ကို အဲ့ဒီလို မလုပ်နဲ့ ငါ မကြိုက်ဘူး...တစ္ဆေဆိုတာ ထိပုတ်ရိုက်နှက်နိုင်စက်လို့ရတယ် လိပ်ပြာနှုတ်နိုင်တယ်..မြလေး တစ်ယောက်ထဲ သေလုမျောပါး ကြောက်လန့်အားငယ်နေမှာ ငါသွားမှဖြစ်မယ်"

သူရိန်က-

"အဲ့ဒါဆိုလဲ မင်းနဲ့ငါ အတူသွားမယ်လေ...ဝေယံ...မင်းက မွေးမွေးနဲ့ မနိုင်ကို အမျိုးသမီးအဆောင်ရောက်အောင်





ပြန်ပို့ပေးလိုက်...ပြီးမှ ငါတို့ ယောကျ်ားလေးအဆောင်ကိုပြန်ကျောင်းသားလေးယောက်လောက် ထပ်ခေါ်လာခဲ့...ပရိတ်သံနဲ့ ရေပါ ယူခဲ့နော်"

"အေး...အဲ့ဒါ ကောင်းတယ်...မြန်မြန်သွားကြ"

ဖော်တေဇနဲ့ သူရိန်တို့နှစ်ယောက် ခြံဝန်းကျယ်ကြီးထဲကို ပြန်တိုးဝင်သွားကြတယ်။ ဝေယံအောင်က မိန်းကလေးနှစ်ယောက်ကို ခေါ်ပြီး ဘတ်(စ်)ကားတစ်မှတ်တိုင်လောက်ဝေးတဲ့အဆောင်ကို ရောက်အောင်ပြန်တယ်။

ဖော်တေဇနဲ့ သူရိန်တို့ မြလေးရှိကို အမောတကောနဲ့ လိုက်ရှာကြတယ်။ ခြုံတွေဖြဲပြီး ရှာတယ်။ ဓာတ်မီးထိုးပြီး ဖော်တေဇက-

"မြလေး...မြလေး...မြလေး"

သူရိန်က...

"ဟေ့ကောင် ဘာလို့အသံပေးတာလဲ...သရဲမကြီး ကြားသွားမှာပေါ့ကွ"

"ကြားကြားကွာ အဲ့ဒီလိုအော်ခေါ်ရှာမှ ဖြစ်မှာပေါ့"

"ဓာတ်မီးကြီး တဝင်းဝင်းလုပ်မနေနဲ့...သရဲက လာ



www.burmeseclassic.com

www.burmeseclassic.com



ဦး ဂုတ်ချိုးစားနေဦးမယ်ကွ''

''မြလေး. . . မြလေးရေ. . . မြလေး ဘယ်မှာလဲ''

ဇော်တေဇက ဘယ်လိုမှ ပြောလို့မရဘူး။ ခြုံတွေထဲကို အတင်းတိုးဝင်သွားတယ်။ သူချစ်သူ ပျောက်နေတာဆိုတော့ ဇောကပ်ပြီး အန္တရာယ်ကိုတောင် မမြင်နိုင်တော့ဘူးပေါ့''

''မြလေးရေ''

''ဟီး ဟီး ဟီး''

''ဟိတ်ကောင် ကြားလား. . . သရဲမကြီး ပြန်ထူးနေပြီ''

''မင်းကြောက်ရင် နေခဲ့ကွာ. . . နောက်ကနေ တဂျိဂျိ တပူပူ လုပ်ပြီးပြောမနေနဲ့. . . အာရုံနောက်တယ်''

''ဟင်း ဟင်း ဟင်း ဟင်း''

''ငါ ဆက်မလိုက်ရဲတော့ဘူး''

ဇော်တေဇက ဆက်တိုးဝင်သွားတယ်။ ဓာတ်မီးရောင်က ခြုံကြားမှာ ပျောက်နေတယ်။ သူရိန်က နောက်ပြန်လှည့်ပြေးတယ်။ နောက်က စစ်ကူအင်အားရောက်လာမှပဲ တောနင်းရတော့မယ်လို့ စိတ်ပိုင်းဖြတ်လိုက်တယ်။

ဇော်တေဇက ခြုံတောတစ်ခုကို ဖြအဝင်မှာ အရိပ်ဖြူ





ဖြူတစ်ခု ရှေ့ဘက်အမှောင်ထဲ လှစ်ခနဲ ပြေးဝင်သွားတာ တွေ့လိုက်ရတယ်။ ဓာတ်မီးနဲ့ ထိုးကြည့်လဲ မမြင်လိုက်ရဘူး။ တွေ့ရာ ခလုံး ကောက်စမ်းနေတုန်း. . .

''ဟင့်ဟင့်ဟင့်ဟင့် ဟီးဟီးဟီးဟီး ဟားဟားဟားဟား''

ကြက်သီးမွေးညှင်းထောင်တက်သွားမိတဲ့အထိ သရဲမကြီးရဲ့ရယ်သံမျိုးစုံက ကြောက်စရာကောင်းနေတယ်။

ဇော်တေဇ ခလုံး ကောက်မိတာနဲ့ လက်ထဲက မြေကျစ်ခဲနဲ့ အသံလာရာဘက်ကို လှမ်းထုပစ်လိုက်တယ်။

အသံတွေ တိတ်သွားတယ်။ တိတ်သွားတဲ့နေရာဘက်ကို သတိကြီးကြီးထားပြီး တိုးဝင်သွားတော့–

'ဖြုန်း' ဆို ခြုံထဲက ဖြူဖြူအရိပ်လိုလို လူတစ်ယောက်နောက်ဘက်ခြုံတွေထဲကို ပြေးဝင်သွားတယ်။ သရဲဆို အဲ့ဒီလိုပြေးပါ့မလား။

ဇော်တေဇ သံသယပွားပြီး ဖြူဖြူအရိပ်နောက်ကို ဆက်လိုက်တယ်။ လိုက်ရင်းလိုက်ရင်းနဲ့ ပျောက်သွားတယ်။ ဇော်တေဇ အနှံ့ပြန့်ပြီး လိုက်ရှာတယ်။ မြလေးကို လုံးဝမတွေ့တော့ဘူး။



www.burmeseclassic.com

www.burmeseclassic.com



တစ်နာရီခွဲလောက်ကြာတော့ ဝန်းထဲကို ဓာတ်မီးတဝင်းဝင်းနဲ့ ဆူဆူပူပူ ရောက်လာကြတဲ့ သူရိန်နဲ့ ဝေယံအောင်တို့အုပ်စုကို လှမ်းတွေ့လိုက်ရတယ်။ အဆောင်က ကိုမော်ကြီးတို့အုပ်စုကို သွားခေါ်လာတာ။ ကိုမော်ကြီးတို့အုပ်စုက ဒီလိုနေရာမျိုးဆို သိပ်အားကိုးရတယ်။ ကူညီပေးပြီးရင် အတင်းပြုစုခိုင်းတော့တာပဲ။ အနည်းဆုံးတော့ သောင်းဂဏန်းလောက် ကုန်ကျနိုင်တဲ့ ဝမ်းတောဘဲ(လ်) တစ်ပိုင်းစာပေါ့။

“ဟိတ်ကောင်တွေ ဟိုမှာ မဲမဲကြီး ကုန်းကုန်းကွကွနဲ့ လေးခွနဲ့ ပိတ်ဆော်ထည့်လိုက်စမ်း”

“ဓာတ်မီးနဲ့ အသေအချာ ထိုးကြည့်စမ်းပါဦး...ဇော်တေဇ ဖြစ်နေရင် ဘယ်နှယ့်လုပ်မလဲ”

“အေး...ထိုးကြည့်...ထိုး”

“ဟာ...ဟုတ်တယ်”

“နိုင်ဇော်အေး ပြောတာ မှန်တယ်...ဇော်တေဇကွ”

“ဟောကောင်တွေ အရမ်းကာရော မကပ်နဲ့..ဇော်တေဇ ပုံစံက သိပ်မှုမမှန်ဘူး...သရဲတွေ အပယောဂတွေ ပူးကပ်နေသလိုပဲ...ကြောင်တောင်ကန်းပုံစံနဲ့ ငါတို့ဘက်ကို လှမ်းကြည့်





နေတယ်ကွ”

ကိုမော်ကြီးက အဲ့ဒီလို တားတယ်။ သူရိန်က-

“ဇော်တေဇ...ဟေ့ကောင် တေဇ”

ဝေယံအောင်က-

“အေးဟ...သတိနဲ့ ချဉ်းကပ်ဟေ့”

သူတို့ အဲ့ဒီလိုပြောပြီး ဇော်တေဇကို ပတ်ဝိုင်းလိုက်ကြတယ်။ ဇော်တေဇက ချစ်သူ မြလေးရုံကို မတွေ့ရလို့ သည်းခြေပျက်သလို ဖြစ်ချင်နေတာနဲ့ ရုတ်တရက် ပြန်မပြောနိုင်ပဲ ဖြစ်နေရတာပါ။

“ငါ ဘာမှမဖြစ်ဘူး မြလေးရုံ...မြလေးကို ဝိုင်းရှာပေးကြပါ အမြန်ရှာပေးကြပါကွာ...ငါ လိုက်ရှာတာ မြလေးကို မတွေ့ရတော့ဘူး..ကူညီကြပါဦး မတွေ့တွေ့အောင် ရှာပေးပါ”

ဇော်တေဇက အဲ့ဒီလိုကြီး ထအော်ပြောလိုက်တော့ အားလုံး မှင်သက်မိကုန်ရာက တစ်ယောက်မျက်နှာ တစ်ယောက် ဓာတ်မီးနဲ့ ထိုးပြီး အကဲခတ်ကြည့်ကုန်ကြတယ်။ ဘယ်လိုလဲပေါ့။ သူရိန်က-

“အမြန်ဆုံး လူစုခွဲရှာကြရအောင်”



www.burmeseclassic.com

www.burmeseclassic.com



သူတို့အုပ်စု လူစုခွဲ ရှာလိုက်ကြတာ မိုးသာလင်းသွားတယ်။ မြလေးရုံကို လုံးဝရှာမတွေ့ကြတော့ဘူး။ လင်းလင်းရှင်းရှင်းမှာ လိုက်ရှာလည်း မတွေ့ဘူး။ လုံခြုံရေး အစောင့်တွေ ရောက်လာတယ်။ ကုမ္ပဏီက တာဝန်ရှိတဲ့လူတွေပါ ရဲတွေခေါ်ပြီး ရောက်လာတယ်။ ဇော်တေဇတို့အဖွဲ့က ဆိုက်ဝန်းထဲ ကျူးကျော်ဝင်ခဲ့ပေမယ့် ဒုစရိုက်သမားတွေ မဟုတ်တဲ့အကြောင်း ဖြစ်ကြောင်းကုန်စင် ရှင်းပြလိုက်တယ်။ ကုမ္ပဏီရဲ့ တာဝန်ရှိသူကိုယ်တိုင်က လူငယ်ကျောင်းသားတွေဖြစ်နေလို့ ဘာမှအရေးမယူပဲ ခွင့်လွှတ်တယ်။ ရဲတွေနဲ့အတူ ခြုံတွေထဲ လိုက်ကူရှာလိုက်တာ မနက် ကိုးနာရီသာ ထိုးသွားရော။ မြလေးရုံရဲ့ အစအနတောင် ရှာမတွေ့ကြတူး။

လူပျောက်မှုနဲ့ ရဲစခန်းမှာ အမှုဖွင့်ရတယ်။ မြလေးရုံရဲ့ ဓာတ်ပုံကို ပေးထားလိုက်ရတယ်။ ယှုကျုံးမရ အဖြစ်ရဆုံးက ဇော်တေဇပေါ့။ နယ်မှာရှိတဲ့ မြလေးရုံရဲ့မိဘတွေကို ရက်သတ္တတစ်ပတ်ရှာလို့မှ မတွေ့ရင် လှမ်းအကြောင်းကြားဖို့ ဆုံးဖြတ်လိုက်တယ်။

❀ ❀ ❀ ❀ ❀



## အခန်း (၃)

"မြလေးရုံဟာ နတ်ဖွက်ခံရတာနဲ့တူတယ်ကွ"

သူရိန်ရဲ့စကားကြောင့် ဇော်တေဇ ဘုကြည့် လှမ်းကြည့်တယ်။ ဝေယံအောင်က-

"ဓာတ်ရိုက်ဓာတ်ဆင် ကောင်းတဲ့ ဆရာမဆီ သွားတွေ့ပြီး လူပျောက်မေးကြည့်ရအောင်. . . ဒါမကောင်းဘူးလား"

ဇော်တေဇရဲ့ ဘုကြည့်က ဝေယံအောင် အပေါ်ကို ရောက်လာတယ်။ နိုင်ဇော်အေးက-

"ငါတော့ စိတ္တဇလူသတ်သမားတွေလက်ထဲ မြလေးရုံ ပါသွားတယ်လို့ ထင်တာပဲ"

ဇော်တေဇရဲ့ လက်သီးက စားပွဲပေါ်ကို 'ဒုန်း'ခနဲ။

"ဘာဖြစ်လို့လဲ ဇော်တေဇ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ မဟုတ်မဟပ်တွေ မပြောနဲ့...ထိုင်နေလို့တော့ ဘာမှဖြစ်မလာဘူး...မြလေးရုံကို ထပ်ရှာမယ်"

"ဆိုက်ဝန်းထဲကိုလား"

"ဆိုက်ဝန်းပတ်ပတ်လည်ကိုပေါ့"

"ငါတို့တော့ မောပြီ"

"ငါလဲ, ခြေကုန်လက်ပန်းကျနေပြီ"

"လူပျောက်တိုင်ထားတဲ့တာပဲကွာ"

သုံးယောက်ပေါင်း ငြင်းဆိုမှုကို ဖော်တေဇက ဥပေက္ခာပြုပြီး ထိုင်နေရာက တစ်ယောက်ထဲ ထွက်လိုက်တယ်။ ဘယ်သူ့ကိုမှ အားမကိုးတော့ဘူး။ ကိုးကွယ်ရာ ရတနာမြတ်သုံးပါးကို ဦးထိပ်ပန်ဆင်ပြီး ဆိုက်ဝန်းကြီး ပတ်ပတ်လည်က အိမ်ခြေတွေကို လိုက်ကြည့်တယ်။

လယ်ပြင်တွေက ကြွက်တွင်းတွေကိုတောင် မချန်ဘူး။ မြေအောက်ဝင်ထွက်ပေါက် တစ်ခုထဲလေ တွေ့နိုးနိုးနဲ့ပေါ့။

အဲ့ဒီအချိန်မှာ မမျှော်လင့်ဘဲ သဲလွန်စတစ်ခုကို တွေ့လိုက်ရတယ်။ လဲကျနေတဲ့ လူတစ်ယောက်ကို ဆွဲယူသွားတဲ့ စွပ်ကြောင်းကြီးပေါ့။ စွပ်ကြောင်းကြီးအတိုင်း လိုက်ကြည့်တယ်။





ခြုံတွေထဲက ဖြတ်ဆွဲထားလို့ သစ်ရွက်သစ်ခက်တွေ ကျိုးကြေနေတယ်။

တစ်ချို့ သစ်ငုတ်တွေမှာ သွေးစသွေးနလေးတွေ တွေ့ရတယ်။

ဒါ...မြလေးရုံ လဲကျနေတာကို တစ်ယောက်ယောက်က ဆွဲယူသွားတာ။

ဘုရားတလိုက်မိတယ်။ မြလေးရုံကို သေအောင်လုပ်ပြီး ဆွဲခေါ်သွားတာများလား။ စွပ်ကြောင်းအတိုင်း လိုက်ကြည့်တယ်။ ပေ(၁၀၀)ကျော်လောက် ဝေးတဲ့ စည်းရိုးအစပ်ထိ ဆွဲခေါ်သွားတာ။

ကြည့်စမ်း ဒီဘက်မှာ ကုမ္ပဏီက ကာထားတဲ့ စည်းရိုးကို လူတစ်ကိုယ်ဝင်စာမကတဲ့ အပေါက်ကြီး ဖောက်ထားတယ်။ ဒီအပေါက်နေရာကို အဝေးက လှမ်းမမြင်နိုင်ဘူး။ ချုံအမြင့်ကြီးတွေက ကွယ်ကာနေတာကိုး။ စွပ်ကြောင်းက စည်းရိုးအပြင်ဘက်အထိ ရောက်နေတာနဲ့ အပြင်ကို လိုက်ထွက်ကြည့်တယ်။

ဒီနေရာမှာ ပိုပြီး ထင်ရှားသွားတယ်။ လယ်ပက်ကြားအက်အတိုင်း ဆက်ဆွဲသွားတာ ထပ်မြင်ရတယ်။ ဆွဲတဲ့ဒူး ထိုင်



www.burmeseclassic.com

www.burmeseclassic.com



နားတဲ့နေရာမှာ ဆံပင်တွေ ကျွတ်ကျန်နေတာ တွေ့ရတယ်။

ဇော်တေဇ တစ်ယောက် စွပ်ကြောင်းအတိုင်း လိုက်ကြည့်ရာက လယ်ပြင်ဘက်မှာ ထီးထီးကြီးဆောက်ထားတဲ့ နှစ်ထပ်အိမ်ဟောင်းကြီးကို လှမ်းတွေ့ရတယ်။

အရင်က လယ်တိုးချေးစားတဲ့ ချစ်တီးတွေ နေထိုင်ခဲ့တဲ့ တိုက်ဟောင်းပုံစံကြီးပါ။ တိုက်ပျက်ကြီးဖြစ်နေပြီ။ ရပ်ကွက်နဲ့ ပေ (၂၀၀)ကျော်လောက် လှမ်းတယ်။

ချုံနွယ်ပိတ်ပေါင်းတွေနဲ့ ပြိုအက်နေတဲ့ တိုက်ဟောင်းကြီးကို တံခါးတွေ ပိတ်လျှက်သား တွေ့ရတယ်။

တိုက်ဟောင်းကြီးထဲ ဆွဲသွင်းသွားတဲ့ သွေးစက်အစအန တွေ ခြောက်နေတာ တွေ့ရတယ်။ ကြိမ်းသေပါပြီ။ မြလေးရုံကို ဆွဲသွားတဲ့လူဟာ ဒီတိုက်ဟောင်းကြီးထဲမှာ နေတဲ့သူပဲ။

သရဲမကြီးဆိုတာ ဒီတိုက်ပျက်ကြီးထဲမှာ နေတာပဲဖြစ်ရမယ်။ တံခါးတွေ အလုံပိတ်ထားတယ်။ ပေ (၂၀၀)လောက် ဝေးတဲ့ ရပ်ကွက်ထဲက လူတွေက ဒီအိမ်ကြီးဘက်ကို ကျောပေးပြီး အိမ်တွေ တန်းစီဆောက်ထားကြတယ်။

ဆင်းရဲနုံချာတဲ့ ရပ်ကွက်လေးပါ။ အိမ်တောင့်တောင့်





တင်းတင်းဆိုလို့ နှစ်လုံးသုံးလုံးလောက်ပဲ တွေ့ရတယ်။

"ဒေါက်...ဒေါက်...ဒေါက်"

ဇော်တေဇ တံခါးခေါက်လိုက်တယ်။ ဘာမှ တုန့်ပြန်သံ ကြားရဘူး။ စဉ်းစားရခက်နေတယ်။ တံခါးမှာ သော့ခလောက်ကြီး ခတ်ထားတယ်။ ဝင်ထွက်သွားလာထားတဲ့ ခြေရာတွေ တွေ့နေရတယ်။ တံခါးအဖွင့်အပိတ်က သိပ်မလုပ်ထားတဲ့ပုံပဲ။ တစ်လနေမှ တစ်ခေါက်လောက် ဖွင့်တဲ့ပုံစံပဲ။ သော့ခလောက်မှာရော မျောက်လက်မှာပါ ဖုံတွေတက်နေတယ်။

တံခါး ထပ်ခေါက်တယ်။ အထဲက ငြိမ်တိတ်နေတယ်။ သူများပိုင်နက်ထဲ အတင်းကာရော ဝင်သွားလို့လဲ မဖြစ်ဘူး။ ဒါနဲ့ပဲ ရပ်ကွက်ဘက်တို့ လှမ်းလျှောက်ပြီး ကွင်းထဲထီးထီးက အိမ်ကြီးအကြောင်းကို မေးမြန်းစုံစမ်းကြည့်ရတော့တယ်။

အဒေါ်ကြီးတစ်ယောက် အသက် (၈၀)လောက် ရှိမယ်။ တုန်တုန်ချိချိနဲ့ အိမ်ရှေ့မှာ ထိုင်ပြီး ပြောင်းဖူးဖက်လိပ်ကြီး ဖွာနေတယ်။

"အဘွား...ကျွန်တော့်ကို ဝင်ခွင့်ပြုပါ"

"ဟဲ့...ဘယ်သူတုန်း"



www.burmeseclassic.com

www.burmeseclassic.com



"ညည်းသည်ပါ လမ်းမတန်းဘက် အဆောင်က ကျောင်းသားတစ်ယောက်ပါ။ ဟော့ဒီ ကွင်းထဲက ချစ်တီးတိုက်ပျက်ကြီးနဲ့ ပတ်သက်ပြီး မေးမြန်းချင်လို့ပါ"

"ဩော်. . . အေးအေး. . . လာလေကွယ်"

ဖော်တေဇ ခြံဝန်းထဲ ဝင်သွားပြီး ဒိန်မ်ရှေ့ကွပ်ပျစ်မှာ ဝင်ထိုင်လိုက်တယ်။ ကျူးကျော်ရပ်ကွက်တဲပေမယ့် ဒီအိမ်လေးကတော့ နေချင်စဖွယ်လေးပါ။

ဝါးကပ်ခင်း၊ ဓနိမိုးနဲ့။ အိမ်ရှေ့မှာ ပူးစင်ရှိတယ်။ ပူးစင်အောက်မှာ ကွပ်ပျစ်ရှိတယ်။ အရိပ်အာဝါသ ကောင်းတယ်။

ရေနွေးကြမ်းနဲ့ ထန်းလျက်ခဲက အရံသင့်။ အဘွားအိုက ရှူးရှုတဲ့မျက်လုံးတွေနဲ့ စိုက်ကြည့်တယ်။ ကြည့်ပေမယ့် မြင်ဟန်မရှိဘူး။ တစ်ဖက်က တိမ်စွဲနေပြီ။ မျက်နှာပုံစံကတော့ စုန်းအတတ်ပညာသည် ရုပ်မျိုး။ ပိန်လှီမွဲခြောက်နေတဲ့ လက်ချောင်းမှာ လက်သည်းတွေက အရှည်ကြီးရယ်။ နွမ်းပါးတဲ့အဝတ်အစားနဲ့ ထိုင်နေတာပေါ့။ ဆံထုံးတော်ကြီး တမာသီးကို အရိုးပုံစံ ဘီးနဲ့ ထိုးစိုက်ထုံးထားလိုက်သေးတယ်။

"အေးကွယ်. . . ထိုင်. . . ထန်းလျက်နဲ့ ရေနွေး ရှိတယ်။





. . .ကြိုက်မကြိုက်တော့ မသိဘူး. . . စားချင်ရင်စား. . . မစားချင်ရင် . . ."

"ကြိုက်ပါတယ်. . စားချင်ပါတယ်. . စားမယ်. . ကျွန်တော် . . .ချင်တာလေးကို ပြောပြပေးပါ. . . ဒီငွေ(၃၀၀၀)က အဘွားကို . . .န်တော့တာ"

ငွေကန်တော့တော့ အဘွားအိုက သိပ်မငြင်းပါဘူး။ . . .တ်ခနဲ ယူပြီး ခွေးခံထဲ ထိုးထည့်လိုက်တယ်။

"အဲ့ဒီတိုက်ပျက်ကြီးက မိစ္ဆာတွေပေါ်တယ်. . . ဟိုးလွန် . . . အနှစ်လေးဆယ်ကျော်က ဒေါ်သံသီးဆိုတဲ့ မိန်းမကြီးရဲ . . .သားစုတွေ နေခဲ့ကြတာပေါ့. . . ဘယ်ကပြောင်းလာမှန်းတော့ . . .ဘူး. . . သူတို့က ရောရောနှောနှောလဲ မနေဘူး သီးသန့်နေ . . . မိသားစုတွေကလဲ အများကြီး. . . ဆယ့်ခြောက်ယောက် . . .ာက်ရှိမယ်. . .

. . . အဘွားက ဒီရပ်ကွက် မတည်ခင်က ဟိုဖက်လမ်း . . .နေတာလေ. . . စီးပွားရေးမကောင်းလို့ အိမ်ရောင်းပြီး ဒီဘက် . . .မြေငှားတဲစိုက်နေခဲ့ရတာပေါ့. . .

. . . ဆုံးသွားတဲ့ အဘွားယောကျ်ား ပန်းနာရင်ကျပ်



www.burmeseclassic.com

www.burmeseclassic.com



သည့်ကို ဆေးကုလိုက်ရတာ စုမိဆောင်းမိတဲ့ စီးပွားတွေ တက်ကက်ပြောင်တာပဲ...

အခုတော့ အဘွားသားက လုပ်ကျွေးနေတာ လေ... အဘွားသားက ဆိုက္ကား နင်းတယ်...ချွေးမက ဖီးထုပ်အလုပ်ရုံမှာ...မြေး(၂)ယောက် ရှိတယ်၊ အကြီးက မိန်းခလေး ဆယ်နှစ်သမီး...အငယ်က ယောကျာ်းလေး...ရှစ်နှစ်သားပေါ့...ကလေးတွေလည်း သူ့အမေနောက်လိုက်ပြီး ဖီးထုပ်ထုပ်ကြရတာပါပဲ...

အဘွားကတော့ မျက်စိမကောင်းတော့လို့ ဘာမှ မလုပ်နိုင်တော့ဘူး...ဒီနားက လက်လုပ်လက်စားအိမ်ကလေးတွေကို စောင့်ရှောက်ဖို့ ကျန်ခဲ့တာပေါ့...တို့ရပ်ကွက်က နေ့ဘက်ဆို သရဲခြောက်မှာတောင် ကြောက်ရတယ်...ညဘက်ကြမှ လူစုံပြန်လာလို့ ပြန်စည်လာတတ်တယ်''

အဘွားအိုက ငွေပေးလိုက်မှ စကားတွေရှင်ပြီး တိုက်ပျက်ကြီးကနေ သူမရဲ့ ကိုယ်ရေးရာဇဝင်အထိ ဆွဲဆန့်ခင်းကျင်းပြောပြနေတယ်။

ဇော်တေဇက အိမ်ပျက်ကြီးအကြောင်းကို ပြောဖို့





ပြန်ဆွဲယ်ရတယ်။

''အဲ့ဒီတိုက်အိမ်ကြီးမှာ နေခဲ့တဲ့မိသားစုတွေ အခု ဘယ်ရောက်ကုန်ပြီလဲ''

''သေကုန်ကြပြီ''

''ဗျာ...အားလုံးလား''

''ဟုတ်တယ်...အားလုံးပဲကွဲ့...မှုတူးဆိုတဲ့ ခြံစောင့်ကြီးပဲ ကျန်ခဲ့တယ်...မှုတူးတစ်ယောက်ထဲပဲ အဲ့ဒီအိမ်ကြီးမှာ နေတဲ့အခါနေလိုက် မနေတဲ့အခါ မနေလိုက်နဲ့ပေါ့...မှုတူးကိုယ်တိုင်ကလဲ ရူးကြောင်ကြောင် ဖြစ်နေတာလေ...

...အဲ့ဒီတိုက်ကြီးက သိပ်နိုက်တာ...မီးဖိုခန်းနံရံမှာ အင်္ဂတေကွာကျပြီး ဘီလူးခေါင်းနှစ်ခု ပေါ်လာတယ်''

''တကယ့်ဘီလူးခေါင်းလား အဘွား''

''အရုပ်ပေါ့ကွယ်...အုတ်နဲ့အင်္ဂတေ ရောမွှေပြီး ဘီလူးရုပ်ပုံတွေ ပေါ်နေတာကို ပြောတာ''

''အဲဒါကြောင့် နိုက်တာလား''

''ဟုတ်မှာပေါ့...ဒေါ်သံသီးတို့ ပြောင်းလာပြီး (၂)သအကြာမှာ ပေါ်လာတာ...အဘွားက အဲ့ဒီအိမ်မှာ ဆက်တို



www.burmeseclassic.com

www.burmeseclassic.com



လက်တောင်းလေးတွေပေါ့ကွယ်...တိုတိုထွာထွာ အဝတ်လျှော်တာ၊ ကြမ်းတိုက်တာ၊ သန့်ရှင်းရေးလုပ်တာလေးတွေ မကြာခဏ သွားလုပ်ပေးရတယ်...သူတို့က ခေါ်နိုင်းကြလို့ပါ...ဒေါ်သံသီးက မုန်ဆိုးမကြီးပေါ့...အဒေါ်က အိမ်သားတွေနဲ့ ဘယ်လိုတော် စပ်လဲ ဘာလဲမေးရင် မကြိုက်ဘူး မေးလို့မရဘူး...

...ဒေါ်သံသီး ကလွဲရင် ကျန်တဲ့လူတွေက မျက်နှာ သေကြီးတွေနဲ့ အေးတိအေးစက်ကြီးတွေ သူတို့ဘာသာ နေကြ တယ်...စက်ရုပ်ကြီးတွေလိုပါပဲ...

....အဲဒီအိမ်မှာလေ ချောမောလှပတဲ့ မိန်းကလေး (၂)ယောက်ရှိတယ်၊ ဖြူပြာနဲ့ သူဇာလို့ ခေါ်ကြတယ်...အမွှာ ညီအစ်မနှစ်ယောက်ပေါ့...

..နောက်ပြီးတော့ ခန့်ငြားတဲ့ လူပျိုကာလသားကြီး ကျော်မင်းခွင်ဆိုတာ ရှိသေးတယ်။ ကျန်တဲ့ဟာတွေက အိမ် ထောင်သည်တွေနဲ့ တူတယ်။ ကလေးတွေက လေးယောက် လောက် ပါတယ်..

..ဆယ်နှစ်အရွယ် ယောက်ျားလေးက (၂)ယောက် (၆)နှစ်အရွယ် မိန်းကလေးက (၂)ယောက်၊ ကလေးတွေပဲ၊ ဆော





ကစားနေကြတာ တွေ့ရတယ်..

..ကျန်တာတွေက အိမ်ဖော်နဲ့ အလုပ်သမားတွေ ဖြစ်လိမ့်မယ်။ သူတို့က ဘာအလုပ်မှ မလုပ်ပဲ ထိုင်စားနိုင်ကြ တယ်။ ဆီဒင်ကားလေးတစ်စင်း ရှိတယ်....နောက်တော့ ရောင်းစားလိုက်တယ်နဲ့ တူပါရဲ့"

"အဲဒီအိမ်ထဲမှာရှိတဲ့ မှုတ္တူးက ရှုးနေတာဆိုတော့ တ ခြားလူတွေဘာတွေကို အန္တရာယ်ပြုတတ်လား အဘွား"

"မပြုပါဘူး...သူ့ဟာသူ နေတာ၊ ဘယ်လိုစားပြီး ဘယ်လိုနေထိုင်တယ်ရယ်တော့ မသိဘူး..."

ဇော်တေဇ အမိက သိချင်နေတာက မှုတ္တူးပဲ။ အဲဒီအိမ် ထဲကို ဖောက်ထွင်းဝင်ရောက် ရှာဖွေကြည့်ရင် မြလေးရုံကို တွေ့ ရလိမ့်မယ် ထင်နေတယ်။ ဒီအတိုင်း ဝင်လို့တော့ မဖြစ်ဘူး။ သက်ဆိုင်ရာကို အကြောင်းကြားပြီး ဝင်ရှာမှဖြစ်မယ်။

ဒါကြောင့် အဘွားကို နှုတ်ဆက်လိုက်တော့...

"နေဦး သူငယ်လေးရဲ့...ဒေါ်သံသီးတို့မိသားစုကို ဘီလူးသရဲတွေ စားလို့ သေသွားတဲ့အကြောင်းကို ဆက်ပြောပြ ဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com



"အဘွားကလဲ မဖြစ်နိုင်တာတွေ...ကဲပါ နောက်တစ်ခါကြမှ ပြော...အခုတော့ ကျွန်တော် သွားစရာလေးရှိလို့ ခွင့်ပြုဦး"

"အေးအေး...ဒါဆိုလဲ မင်းသဘောသာပ"

❀ ❀ ❀ ❀ ❀



## အခန်း (၄)

ဖော်တော့ ပြန်ထွက်လာတော့ မှောင်ရီဖြိုးဖျ ဖြစ်နေပြီ။ ညီအစ်ကို မသိကသိအချိန် ခေါ်မလား။ နွားရိုင်းသွင်းချိန် ခေါ်မလား။ တိုက်ပျက်ကြီးကို လှမ်းကြည့်လိုက်တော့ အိမ်ရှေ့တံခါးမကြီး ပွင့်လျှက်သား တွေ့လိုက်ရတယ်။ ဟုတ်ရဲ့လားလို့ မျက်လုံး ပွတ်သပ်ကြည့်တယ်။ ပိုပြီး သေချာသွားအောင် တိုက်ပျက်ကြီးအနားကို လျှောက်သွားကြည့်တယ်။ ဟုတ်တယ်။

အထဲမှာ လူရှိနေပြီ။ မူတူးဆိုတဲ့ ရူးနှမ်းနေတဲ့သူ အပြင်က ပြန်ရောက်လာတာပဲ ဖြစ်မယ်။ ဘယ်ဘက်လမ်းကနေ ပြန်ရောက်လာတယ်ရယ်တော့ မသိဘူး။ အိမ်ရှေ့မှာ အသာရပ်ပြီး အထဲကို လှမ်းကြည့်လိုက်တယ်။ မှောင်နေလို့ ဘာဆိုဘာမှ မမြင်ရဘူး။



www.burmeseclassic.com

www.burmeseclassic.com



"အိမ်ရှင်တို့"

"အိမ်ရှင်တို့ ခင်ဗျာ"

ပြန်ထူးသံ မကြားရဘူး။ ဇော်တေဇ ဝင်ကြည့်ချင်နေပြီ။ မြလေးရုံက ဒီအထဲမှာလေ။ သူများပိုင်နက်ဆိုတော့ ခွင့်ပန်နေရသေးတယ်။

ပွင့်ဟနေတဲ့ တံခါးမကြီးကို တဒေါက်ဒေါက် ခေါက်ပြီး အသံထပ်ပေးကြည့်တယ်။ ဘာမှ မတုံ့ပြန်ဘူး။ အဲ့ဒါနဲ့ပဲ အထဲကို အရဲကိုးပြီး လှမ်းဝင်လိုက်တယ်။ အင်္ကျီအိတ်ထဲမှာ အမြဲပါတဲ့ ဓာတ်ငွေ့မီးခြစ်လေးကို ထုတ်လိုက်တယ်။ ဒီမီးခြစ်မှာ အလင်းပေးတဲ့ ဓာတ်မီးအသေးစားလေး ပါတယ်။

အဲ့ဒီဓာတ်မီးလေးက အမှောင်ထဲမှာဆို အတော်လင်းတယ်။ သုံးလေးပေအကွာအထိ လင်းတယ်။ သဲကွဲထင်ရှားတဲ့ အလင်းမျိုးတော့ မဟုတ်ဘူး။ လက်ညှစ်ဓာတ်မီးအလင်းမျိုး။ အားတော့နည်းတာပေါ့လေ။

ဖုန်အလိမ်းလိမ်း တက်နေတဲ့ ရှေးဟောင်းပရိဘောဂတွေကို တွေ့ရတယ်။ တချို့နေရာတွေမှာ လူနေထိုင်ထားသလို ဖုန်မရှိပေမယ့် တချို့နေရာတွေမှာ မင့်ကူအိမ်အမျှင်ယှက်အောင်





ဖုန်တွေ ဒုနဲ့ဒေးနဲ့ တက်နေတယ်။ ဧည့်ခန်းဆောင်ထဲရောက်တဲ့အထိ လူရိပ်လူယောင် မတွေ့ရဘူး။

"အိမ်ရှင်တို့ . . . အိမ်ရှင်တို့"

ထပ်ခေါ်ကြည့်လည်း ပြန်မထူးဘူး။ ဧည့်ခန်းဆောင်ကို ဖြတ်ပြီး အခန်းထဲကို ဝင်လိုက်တယ်။

"ဒီအိမ်ထဲမှာ လူတစ်ယောက်ယောက် မရှိဘူးလား ခင်ဗျာ"

"ဟဲလို . . ကျွန်တော် ဧည့်သည်ပါ. . . အထဲမှာရှိရင် ပြန်ထူးပါ"

ဇော်တေဇ အော်တဲ့အသံ။ အိမ်အတွင်းခန်းနံရံတွေက နေ ပဲ့တင်ပြန်လာတယ်။ အခန်းက လေဝင်လေထွက် မကောင်းလို့ ပုပ်အဲ့အဲ့အနံ့ကြီး ထွက်နေတယ်။ အပေါ်ထပ်ဘက်က ခြေသံလိုလို၊ စကားပြောသံလိုလို ကြားလိုက်ရတယ်။ သေသေချာချာ နားထောင်ကြည့်တော့ မသဲကွဲဘူး ဖြစ်နေတယ်။ အပေါ်ထပ်တက်တဲ့ လှေကားကို ဇော်တေဇ လှမ်းတွေ့တာနဲ့ အပေါ်ထပ်ကို တက်လာခဲ့တယ်။ အင်္ဂတေ အုတ်လှေကားကြီးအတိုင်း တက်လိုက်တာနဲ့ အပေါ်ထပ်ကို ရောက်လာတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီအိမ်ထဲမှာ ဘယ်သူရှိပါသလဲ ခင်ဗျာ. . .ကျွန်တော် ဧည့်သည်ပါ. . .အိမ်ရှင်နဲ့ တွေ့ချင်လို့ပါ"

အတွင်းဘက်ထဲက ရယ်သံ သဲ့သဲ့ ကြားလိုက်ရပြန်တယ်။

"ဦးမူတူး. . .ဦးမူတူး"

"ဒုန်း. . .ဒုန်း. . .ဒုန်း. . .ဒုန်း"

ကြမ်းပြင်ကို ခြေဆောင့်နင်းပြီး ပြေးလာတဲ့ အသံကို အတိုင်းသား ကြားလိုက်ရတယ်။ ဖော်တေဖရဲ့ ကျောထဲ စိမ့်ခနဲ ဖြစ်ပြီး ကြက်သီးဖြန်းဖြန်း ထသွားမိတယ်။ ခြေသံလာရာဘက်ကို ဓာတ်မီးလေးနဲ့ ဆတ်ခနဲ ထိုးကြည့်လိုက်တော့ ဘာမှမတွေ့ရဘူး။ အသံပါ ပျောက်သွားတယ်။

ထူးဆန်းနေပြီ။ အခန်းတွေက အများကြီးပဲ။ တစ်ခန်းဝင်ကြည့်လိုက်တော့ ကုတင်အိပ်ယာနဲ့ တစ်စုံတစ်ယောက် လှဲအိပ်နေတယ်။ စောင်ခြုံလွှမ်းထားတယ်။

"ဒီး ဟီး ဟီး ဟီး. . .ဒီး ဟီး ဟီး ဟီး"

ညည်းတွားနေတယ်။ ငှက်ဖျားတက်သလို ညည်းတွားနေတာကြောင့် အနားကို ကပ်သွားမိတယ်။ အသံပျောက်သွား





တယ်။

"ဦးမူတူး. . .ဦးမူတူး"

ဖျားနာနေတာ မှတ်လို့ ကူညီပေးဖို့ စောင်ခေါင်းမြီးခြုံကို အသာလှပ်ကြည့်လိုက်တယ်။

"အား"

"ခွီးရား"

"အား"

စောင်ထဲဝင်ခွေနေတဲ့ မျက်လုံးစိမ်းကြီးက အလန့်တကြား ခုန်ထွက်သွားတယ်။ ဓာတ်မီးနဲ့ ထိုးကြည့်လိုက်တော့ ရောမကြောင်နက် ဝဖီးဖီးကြီး ဖြစ်နေတယ်။ အခန်းအပြင်ကို လှစ်ခနဲ ပြေးထွက်သွားပါလေရော။

စောင်ကြီးကို ဆွဲခွာလိုက်တော့ ခေါင်းအုံးတွေနဲ့ ဖက်အုံးတွေကို လူတစ်ယောက် အိပ်နေတဲ့ပုံစံမျိုး စောင်နဲ့ ခြုံပေးထားတာ တွေ့လိုက်ရတယ်။ ဦးမူတူးက အရူးဆိုတော့ သူ့ဘာသာ ပေါက်ကရတွေ လျှောက်လုပ်ထားမှာပေါ့။

"ဒီး ဟီး ဟီး ဟီး ဟီး"

ညည်းတွားသံကြီးကို အခန်းအပြင်ဘက်က ကြားလိုက်



www.burmeseclassic.com

www.burmeseclassic.com



ရလို့ ဇော်တေဇ တုန်ခနဲ ဖြစ်သွားတယ်။ ခုနတုန်းက ဒီစောင်ခြုံထဲက ကြားရတာပါ။ အခု အသံက အပြင်ဘက်က ကြားနေရပြန်ပြီ။ ခုန ခုန်ထွက်သွားတဲ့ ကြောင်ကြီးရဲ့ ညည်းတွားသံလား။

''အူဝဲ...အူဝဲ...အူဝဲ''

''ဟင်...ကလေးငိုသံ''

ဇော်တေဇ တီးတိုးရေရွတ်ပြီး အခန်းအပြင်ကို ထွက်လိုက်တယ်။ မြလေးရုံကို တစ်ခန်းဝင် တစ်ခန်းထွက် လိုက်ရှာမှ ဖြစ်မယ်။ နောက်တစ်ခန်းထဲ ဝင်လိုက်တော့ ရင်ထဲ ထိတ်ခနဲ ဖြစ်သွားတယ်။ တောတွင်း သတ္တဝါမျိုးစုံရဲ့ အရေခွံရုပ်လုံးကြွတွေ ထားတဲ့အခန်း ဖြစ်နေတယ်။ အခန်းထဲကို အသာဝင်ပြီး နေရာအနှံ့ ဓာတ်မီးနဲ့ လိုက်ထိုးကြည့်တယ်။

''ဝုန်း''

နောက်က တစ်စုံတစ်ရာ ပြုတ်ကျသံကြောင့် ဆတ်ခနဲ လှည့်ကြည့်လိုက်တော့ ချိတ်ထားတဲ့ သမင်ခေါင်းကြီး သူ့ဘာသာ ပြုတ်ကျနေတာ အံ့ဩထိတ်လန့်ဖွယ်ရာ တွေ့လိုက်ရတယ်။ ဖွင့်ထားတဲ့အခန်းတံခါးကိုလည်း တစ်စုံတစ်ယောက်က 'ဒိုင်း'ခနဲ





ဆွဲပိတ်သွားတယ်။

ဒီအိမ်ကြီးထဲမှာ ဦးမှုတ္တူးကော ရှိရဲ့လား။ သရဲခြောက်နေတာလား။ တစ်ခန်းပြီး တစ်ခန်း လိုက်ထိုးကြည့်တယ်။ ပရိဘောဂအဟောင်းများနဲ့ ဗီရို၊ သေတ္တာတွေ၊ တိုလီမုတ်စတွေ၊ အဝတ်အစားတွေ ပြန့်ကျဲနေတာ တွေ့ရတယ်။ အောက်ထပ် ပြန်ဆင်းလာတော့ မီးဖိုခန်းဘက်မှာ လူရိပ်ကို တွေ့လိုက်ရလို့ အမြန်လိုက်ကြည့်တော့ ဘာမှမတွေ့ရဘူး။

အပြင်မှာ မှောင်နေပြီ။ နောက်ဘက် လေဝင်ပေါက်ကနေ လှမ်းတွေ့နေရတယ်။ စားပွဲပေါ်မှာ–

သွေး...သွေးတွေ။ သွေးကွက်အိုင်ကြီး။ လူ့လက်ဖျံကြီး တစ်ချောင်း။ လက်ဆစ်တွေတောင် ပါသေးတယ်။

ကြောင်အိမ်တံခါးက သူ့အလိုလို ပွင့်လိုက်ပိတ်လိုက်နဲ့။ လေတိုက်နေလို့များလား။ ဖွန်းခက်ရင်းတွေ လွတ်ကျသံကို ရေချိန်းလို့ ထင်ရတဲ့ဘက်ထဲက ကြားလိုက်ရတယ်။ အသေအချာ ဖွင့်ကြည့်လိုက်တော့ မားသွေးနေသံ တကျွိကျွိကို ကြားလိုက်ရတယ်။ ဇော်တေဇ ကျောချမ်းသွားပြီး နီးစပ်ရာ တုတ်တစ်ချောင်းကို ကောက်ကိုင်လိုက်တယ်။ ကောက်ကိုင်လိုက်မိတော့



www.burmeseclassic.com

www.burmeseclassic.com



စတီး(လ်)ပိုက်လုံးတစ်ချောင်း ဖြစ်နေတယ်။

ရိုပ်ခနဲ

ဝှစ်ခနဲ

ခေါင်းငုံ့ရှောင်လိုက်လို့။

"ခွမ်း"

"ချလွမ်"

သားလှီးဓားကြီးတစ်ချောင်း။ အမှောင်ထဲကနေ လှမ်းပေါက်လိုက်တာ။ အရှောင်မမြန်ရင် မတွေးရဲစရာ။

"ဟေ့...ဘယ်သူလဲကွ"

ဇော်တေဇ အော်မေးလိုက်တော့ တိုင်ကီအဖုံးကို တဂွမ်းဂွမ်းနဲ့ ဆူပွက်အောင်လုပ်တဲ့အသံ ပေါ်လာတယ်။

ရေချိုးခန်းလို အခန်းထဲကို ဓာတ်မီးနဲ့ ထိုးပြီး ပိုက်လုံးကို ကျစ်ကျစ်ဆုပ်ရင်း လှမ်းဝင်သွားလိုက်တော့...

"ဒုတ်"

"ဟာ"

တစ်စုံတစ်ရာကို ခလုတ်တိုက်မိလို့ ဓာတ်မီးနဲ့ ထိုးကြည့်လိုက်တော့...





"ဟင်"

လူဟစ်ယောက်။ အသားမဲမဲ၊ မုတ်ဆိတ်ကျင်စွယ်တွေနဲ့ လဲကျနေတာကို ဝင်တိုက်မိတာ ဖြစ်နေတယ်။

ရင်ဘတ် နိမ့်မြင့် ပိန်ဖောင်း ဖြစ်နေတာကို ကြည့်ပြီး ထိုလူ အသက်ရှင်နေသေးတာ သိလိုက်ရတယ်။

"ဒီမှာ...ဒီမှာ"

လဲနေတဲ့လူကို အတင်းလှုပ်နှိုးလိုက်တော့ လဲနေတဲ့လူက အမြန်ထပြီး...

"သ...သရဲတွေ...ဘီလူးတွေ...အား"

လဲရာက ငေါက်ခနဲ ထထိုင်အော်တယ်။ ပြီးတော့ အမြန်ကုန်းထပြီး ဗလုံးဗထွေး အော်ဟစ်ထွက်ပြေးသွားပြန်ရော။ ဇော်တေဇ ဆက်မလိုက်တော့ဘူး။ အောက်ထပ်အခန်းတွေထဲကို ပိုက်စိပ်တိုက် လိုက်ရှာကြည့်တယ်။ ညှီစို့စို့ အနံ့ဆိုးကြီးနဲ့ အောက်သိုးသိုး အနံ့အသက်တွေကြောင့် တစ်နေရာမှာ ကြာကြာ ရပ်မရှာနိုင်ဘူး။ ခေါင်းထဲကိုက်ခဲလာတယ်။

"ဟင်"

မြေလေးရဲ့ စီးတဲ့ ဖိနပ်တစ်ဖက်။ ဒေါက်ဖိနပ်။ ကြိုးသေ



www.burmeseclassic.com

www.burmeseclassic.com



ပါပြီ။ မှုတူးဆိုတဲ့ အရူးကြီးက မြလေးရုံကို ဆွဲခေါ်သွားပြီး လုပ်ချင်ရာတွေ လုပ်ပစ်လိုက်တာပဲ ဖြစ်မယ်။ မှုတူးနောက်ကို လိုက်ဖို့ပြင်ပြီးမှ ဇော်တေဇ တစ်စုံတစ်ရာ ပြန်လည်တွေးမိသွား တယ်။

အမှောင်ထဲကနေ ဓားနဲ့ပေါက်တာ ဘယ်သူလဲ။ မှုတူး အော်သွားသလို တစ္ဆေမိစ္ဆာတွေလား။ မြလေးရုံကို ဘယ်မှာ လိုက်ရှာလို့ မတွေ့ဘူး။ ရေချိုးခန်းဘက်ကို သွားမကြည့်ရသေး ဘူး။

ဇော်တေဇ အပြေးသွားကြည့်တယ်။ အမှောင်ထဲက ဓာတ်မီးလေးနဲ့ တိုးဝင်ကြည့်တော့ ဘာမှထူးခြားတာ မတွေ့ ဘူး။ ရေချိုးခန်းဘက်က ပြန်ထွက်ပြီး အိမ်အနောက်ဘက်ကို ထွက်လိုက်တယ်။ ရေစင်နဲ့ အုတ်ရေကန်၊ ပြီးတော့ နောက်ဘက် လေသာဆောင်ကို တက်တဲ့ ကြောင်လိမ်လှေကား။ ဒါပဲတွေ့ တယ်။

လှေကားပေါ် တက်မယ်အလုပ်မှာ ရောမ မည်းမည်း အရိပ်ကြီး နည်းနည်းနောနော ကောင်ကြီးလား။ လူဝံကြီးလော် ရှိတဲ့ အကောင်ကြီးက လှေကားမှာ တွဲလွဲခိုနေတာ တွေ့လိုက်

ရလို့ ဇော်တေဇ လန့်ပြီး နောက်ပက်လက်လန်ကျသွားတယ်။ အမွေးအမျှင် ထူလပျစ်နဲ့ အကောင်ကြီးကြောင့် ဇော်တေဇ ကြောက်လန့်ပြီး ဆအော်ပြေးထွက်မိတယ်။ ဆမင်းလုံးတစ္ဆေ ခြောက်ခံရသလိုပဲ၊ ဘယ်လောက်ပြေးပြေး နေရာက ရွေ့တယ် မထင်ရဘူး။ အားစိုက်ပြီး ပြေးနေတာကို နှေးတယ် ထင်မိတယ်။ တိုက်ပျက်ကြီးရဲ့ခြံဝကို ရောက်တော့မှပဲ အားပြန်ပြည့်သလို ထွင်ပြီး အမြန်သုတ်ခြေတင်ပြေးရတော့တယ်။

* * * * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

အဆောင်ပြန်ရောက်တော့ ဇော်တေဇ အမော့ဆို့နေပြီ[...] ကတုန်ကယင်နဲ့ ငမ်းဖန်းသလို အဖျားတွေတက်ပြီး တဟီးဟီး[...] ရယ်လိုက် တအီးအီးငိုလိုက်နဲ့။ ဝေယံအောင်နဲ့ သူရိန်စိုးလည်း[...] ကြရာမရ ဖြစ်ကုန်ကြပြီ။ နောက်ဆုံး အဆောင်မှူးကို နှိုးပြီ[...] ပရိတ်ရေတွေ တောင်းရတယ်။ ပရိတ်ရေ တိုက်လိုက်[...] ဇော်တေဇ ငြိမ်ပြီး အိပ်ပျော်သွားတယ်။

နောက်တစ်နေ့ မိုးလင်းတော့ ဇော်တေဇ အိပ်ယာ[...] က မထနိုင်ဘူး။

"မြလေးရဲ့ ထွက်မပြေးနဲ့... ရှေ့မှာ မိစ္ဆာကောင်ကြီး[...] တွေ... မင်းကို ဖမ်းစားလိမ့်မယ် ပြန်လာခဲ့... ကိုယ့်ဆီ ပြန်လာ[...] ခဲ့ ကိုယ်ကာကွယ်ပေးမယ်... ဟာ... အား... တစ္ဆေကြီး လျှာ[...]





[...]ကြီးနဲ့ တင်းပုတ်ကြီးကိုင်ပြီး လျှာတွေသွင်းလိုက် ခေါက်လိုက် [...]လုပ်ပြနေတယ်.. သူ့လျှာကြီး အရှည်ကြီး ထွက်လာပြီး မြလေးရဲ့ [...]ကို ရစ်ပတ်နေပြီ.. လုပ်ကြပါဦး ငါ လှုပ်လို့မရဘူး... မြလေးရဲ့ [...]ကို ကယ်ကြပါဦး"

"ဟောကောင် ဇော်တေဇ ဘာတွေလျှောက်အော်နေတာ [...]... စိတ်ထိန်းစမ်း... လာထ... ဆေးခန်းသွားမယ် မင်းတစ် [...]ယ်လုံး မီးခဲကြနေတာပဲ အပူတွေကြီးနေပြီ"

"ဟင်... သူရိန်... ငါ ဘယ်ရောက်နေတာလဲ"

"အဆောင် ပြန်ရောက်နေတာလေကွာ"

"မြလေး... မြလေးရဲ့ကော ဘယ်မှာလဲ"

"အင်း... အဲ... မကြာခင် ရှာတွေ့တော့မှာပါကွာ... [...]တ်ထိန်းထား... ထ... ငါ့ကိုတွဲ"

သူရိန်နဲ့ ဝေယံက ဇော်တေဇကို တွဲမ,ပြီး Taxi ပေါ် [...]ကြတယ်၊ ပြီးတာနဲ့ အထူးကုဆေးခန်းကို သွားပို့ကြတယ်။ [...]ထူးကုဆေးခန်းက အထူးရိတ်တဲ့ နေရာမှာ စံပြပဲ။

"လူနာ ဒီလောက်အပူကြီးနေတာ... ဘာလို့ ရေပတ် [...]တိုက်ပေးတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



အထွေထွေရောဂါ ကုသတဲ့ ဆရာမက သူ့ရိန်နဲ့ ဝေယံကို အပြစ်တင်တယ်။

"နောက်တစ်ခါ တိုက်ပါ့မယ်...ဒါနဲ့ ဘာရောဂါလဲ ဆရာမ"

"နှလုံးနဲ့ ဆိုင်မယ် ကျောက်ကပ်ကိုလဲ စစ်ရမယ်..ဆီးချိုသွေးချို အသဲ အူမကြီး...ဦးနှောက်ပိုင်းဆိုင်ရာတွေ အားလုံး စစ်ဆေးရမယ် ဒါမှ ရောဂါအမည် တပ်လို့ရမှာပေါ့"

"ဖြစ်ပုံက ဒီလိုပါ ဒေါက်တာ...ဒီကောင် စိတ်ပိုင်းဆိုင်ရာကြောင့် ဖြစ်ရတာနဲ့ တူပါတယ်"

"စိတ်ကြောင့်ဖြစ်တာနဲ့ ဖျားပါ့မလား"

"ပူးကပ်ခံရတာ နေမှာပေါ့..."

ဒေါက်တာမက အဖျားကျအောင် ဆေးထိုးတယ်။ ဆေးပေးတယ်။ အပူသိပ်ကြီးရင် ဒုံးကျည်ထည့်ဖို့ ပေးလိုက်တယ်။

ပြန်သာခေါ်လာရတယ် အဖျားက ခဏပဲ ကျတယ်။ အဆောင်ပြန်ရောက်တာနဲ့ ပြန်တက်တာပဲ။ ဒုံးကျည်ထိုးထည့်လဲ မရဘူး။ ခက်ပြီ။ ကိုမော်ကြီးနဲ့ နိုင်ဇော်အေးတို့နဲ့ တိုင်ပင်ကြတယ်။ ကိုမော်ကြီးက–





"သရဲသနိုက်တွေရဲ့ ဖမ်းစားခံရတာလို့ ငါ ထင်တယ်၊ မြန်မာဆရာတွေ ပြကြည့်ဖို့ပြောတယ်"

နိုင်ဇော်အေးကလဲ သူ့အသိ အထက်ဂိုဏ်းဆရာ ရှိတယ်တဲ့။ ဟုတ်သည်ရှိ မဟုတ်သည်ရှိ ဇော်တေဇကို ခေါ်ပြီး သွားပြကြတယ်။ ဆရာက ကြည့်လိုက်တာနဲ့...

"ပယောဂကြောင့်ပဲကွ"

"ဟုတ်လား ဆရာ"

"အေး...ငါ စစ်ဆေးပြမယ်...ကြည့်နေ"

ဆရာက ဇော်တေဇကို ခြေချောင်းနိုင်းတယ်။ ခြေချောင်းလေးတွေ ခွဲနိုင်းပြီး စုနိုင်းတယ်။ ဇော်တေဇက မလှုပ်ပဲနဲ့ ခြေချောင်းလေးတွေ ခေါင်းညိတ်နိုင်းတယ်။ ပယောဂ မှန်တယ်ဆိုပြီး ဆေးတိုက်တယ်။

ဖြန်းဆို ဆေးလာကုတဲ့ အထဲက အဒေါ်ကြီးတစ်ယောက်ကို ဝင်ပူးတယ်။ ကြမ်းပြင်ကို လက်နဲ့

"ဖြန်း"

"ဖြန်း"

ရိုက်ပြီး–



www.burmeseclassic.com

www.burmeseclassic.com



"မကျေနပ်ဘူးဟေ့...မကျေနပ်ဘူး"

ကျန်တဲ့လူတွေ လန့်ကုန်တယ်။ ဆရာကတော့ ခပ်တည်တည်နဲ့–

"ဘယ်သူ့ကို မကျေနပ်တာလဲ"

"အဲ့ဒီအကောင်ကို...ငါ့ပိုင်နက်ထဲ ဝင်မွှေတယ်"

"အဲ့ဒီအကောင်ဆိုတာ ဟော့ဒီ လူနာကိုလား"

ဆရာက ဇော်တေဇကို လက်ညှိုးထိုးပြပြီး ပြောတယ်။ ပယောဂ ဝင်ပူးတဲ့ အဒေါ်ကြီးက မျက်ထောင့်နီကြီးနဲ့ ဆံထုံးကို ဆွဲဖြည်ပြီး ဆံပင်ဖားလျားချရင်း–

"ဟုတ်တယ်...အဲ့ဒီကောင်ပဲ မကျေနပ်လို့ ငါ ဖမ်းစားလိုက်တာ...စော်စော်ကားကား ငါ့ကိုများ ဘာမှတ်နေသလဲ"

"မင်းကို ဘာတွေစော်ကားလို့လဲ"

"ငါ့အိမ်ထဲကို နိုးဝင်တယ်...ငါ့ကို ပမာမခန့် စော်ကားတာပဲ"

"ကဲပါကွာ မင်းကျေနပ်အောင် သူ့ကို တောင်းပန်ခိုင်းလိုက်မယ်...မင်း ဘာဖြစ်ချင်သလဲ ပြော"

"အသားချက်တစ်အိုး၊ အသားစိမ်းတစ်အိုးနဲ့ အရက်





(၂)လုံး ထမင်းဖြူ(၂)အုပ်၊ ငါ့အိမ်ရှေ့ လာပို့"

"အေး...လုပ်ပေးမယ်...မင်း လုပ်ထားတာတွေ ပြန်နုတ်သွား...လူနာကို မိမွေးတိုင်း ဖမွေးတိုင်း ထားခဲ့"

"ရတယ်ဟေ့...ရတယ်"

"ရရင် ဘုရားကို ဦးတိုက်ပြီးမှ ပြန်ထွက်"

"ဟင်အင်းဟေ့"

"မတိုက်ရင် ဟော့ဒီမှာ ကြိမ်လုံး...နင့်ကို အသေရိုက်မယ်...တိုက်မလား မတိုက်ဘူးလား"

"တိုက်...ရ"

ဆရာခိုင်းတဲ့အတိုင်း ပယောဂ ပူးနေတဲ့ အဒေါ်ကြီးက ဘုရားကို ဦးတိုက်ကန်တော့တယ်။ ကန်တော့ပြီးတာနဲ့ အဒေါ်ကြီး ပျော့ခွေကျသွားပြီး မှော့သွားတယ်။ ဘေးလူတွေ ဝိုင်းပြီး နှိပ်ပေးမှ အင်းခနဲ သတိရလာတယ်။

"ကျွန်မ ဘာဖြစ်တာလဲဟင်...ဘာဖြစ်သွားတာလဲ"

ဘေးလူတွေ ရှင်းပြမှ တအံ့တဩ ဖြစ်သွားရှာတယ်။ ပယောဂ ဝင်ပူးနေတုန်းက ခန္ဓာကိုယ်က ရှေ့တိုးနောက်ငင် ယိမ်းထိုးနေတယ်။ ဝိဉာဉ်တွေ လူခန္ဓာကိုယ်မှာ ကြာကြာနေပါရင်



www.burmeseclassic.com

www.burmeseclassic.com



ပူတယ်နဲ့တူတယ်။ အချိန်ကြာကြာ မကပ်နိုင်ကြဘူး။

ဇော်တေဇအတွက် ကိုမော်ကြီးတို့ကပဲ တာဝန်ယူလုပ်ပေးလိုက်တယ်။ တိုက်ပျက်ကြီးမှာ သွားကျွေးပြီးတာနဲ့ ဇော်တေဇရဲ့ရောဂါ ယူပစ်သလို ပျောက်သွားတော့တာပဲ။

အဖျားရောဂါ ပျောက်သွားပေမယ့် စိတ်ရောဂါက ဖောက်ချင်သေးတယ်။

သစ်ပင်ကြီးကို မြလေးရဲ့ အမှတ်နဲ့ စကားပြောချင်ပြောနေသေးတယ်လေ။

* * * * *



## အခန်း (၆)

သက်ဆိုင်ရာလူကြီးတွေနဲ့ ဇော်တေဇတို့အဖွဲ့ တိုက်ပျက်ကြီးထဲကို ဝင်ရောက်ရှာဖွေကြတယ်။ မှုတ်ူး ရှိတယ်။ ငုတ်တုတ်ကြီး ထိုင်ကြည့်နေတယ်။ မြလေးရုံနဲ့ ပတ်သက်တာ ဘာမေးမေး မဖြေဘူး။ ပေါက်ကရတွေပဲ လျှောက်ပြောနေတယ်။ အပေါ်ထပ်၊ အောက်ထပ်၊ နောက်ဘက်လသာဆောင်တွေပါ လိုက်ရှာတယ်။ ဝေယံအောင်နဲ့ သူရိန်စိုးက မြေအောက်ခန်းရှိနိုးနိုးနဲ့ လိုက်ရှာဖွေကြည့်နေတယ်။

အရူးမှုတ်ူး နေတဲ့အိမ်ဆိုတော့ ပစ်စလက်ခတ် ရှုပ်ပွနေတာပေါ့။

“မင်း မြင်တွေ့ခဲ့ရတဲ့ လှုံ့ကြီးဆိုတာလဲ မတွေ့ရပါလား” ကိုမော်ကြီးက ဇော်တေဇကို လာမေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဇော်တေဇက–

"သရဲခြောက်တာလဲ ဖြစ်နိုင်တာပဲ. . . ခုချိန်မှာ အရေးကြီးတာ မြလေးရှုံကို တွေ့ရဖို့ပဲ"

"ဗိုလ်လေး. . . အပေါ်ထပ်ခိုးမှာ အသားနွှာထားတဲ့ လူအရိုးစု နှစ်ခု တွေ့ပါတယ်"

"ဟင်. . . ဟုတ်လား. . . ဒါဆို လိုက်ကြည့်မယ်"

လူအရိုးစု အင်္ဂါအစုံ (၂)စုံကို အောက်ရောက်အောင် သယ်မပြီး ချတယ်။ အမှုစစ် အရာရှိက–

"ဒါ ယောက်ျားအလောင်းနဲ့ မိန်းမအလောင်းပဲ. . . ယောက်ျားအလောင်းက ကြာပြီ. . . မိန်းမအလောင်းက သိပ်မကြာသေးဘူး"

"ဗျာ. . . ဒါ. . . ဒါဆို. . . မြ. . . မြလေးရှုံတော့ မဖြစ်နိုင်ပါဘူးနော်"

"ပြောလို့တော့ မရဘူး. . . ဓာတ်ခွဲခန်းမှာ စစ်ဆေးအဖြေထုတ်ကြည့်မှ ရမှာပဲ. . **DNA** စစ်ဆေးကြည့်ရင် အဖြေထွက်လာမှာပါ"

ဝေယံအောင်က–





"မိန်းမအလောင်းရဲ့အရပ်အမောင်းက ၅' ၃" မြလေးရှုံရဲ့ အရပ်အမောင်းပဲ. . . နောက်စေ့ချွန်နေတာ မြလေးရှုံလိုပဲ၊ မြလေးရှုံက နောက်စေ့ချွန်လို့ မယ်သီလရှင် မဝတ်ရဲဘူးလို့ မခိုင်က ပြောပြထားဖူးတယ်'

ဇော်တေဇ မျက်နှာ ရှုံ့မဲ့နေပြီ။ သူရိန်နိုးက ဝေယံအောင်ကို တံတောင်နဲ့ အသာတွတ်ပြီး တားတယ်။

အရိုးစုနှစ်ခုနဲ့အတူ မှတ်းကိုပါ စစ်ဆေးဖို့ ရဲစခန်း ခေါ်ခဲ့တယ်။ ရှုံးပေမယ့် ရှုံးတာမှန်မမှန် ထမ်မိ စစ်ဆေးဖို့ လိုလာပြီလေ။

တချို့က ရှုံးချင်ယောင်ဆောင်ပြီး ရာဇဝတ်မှုတွေ ကျူးလွန်တတ်တယ် မဟုတ်လား။

❋ ❋ ❋ ❋ ❋

အဲ့ဒီညက ဇော်တေဇ အိပ်လို့မပျော်ဘူး။ ညဆယ်နာရီထိုးလောက်မှာ တစ်ယောက်တည်း စကားတွေပြောလိုက်၊ ရယ်လိုက်၊ ငိုလိုက်နဲ့ပေါ့။



www.burmeseclassic.com

www.burmeseclassic.com



သူရိန်က. . .

"ဒီကောင် သည်းချေပျက်ပြီး ရူးသွားပြီနဲ့တူတယ်ကွ"

ဝေယံအောင်က. . .

"ယဉ်ယဉ်လေးနဲ့ရူးတဲ့ဘဝတော့ ရောက်ပြီနဲ့တူတယ်"

အိပ်ယာဝင်ခါနီး ပြောဆိုနေကြတုန်း ဇော်တေဇက. . .

"သူရိန်နဲ့ ဝေယံ. . . ခဏလာဦး"

ဝေယံက. . .

"ခေါ်နေပြီ. . . သူရိန် မင်းသွားလိုက်၊ ငါ ဗိုက်နာလို့ ရေအိမ်ပြေးလိုက်ဦးမယ်"

ဝေယံ တစ်ယောက်တည်း အဆောင်နောက်က မှောင် မှောင်မည်းမည်း တွင်းလက်ဆီလာခဲ့တယ်။

အဲ့ဒီအချိန်မှာ သစ်ပင်ပေါ်က ဖုတ်ခနဲ လူဆင်းလာတဲ့ အသံ။ ခြေသံရှပ်ရှပ်နဲ့ လမ်းလျှောက်လာတဲ့အသံ ကြားလိုက်ရ လို့ အမှောင်ထဲမှာ မျက်လုံးအားစိုက်ပြီး ကြည့်လိုက်မိတယ်။

"အောင်မလေး. . . မြမြ. . . မြ. . . လေး. . . လေး"

ဆံပင်ဖားလျားနဲ့ မတ်တပ်ကြီး ဆိုင်ရပ်နေတဲ့မိန်း တစ်ယောက်ကို တွေ့လိုက်ရတယ်။ ဝေယံ စိတ်အခံမှာကိုက





မနက်ပိုင်းက မြလေးရဲ့ ဆုံးသွားပြီအထင်နဲ့ စိတ်မသန့်ဖြစ်နေ ခဲ့တာ။ မြလေးရဲ့ သေလို့ လာခြောက်တာထင်ပြီး လန့်အော်ပြေး ပါလေရော။

အမှန်တော့ ကီလိုမာလကာ အပင်ပေါက်ပါ။ လူတစ်ရပ် လောက် မြင့်နေပြီ။ အဆောင်မှူး ရွှေစိုက်ထားတာ။ အမှောင်ထဲ မှာ ရုတ်တရက် ကြည့်လိုက်ရင် လူလိုလို တစ္ဆေလိုလိုနဲ့ပေါ့။

ဝေယံအောင် ပြေးလာတော့ သူရိန်က ဆီးကြိုမေးတယ်။

"ဘာ. . . ဘာဖြစ်တာလဲကွာ. . . လန့်လိုက်တာ"

"မြ. . . မြ. . . လေး. . . လေး"

"ဟင်. . . မြလေရဲ့. . . ဟုတ်လား"

"အောင်မလေး. . . ပြေး. . . ပြေးဟ. . . ဒီမှာလဲ မြလေးရဲ့ ရောက်နေတယ်တဲ့. . . ဇော်တေဇက ခေါ်ပြနေတာ"

"ဟင်. . . ဘယ်မှာလဲ"

"မမြင်ရဘူး. . . မသိဘူး။ ပုပ်အဲ့အဲ့အနံ့ကြီးတော့ နံတာ ပဲ"

"ကြိမ်းသေပါပြီ. . . မြလေးရဲ့ သေတာမကျွတ်ပဲ လာ ခြောက်နေတာ. . . လစ်ဟေ့. . . လစ်ဟ"



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်သား အဆောင်ထဲဝင်ပြီး တံခါးပိတ်ကျိတ်လုပ်နေလိုက်တယ်။ ပါးစပ်ကလည်း တတ်သလောက် မှတ်သလောက် ဘုရားစာတွေ ရွတ်ဖတ်သရဇ္ဈာယ်ကုန်ကြတော့တာပေါ့

ကိုမော်ကြီးတို့အဖွဲ့ ဂစ်တာတီးပြီး ပြန်လာတော့ အဆောင်ရှေ့မှာ ဆံပင်ဖားလျားနဲ့ မိန်းမတစ်ယောက်ကိုတွေ့လို့ 'ဘူး' ကျပြီး ဘာအကူအညီပေးရမလဲ မိန်းကလေးကို သွားမေးတာ ဟိုကလှည့်ကြည့်လိုက်တော့ ဘီလူးမရုပ်ကြီးဖြစ်နေလို့ အသကုန်အော်ပြေးပြီး အဆောင်ကို ရောက်လာကြတယ်။

ဇော်တေဇနဲ့တွေ့ခတော့ . . .

''ဟိတ်ကောင် ဘာလုပ်နေတာလဲ၊ ခုတလော ငါတို့ကံနိမ့်နေတယ်. . . သရဲတောင်မဟုတ်ဘူး၊ ဘီလူးမခြောက်တာတောင် ခံရတယ်၊ အဆောင်ထဲဝင်နေလေကွာ. . . အမလေးကြောက်ဖို့ကောင်းလိုက်တဲ့ရုပ်ကြီး''

''ဘာလို့ဝင်ရမှာလဲ. . . မြလေးရဲ့ ရောက်နေတယ်ဗျ''

''ဟိုက်. . . ဘယ်မှာလဲ''

''ဒီမှာလေ. . . ကျွန်တော့်ဘေးမှာ ရပ်နေတယ်၊ တင်ခေါင်းလုံး ပန်းတွေဝေအောင် ပန်ထားတယ်၊ ခင်ဗျားတို့ကိုတောင်





ပြုံးပြနေသေးတယ်''

ကိုမော်ကြီးနဲ့ နိုင်ဇော်အေးတို့ ပခုံးတွေတွန့်၊ ကျောတွေတွန့်ပြီး ကိုယ့်အခန်းကိုယ် အမြန်ဝင်ကုန်ကြတယ်။

သူတို့က လူကိုမကြောက်ဘူး။ သရဲကိုကြောက်တယ်။ သရဲက ကမ္ဘာဖိုး အစွမ်းရှိတယ်။ ပြန်ချလို့ မရဘူး။ လူကပြန်ဆော်လို့ရတယ်။ တချို့က သရဲကိုမကြောက်ဘူး။ သရဲကဘာမှပြန်မလုပ်နိုင်ဘူး။ လူကသာ ဓားထောက်လုနိုင်တယ်။ အပြေတိုက်နိုင်တယ်။ အသက်သေအောင် သတ်နိုင်တယ်တဲ့။

ဇော်တေဇတစ်ယောက် ဒီလိုသာ စိတ်ဖောက်ပြီး နေချင်သလို နေသွားရင်အခက်။ ကျောင်းပြန်ဖွင့်လို့ ကျောင်းတက်ရတဲ့အခါဆိုရင် ဘယ်လိုလုပ်မလဲ။ ဇော်တေဇ တစ်ယောက် သူ့ရဲ့တစ်ယောက်အိပ်ခန်းထဲကိုဝင်သွားတယ်။

သုံးထပ်သားကာထားတဲ့ အခန်းဆိုတော့ တစ်ဖက်ကပြောရင် တစ်ဖက်က ကြားနေရတာပေါ့။

သူရိန်စိုးနဲ့ ဝေယံအောင်က နှစ်ယောက်ခန်း။ ဇော်တေဇရဲ့အခန်းဘေးမှာ၊ ဇော်တေဇရဲ့ ဘယ်ဘက်အခန်းပေါ့။ ညာဘက်အခန်းမှာတော့ ကိုမော်ကြီးနဲ့ နိုင်ဇော်အေးတို့ရဲ့ နှစ်ယောက်ခန်း။



www.burmeseclassic.com

www.burmeseclassic.com



"မြလေးရယ်. . . မြလေးကို ပြန်တွေ့ရဖို့ မောင်မှာ ကြိုးစားလိုက်ရတာ၊ ခုလို ဘေးမသီရန်မခ ပြန်တွေ့ရလို့ မောင် အရမ်းပျော်သွားပြီ သိလား. . . မြလေး ဘာစားချင်လဲ၊ မောင် ကတော့ ပီတိနဲ့ ဝနေပြီ၊ ကိုမော်ကြီး ချိုင့်ဆွဲပေးထားတဲ့ ကြက် သားဟင်းနဲ့ ဘာလချောင်ကြော် စားမလား. . . ဒါဆို မောင် ခူးခပ်ကျွေးမယ်. . . အဝသာစား"

ဖော်တေဇ လုပ်ကိုင်ပြောဆိုသမျှကို ကြားနေရလို့ ကို မော်ကြီးတို့ မအိပ်နိုင်သလို သူရိန်စိုးတို့လဲ မအိပ်နိုင်ကြချေ။

တကယ်ကို မြလေးရဲ့ ရောက်နေတဲ့အတိုင်းပဲကိုး။ ကိုမော်ကြီးက နိုင်ဖော်အေးကို လေသံတိုးတိုးနဲ့ ပြောတယ်။

"ဟိုကောင်တော့ မဟုတ်တာတွေ လုပ်နေပြီ. . . ကွေ့ မြလေးရဲ့ သရဲမဖြစ်ပြီး ဒီကောင့်ဆီ လာကပ်နေတာနဲ့ တူတယ် ကွ"

"ဟုတ်လိမ့်မယ်၊ အဆောင်ထိပ်မှာတွေ့ခဲ့ရတဲ့ ဘီလူးမ က မြလေးရဲ့ ခေါ်လာခဲ့တာနဲ့ တူတယ်. . . အဲဒီပရလောကမှာလဲ အပေါင်းအဖော်တွေနဲ့ ဇနေတတ်ကြတယ်တဲ့"

"အေး. . . ဒီကောင်ခေါ်တာ အကြောင်းမဟုတ်ဘူး။





သရဲမကနေ တစ္ဆေမဖြစ်လာပြီး အကောင်ကြီးရင် ညဘက်အိပ် နေတဲ့ကောင်ခတွေကို ဗိုက်ဖောက်တီးပစ်မှ ဟုတ်ပေ့ဖြစ်နေဦး မယ်"

"ကိုမော်ကြီး ပြောတာ ဟုတ်တယ်. . . ဒီအဆောင်ထဲ မှာ အဆောင်စောင့်တဲ့နတ်တွေ ရှိတယ် မဟုတ်လား. . . ဒီသရဲမ ဘယ်လိုလုပ်ပြီး ဝင်လို့ရမှာလဲ"

"အ,ပါကွာ၊ လူတွင်ပါလို့ နွားကျားကိုက်တာပေါ့၊ ဖော်တေဇက လိုက်ခဲ့ဆိုပြီးခေါ်လာရင် သူ့ကိုယ်နဲ့ကပ်ပြီး လိုက် လာလို့ ရတယ်လေ၊ ဖော်တေဇက လက်ခံထားတော့ အဆောင် စောင့်နတ်တွေက ဘယ်လိုမောင်းထုတ်မလဲ၊ လက်ခံကောင်က အရေးကြီးတယ်ကွ"

"ဒါဆို ဖော်တေဇကို လက်မခံဖို့ သွားပြောရမှာပေါ့"

"အဲဒါပဲ ရှိတော့တာပေါ့၊ ခက်တာက ဖော်တေဇကလဲ မယားတရှူးရှူးနေတော့ ငါတို့ ဝိုင်းပြောတာကို လက်ခံမှာ မဟုတ် ဘူး"

"အဲ့ဒါဆို ဘယ်လိုလုပ်ကြမလဲ"

"ဝိုင်းပြီး တိုင်ပင်ကြတာပေါ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်ခန်းမှာ ဇော်တေဇက အလွမ်းသယ်လို့ ကောင်း နေဆဲ။ ဒီညတော့ ဇော်တေဇရဲ့ ဘေးအခန်းကလူတွေအတွက် ငုတ်တုတ်မိုးလင်းရတဲ့ပွဲပေါ့။

* * * * *



## အခန်း (၇)

"ဟုတ်ရဲ့လားဟယ်. . . မဖြစ်နိုင်တာ"

မွှေးမွှေးမြကြ ငြင်းချက်စထုတ်တယ်။ နိုင်နိုင်နိုင်က. . .

"သည်းခြေပျက်အချစ်ရူးကြီး ဖြစ်သွားတာနဲ့တူတယ်"

"မြလေးရုံက ရှင်ဖို့ထက် သေဖို့က ပိုများတယ်၊ စိတ္တဇ လူသတ်သမားနဲ့ တိုးသွားတာ ကံဆိုးတာပေါ့"

နိုင်နိုင်နိုင်က ဝေယံအောင်ရဲ့ ပခုံးကို လက်နဲ့ရိုက်ပွတ် ရင်း. . .

"မြလေးရုံကို ပါးစပ်ပုပ်ကြီးနဲ့ မပြောပါနဲ့ဟယ်"

မွှေးမွှေးမြက နိုင်နိုင်နိုင်ကို ပြူးကြောင်ကြည့်တယ်။ ပြီးတော့ လက်ကုတ်ရင်း. . .

"မနေ့ညက. . . ရှင် သတိထားမိလား၊ အဆောင်က

www.burmeseclassic.com



ကျွန်မတို့အခန်းတံခါးကို လာခေါက်တာ''

''အေး. . . ဟုတ်တယ်၊ အဆောင်နေကျောင်းသူတွေက ပြန်မရောက်သေးဘူး။ အဆောင်မှာ တို့သုံးယောက်အိပ်ခန်းမှာ လူရှိတယ်။ မြလေးရုံရှိတုန်းကဆို တို့နဲ့မမွေးရယ် ပေါင်းသုံးယောက်ပေါ့။ အောက်ထပ်မှာ ကုမ္ပဏီမှာအလုပ်လုပ်တဲ့ အစ်မကြီးနှစ်ယောက်၊ ဒါပဲရှိတာ. . . အဲဒီအစ်မကြီးတွေနဲ့က မျက်မှန်းတန်းမိရုံပဲရှိတာ၊ သိပ်မခင်တော့ သူတို့လဲ နောက်ရဲမှာ မဟုတ်ဘူး။ အဆောင်မှူးအပျိုကြီးဆို ပိုတောင် မနောက်သေးတယ်. . . မြလေးရုံသေပြီလို့တွက်ရင်တော့ သူ့အခန်းသူ ပြန်လာတဲ့အနေနဲ့ ခေါက်တာဖြစ်နိုင်တယ်''

သူရိန်စိုးက. . .

''မြလေးရုံသာဆို ကျတ်ဖို့မလွယ်ဘူး၊ ဖောတေဇကို သိပ်ချစ်တာ၊ ဖော်တေဇကလဲ မြငလေးရုံထက်တောင် ပိုချစ်သေးတယ်''

ကိုမော်ကြီးက. . .

''မြလေးရုံ သေမသေဆိုတဲ့ သဲလွန်စရအောင် စောင့်ရဦးမယ်။ သန်ဖက်ခါဆို အဖြေရလောက်ပြီတဲ့၊ အမှုကိုင်အရာရှိက





ပြောတယ်. . . ငါတို့ ဝိုင်းပြီးဆုတောင်းပေးကြတာပေါ့၊ နောက်တစ်ခါ အဲဒီလို မိုက်ရူးရဲဆန်ပြီး ပေါက်ကရ ပျော်ပွဲစားတွေ မလုပ်ကြနဲ့. . . ငါတို့ကြတော့ မခေါ်ဘူး၊ ငါတို့ပါရင် ဒီလိုဖြစ်ချင်မှဖြစ်မှာ''

နိုင်ဇော်အေးက. . .

''ဟုတ်တယ်၊ ကိုမော်ကြီးသတ္တိကောင်းတာ သောက်ခံတယ်''

ဝေယံအောင်က. . .

''မင်းက ကိုမော်ကြီးသတ္တိကောင်းတဲ့အကြောင်း သိထားပြီးပြီပေါ့''

''ရက်စ်''

''ပြောပြစမ်းပါဦး''

''ဟိုဘက်က အုပ်စုလိုက်ကြီး၊ ကိုမော်ကြီးတစ်ယောက်တည်း. . . အုပ်စုလိုက်ကြီးနဲ့ တစ်ယောက်ထဲခံရိုက်တာ၊ ဘိုဖက်ကကောင်တွေပဲ ကြွကုန်တယ်၊ ပုရွက်ဆိတ်တွေနဲ့ ကိုမော်ကြီး ရန်ဖြစ်တာလေ''

တစ်ဖွဲ့လုံး တစ်ဝါးဝါးနဲ့ပွဲကျသွားတယ်၊ ကိုမော်ကြီးက



www.burmeseclassic.com

www.burmeseclassic.com



နိုင်ဖော်အေးကို ဃက်သီးဆုပ်နဲ့ ထုမယ်ချည်းလုပ်နေတယ်. . . နိုင်ဖော်အေးက ဆက်တွန်းတယ်. . .

"ကိုမော်ကြီးက သရဲဆိုလဲ ကြောက်တာမဟုတ်ဘူး။ သရဲနဲ့နဘမ်းလုံးတယ်၊ ခဏခဏစိန်ခေါ်ထိုးတယ်၊ ထိုးတိုင်း ကိုမော်ကြီးပဲနိုင်တယ်၊ သရဲဆိုတဲ့ မိန်းမလျှာမလေးကို တိုးတာ ပြောတာ"

ထပ်ရယ်ကုန်ကြပြန်တယ်။ ကိုမော်ကြီးက အမေဂျမ်း ဝင်ပူးသလို ဒေါကန်နေတယ်၊ အဲဒီအချိန်မှာပဲ အိပ်ရာထ နောက်ကျ တဲ့ ဇော်တေဇတစ်ယောက် ဆိုင်ထဲကို လှမ်းဝင်လာတယ်။ လက်တစ်ဖက်က လေထဲကိုမြှောက်နေတယ်။ တစ်ယောက် ယောက်ကို ဖက်ခေါ်လာတဲ့ ပုံစံမျိုးပေါ့၊ ဘာမှလည်း မတွေ့ရ ဘူး။ တမင်ထွင်လျှောက်လာတာလို့ ဆိုင်ကလူတွေက ထင်နေကြ တယ်။

ဒီဆိုင်လေးက နံနက်ခင်းအစားအစာ မျိုးစုံရတယ်။ မိန်းခလေးအဆောင်နဲ့ ယောက်ျားလေးအဆောင်က ကျောင်းသူ ကျောင်းသားတွေ ဒီဆိုင်မှာအားပေးမှုများတယ်။

ညက(၄)နာရီလောက်မှ ဇော်တေဇ အသံငြိမ်ပြီးအိပ်သွား





တယ်၊ ဘေးအခန်းက လူတွေကတော့ ခေါင်းအုံးနဲ့နားပိတ်ပြီး ည(၂)နာရီလောက်မှာ အိပ်ခဲ့ရလို့ အိပ်ရေးဝတယ်။

ဇော်တေဇရဲ့မျက်နှာက ပြုံးရွှင်နေတာပဲ၊ အပူသည်ရုပ် မဟုတ်တော့ဘူး။ သူငယ်ချင်းပေမဲ့ အားလုံးက ဇော်တေဇကို သတိနဲ့ကြည့်နေရတယ်။ ဇော်တေဇက ခုံနှစ်လုံးဆွဲပြီး တစ်လုံးမှာ ထိုင်တယ်၊ ကျန်တဲ့တစ်လုံးမှာ. . .

"မြလေး. . . ထိုင်လေ"

"ဘယ်မှာလဲမြလေး"

"မင်းမျက်လုံးကန်းနေလား သူရိန်၊ ဒီမှာလေ့မြလေး မင်းတို့ကိုပြုံးကြည့်နေတာ မတွေ့ဘူးလား"

"ဟိုက်"

"ဟော့တော်"

"ငါတစ်ယောက်တည်း မမြင်တာမဟုတ်ဘူး၊ ကျန်တဲ့ လူတွေပါ မမြင်တာကွ"

ဇော်တေဇက ရှုံ့ရှုံ့ရှားရှားနဲ့ စိတ်ဆိုးသွားတယ်။ ကျန်တဲ့လူတွေကို ဘုကြည့်ကြည့်ရင်း ခပ်မိုက်မိုက်မေးလိုက် တယ်. . .



www.burmeseclassic.com

www.burmeseclassic.com



''မင်းတို့အားလုံး မမြင်ဘူးဆိုတာ တကယ်ပဲလား''

အားလုံးတွန့်ကုန်တယ်၊ ဇော်တေဇကကြည့်ရတာ စိတ်က သိပ်မှန်ချင်တာမဟုတ်ဘူး။ တော်ကြာဒေါကန်ပြီး ခုံနဲ့ထရိုက်နေရင် အခက်. . .

ကိုမော်ကြီးက. . .

''တို့မြင်တယ်၊ မြလေး လုလို့ဝင်လို့ပဲဟာ. . . အဟဲ''

နိုင်ဇော်အေးကလဲ. . .

''ငါတို့လဲမြင်တယ်၊ ခရမ်းနုရောင်ဝမ်းဆက်လေးနဲ့၊ ကလစ်အစိမ်းရောင်လေးပါ ညှပ်ထားသေးတယ်''

ဇော်တေဇက

''ဟောကောင်၊ မြလေးဝတ်လာတာ အဲ့ဒီအရောင်မဟုတ်ဘူး''

''ခုနစ်ရောင်စုံကွာ''

''မှားတယ်၊ မှတ်ထား သနပ်ခါးရောင်ကွ''

''နောက်တိုးသတ်မှတ်တဲ့ အရောင်တွေကိုး''

''မြလေးဝတ်ထားတဲ့ အင်္ကျီဒီဇိုင်းက ဘာဒီဇိုင်းလဲ''

''ဒိုနယ်ကာရင်ဒီဇိုင်း၊ ဒါမှမဟုတ် ဂျနီဖာလိုပက်စ်





စတိုင်(လ်)''

''မှားတယ်၊ ရှင်မီးအင်္ကျီဒီဇိုင်း''

''သေဟဲ့ နန္ဒိယရဲ့''

နိုင်ဇော်အေးတစ်ယောက် သူ့နဖူးသူပြန်ရိုက်ပြီး ပါးစပ်ပိတ်သွားတယ်။ ဝေယံအောင်က. . .

''မြလေး ဘာသောက်မလဲ၊ စားချင်သောက်ချင်တာမှာလေ''

ခုံလွတ်ကြီးကို အောင့်သက်သက်နဲ့ စကားပြောလိုက်ရတယ်။ နိုင်နိုင်နိုင်ကလဲ. . .

''မသေကောင်းမပျောက်ကောင်း ပြန်တွေ့ရလို့ ဝမ်းသာလိုက်တာဟယ်၊ ကောင်စုတ်ဇော်တေဇက မြလေးပြန်ရောက်လာတာတောင် ငါတို့ကို အကြောင်းမကြားဘူး''

''နင်တို့အားလုံးကို အံ့ဩဝမ်းသာသွားစေချင်လို့ လျှို့ထားလိုက်တာပါဟာ၊ တလွဲမထင်ပါနဲ့''

မွှေးမွှေးမြက. . .

''မြလေး ဘာလို့အဆောင်မှာ ပြန်မနေတာလဲ''

ဇော်တေဇက ကြားဖြတ်ပြီး. . .



www.burmeseclassic.com

www.burmeseclassic.com



"ငါနဲ့မခွဲနိုင်လို့ အပြီးလိုက်နေတာတဲ့"

ကိုမော်ကြီးက ခေါင်းတဗျင်းဗျင်း ကုတ်တယ်။

"အဆောင်မှူးသိရင် ပြဿနာ၊ ယောက်ျားလေးအဆောင်မှာ မိန်းကလေး နေခွင့်မရှိဘူးလေကွာ"

ဇော်တေဇက "အိုဗျာ... ဖြစ်ချင်ရာဖြစ် ကျုပ် မခွဲနိုင်လို့ အတင်းခေါ်ထားတယ်...လာပြောတဲ့သူ ရန်သူပဲ"

"ဗုဒ္ဓေါ"

"တို့မပါဘူးဟေ့"

သူရိန်က အားလုံးကို လိုက်ကြည့်ရင်း...

"မင်းတို့ အဲ့ဒီလိုပြောလိုက်တော့ ငါ့ကို ချောက်ချသလိုဖြစ်မနေဘူးလား"

ဇော်တေဇက သူရိန့်ကို ဆိုင်ကြည့်ရင်း–

"မဟုတ်တာပြောတာက မင်း၊ မင်းမျက်လုံးတွေကို မျက်လုံးပါရဂူနဲ့ ပြကြည့်သင့်နေပြီ... မြလေးရဲ့ တစ်ယောက်လုံးတောင် မမြင်တော့ဘူး"

ဇော်တေဇက ခနဲ့ပြီးဟားတာ သူရိန် ခံလိုက်ရတယ်။

"ဟုတ်ပါတယ်...ဟုတ်ပါတယ်၊ ငါ့မျက်လုံး ကန်းနေ





တာပါ။ မင်္ဂလာပါ မြလေးရဲ့...ကမ်းမွန်"

သူရိန်က အရွဲ့တိုက်ပြီး လက်ဆွဲနှုတ်ဆက်ဟန် ရပ်ပြလိုက်တော့ အားလုံး ပွဲကြကုန်ကြပါလေရော။ ဇော်တေဇက–

"တွေ့လား၊ မြလေးရဲ့ သူတို့အားလုံး မင်းကိုပြန်တွေ့ရလို့ အရမ်းပျော်ကုန်ကြပြီလေ"

ခုံလွတ်ကြီးကို လည်ပြန်ငဲ့ပြောနေတယ်။ ဇော်တေဇမြင်အောင် အားလုံး ပြုံးစေ့စေ့ ဖြစ်ပြကြတယ်။ ဇော်တေဇက ပြန်ကြည့်တော့ ရုပ်တည်ကြီးတွေနဲ့ကို ဖြစ်လို့။

မွှေးမွှေးနဲ့ ခိုင်ခိုင်နိုင်က ထိုင်ခုံအလွတ်ကြီးကို ဇော်တေဇအလစ်မှာ လက်နဲ့ဝှေ့ယမ်းပြီး စမ်းကြည့်ကြတယ်။ နေ့ဘက်မို့လို့သာပေါ့။ ညဘက်ဆို ကပ်မထိုင်ရဲအောင် ကြောက်လိုက်ကြမယ့်ဖြစ်ခြင်း။



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၈)

ဖော်တေဇကတော့ မြလေးရှံ့ဆိုတဲ့ မမြင်ရတဲ့ဟာကြီးကို မ,နေရတာနဲ့ လူကြားထဲမှာ ကိုးလို့ကန့်လန့်တွေ ဖြစ်နေရပြီး Taxi ငှါးစီးတော့လဲ နောက်ခန်းမှာ တစ်ယောက်တည်း ဘေးမှာ လူပါသလို ကူရှင်ပေါ်လက်တင်ရင်း မေးကလေးကိုင်ဟန်၊ ပါး ကလေးကို မွေးမြှဟန်တွေလုပ်ပြီး တစ်ယောက်တည်း စကား တွေ လိုမ့်ပြောနေတော့တယ်။

"မြလေးရှံ့နဲ့ လျှောက်လည်ခဲ့တဲ့နေရာတွေကို သွားမ လား. . . ရုပ်ရှင်ကြည့်ပြီး အမြန်ရ အစားအစာတွေ စားမလား ကြက်ကင်နဲ့ ကြက်ကြော်ကော ကြိုက်တယ်နော်"

". . . . . ."

"ဩော်. . . ဟုတ်သားပဲ၊ ကြက်ငှက်တုပ်ကွေးကြောင့် ကြက်သားစားလို့ ဘယ်ဖြစ်မလဲ၊ ဒါဆို ပီဇာ စားမလား. . . ဒိုးနတ် စားမလား"

". . . . . ."

"ကြိုက်တာစား ဟုတ်လား. . . မြလေး ကြိုက်ဖို့အရေး ကြီးတာပါ"

". . . . . ."

"ဟုတ်ပြီ သဘောပေါက်ပြီ. . . အဆောင်ကို စောစော ပြန်ကြမယ်လား. . . မြလေးက နေ့ဘက်တွေ သိပ်အိပ်ချင်တယ် ညည်းတာပဲနော်၊ ဩော်. . . ညမှ မအိပ်တာ ဟုတ်လား"

ကားဆရာက သူ့ကို လှမ်းလှမ်းပြောတယ် အထင်နဲ့ လှည့်လှည့်ကြည့်ရတာ အမော။ ကြာရင် ယာဉ်တိုက်မှုတောင် ဖြစ်နိုင်တယ်။ ကြုံတဲ့နေရာမှာ ကားထိုးရပ်ပြီး–

"မိတ်ဆွေ ကားခပေးမနေနဲ့၊ ဆင်းပါတော့ဗျာ၊ ကြာ ရင် ကျုပ် ယာဉ်တိုက်မှု ဖြစ်လိမ့်မယ်"

"ဗျာ. . . ဘာဖြစ်လို့လဲ"

"ခင်ဗျားက အလန့်တကြားနဲ့ အတည်ပေါက်ကြီး ထပ ပြောနေတာ၊ ကျုပ် ခေါင်းနောက်လာပြီ"







www.burmeseclassic.com

www.burmeseclassic.com



''အဖော်ပါလာတယ်ဗျ. . . စကားပြောမှာပေါ့''

''ဘယ်မှာလဲ အဖော်''

''ကျုပ်ဘေးမှာလေဗျာ. . . ကျုပ်ရည်းစား၊ ခင်ဗျား မျက်လုံး တိမ်စွဲနေပြီလား၊ အထူးကုမှာ ပြကြည့်လိုက်ဦး''

''ဘာကွ. . . တောက်၊ မင်းနဲ့ငါ တစ်ယောက်ယောက်တော့ ရူးနေပြီ. . . ဘာမှမရှိတဲ့ဟာကိုကွာ''

''တော်ပြီဗျာ. . . ဒီပြင်ကားပဲ စီးတော့မယ်၊ ခင်ဗျား ဒီလောက်တောင် မမြင်ပဲနဲ့ ကားဆက်မောင်းရင် တစ်နေ့ရာ မဟုတ်တစ်နေ့ရာ တိုက်မိမှာပဲ''

ဖော်တေဇာ လူတစ်ယောက်ကို ဖက်သွားဟန်နဲ့ လှည့်ထွက်သွားတယ်။ ကားဆရာလည်း သူ့နဖူး သူရိုက်ကျန်နေရစ်ခဲ့တယ်။

❋ ❋ ❋ ❋ ❋



## အခန်း (၉)

ညဘက်အဆောင်ပြန်ရောက်တော့ ကိုမော်ကြီးတို့အဖွဲ့နဲ့ . . .တယ်။ သူရိန်နဲ့ ဝေယံလဲပါတယ်။ နိုင်ဖော်အေးက နောက် . . .ာပေါ့။

''ဘယ်သွားကြမလို့လဲ''

''အဆောင်မှူးအဒေါ်ဆုံးလို့. . . အဲ့ဒါ ညဘက်သွားစောင့် . . .ပေးကြမလို့ကွ. . . မင်းတို့စုံတွဲကော ဘယ်ကပြန်လာတာလဲ၊ . . .းရုံက မနက်က မုန့်ဟင်းခါးမှာပြီး မစားလို့ ငါပဲကြိတ် . . .်ရတယ်ကွာ''

''မြလေးက ဗိုက်မဆာလို့ပါ. . . မြို့ထဲမှာကြတော့ စား . . .ဗျ''

''ဒါနဲ့. . . အဆောင်မှာ ဘယ်သူမှ မကျန်ခဲ့ဘူးလား၊



www.burmeseclassic.com

www.burmeseclassic.com



နယ်ပြန်တဲ့ကျောင်းသားတွေလဲ ကျောင်းဖွင့်မှ ပြန်လာကြမှာ ... ခင်ဗျားတို့သွားတော့ ကျွန်တော်နဲ့ မြလေး နှစ်ယောက် တည်း ကျန်နေခဲ့မှာပေါ့''

''အစောင့်ကြီးစိုးထိုက် ရှိပါတယ်ကွာ''

''အဲ့ဒီလူကြီးက ပြိတ္တာကြီးလို မူးပြီးအိပ်နေတာပဲ... မဖြစ်ဘူး ကျုပ်တို့နှစ်ယောက်တည်းဆို သရဲကြောက်တယ်''

''ဟောဗျာ''

သူရိန်က– ''အဲ့ဒါဆိုလဲ လိုက်ခဲ့... ဟိုမှာ အိပ်ချင်ပြေ ဖဲဝိုင်းထောင်ရမှာ၊ လိုရမယ်ရပေါ့ကွာ (ဒီတစ်ခါတော့ ဟော့ဒီ ကောင်နားမှာ မြလေးရဲ့ တကယ်ရှိမရှိ စမ်းကြည့်ရမယ်) ပြော ပြီး ဆက်တွေးပြောလိုက်တယ်။ နတ်ကမဟာရဲဘူး။ ဖော်တော ရစ်နေမှာစိုးလို့၊ အဲ့ဆောင်မှူးပိုင်တဲ့ ဒိုင်နာလေးနဲ့ သွားကြတာ ပါ။ မြလေးရဲ့ကို တယုတယ ဆွဲတင်လို့၊ ဘေးအမြင်ကတော့ ပေါကြောင်ကြောင်နဲ့ လေထုကို ဆွဲတင်နေသလိုကြီးပေါ့။ အသုဘ အိမ်ရောက်တော့ လူစောင့်တွေတောင် များနေသေးတယ်။ ဘယ် ကဘယ်လို ရောက်လာမှန်းမသိတဲ့လူတွေက ဖဲဝိုင်းစနေကြပြီ။

''ရွှေဘိုဒိုင်ကွ... ငွေလိုလို့ကိုင်တာ ကြိုက်သလောက် ... ထိုးစမ်းကွာ... ထိုးစမ်း''

''ဟာကွာ... ဒီလောက်တောင်ဖြစ်တာ... ကဲကွာ''

''ခွပ်''

''အား''

''ခွပ်''

''အောင်မလေးဗျ''

''ခွပ်''

''သေပါပြီ''

''ဟေ့... ဟေ့၊ ဝိုင်းဆွဲကြစမ်း၊ အရူးကြောင်ကြီးကို ဆွဲထားကြစမ်း၊ ဟော့ကောင်ကြောင်ကြီး... ရူးရင်လဲ ကိုယ့်ဘာ သာ အေးအေးဆေးဆေး ရူးပါလား၊ ဘာလို့ ဒိုင်ကိုထထိုးရတာ ...''

''ခင်ဗျားတို့ မကြားကြဘူးလား... ကြိုက်သလောက် ... ထိုးစမ်းကွာဆိုပြီး အနားကပ်ထိုင်နေတဲ့ ကျုပ်ကို တမင် ... စိန်ခေါ်နေတာလေ၊ အဲ့ဒါကြောင့် ကျောင်းမှန်းကန်မှန်း ... အောင် ဆုံးမပစ်လိုက်တာပေါ့ဗျ''

''ဟာ... ဒီကောင်ကွာ၊ ငွေထိုးနိုင်းတာကို ပြောတာ

www.burmeseclassic.com



ကွ၊ မင်းကို ပြောတာမဟုတ်ဘူး. . . ဝိုင်းသားတွေကိုပြောတာ"

အရှုးကြောင်ကြီးကို ဘေးလူတွေက အပြင်ဆွဲခေါ်ထုတ်သွားတယ်။ ရွှေဘိုဒိုင်လည်း သာခွေယိုင်ဖြစ်ကျန်ခဲ့တယ်။

သလ္လာမကောင်းတော့ဘူး။ ဇော်တေဇတို့အဖွဲ့ပါ အပျော်ဝင်ဆော့တယ်။ နိုင်မယ့်အလှည့် များများထိုး။ ရှုံးမယ့်အလှည့် နည်းနည်းထိုးလို့ ဇော်တေဇက အနိုင်ရတယ်။ သူရိန်တို့ပါ ဘေးထိုးလို့ ပွပေါက်တိုးကုန်တာပေါ့။ ဇော်တေဇက မြလေးရဲ့ကို မေးမေးပြီး ထိုးနေတာ။ သူရိန်တို့ ဇော်တေဇ ဘေးမှာ မြလေးရဲ့ ဝိညာဉ်ရှိနေတာ ယုံချင်လာကုန်ကြပြီ။ ထိုးတိုင်းနိုင်တဲ့ ဇော်တေဇတို့ကို ဒိုင်အဖွဲ့က လန့်လာပြီ။ အမွေးတိုင်ပေ့ ယှပ်ထွန်းပြီး သူတို့ရဲ့ ပိုင်ရာဆိုင်ရာတွေကို ပသကြတယ်။

တစ်ခါမှာတော့ ထိုးနေရင်းတန်းလန်းက ဇော်တေဇ ထရပ်ပြီး. . .

"ဟော့လူကြီး. . . ဘာလို့ ကျုပ်ရဲ့ မြလေးကို အတင်းဆွဲခေါ်ထုတ်နေတာလဲ၊ အခုလွှတ်စမ်း. . . လွှတ်"

လူတွေအားလုံး ပြူးပြူးပြာပြာ ဖြစ်ကုန်တယ်။ ဘယ်သူ့ကို ပြောလို့ပြောရမှန်း မသိတာ။ ဇော်တေဇက ပြေးသွားပြီး





လေထဲကို ခုန်ကန်ပြီး ထိုးကြိတ်နေတော့တာပဲ။ ကိုမော်ကြီးက–

"ကွိုင်လွတ်ပြီ. . . လိုက်ထိန်းဟ"

ဇော်တေဇကို ဝိုင်းဆွဲပြီး ခြံပြင်ကို အတင်းဆွဲခေါ်လာရတယ်။ လေးယောက် ဝိုင်းချုပ်ထားတာတောင် မနိုင်ချင်ဘူး။

"ဟော့ကောင် သူရိန် လွှတ်. . . လွှတ်စမ်း၊ ဟိုမှာ ငါ့မြလေးကို ဟိုလူကြီးနှစ်ကောင် အတင်းဖမ်းဆွဲပြီး ခြံပြင်ကို ဆောင့်တွန်းနေတယ်ကွ၊ ငါ သွားကယ်ရမယ်၊ မင်းတို့ ငါ့ကို ဘာလို့ ချုပ်ထားရတာလဲ. . . ဖယ်ကွာ"

ဇော်တေဇ အတင်းရုန်းကန်ပြီး အသုဘအိမ်ရှေ့မှာ ထိုးကျောက်ကန်နှက်နေပြန်တယ်။ အဆောင်မှူးကိုယ်တိုင် ထွက်လာပြီး. . .

"ဇော်တေဇကို အဆောင်ပြန်ပို့လိုက်တော့ကွာ"

ဇော်တေဇကို အငှါးကားထဲ အတင်းသွင်းပြီး အဆောင်ပြန်ပို့ရတယ်။ ကိုမော်ကြီး လိုက်ပို့တာပေါ့။ ကျန်တဲ့လူတွေက ကူညီလုပ်ကိုင်ပေးဖို့ ကျန်နေခဲ့တယ်။

"မြလေး ဘာမှမဖြစ်လို့ တော်သေးတယ်၊ ခုနကောင်ကြီးတွေက ဒိုင်မွေးထားတဲ့ အကောင်ပလောင်တွေနဲ့ တူတယ်၊



www.burmeseclassic.com

www.burmeseclassic.com



အသုဘဖြစ်သွားတဲ့ အဒေါ်ကြီးက မြလေးကို ချစ်လို့ဆိုပြီး ကာ
ပေါ်အတင်းတက်လိုက်တာတယ်ဗျ. . . ကိုမော်ကြီး''

''ဟော့. . . ဟော့ရောင်. . . မဟုတ်တာတွေ မပြော
စကားနောက် တရားပါတယ်. . . ခွီး. . . အဆောင်မှာ လူရှိ
မဟုတ်ဘူး၊ စိုးထိုက်ဆိုတဲ့ ပြိတ္တာကြီး ဒီအချိန်ဆို ခေါင်းစိုက်
လောက်ပြီ''

''သေသွားတဲ့ အဒေါ်ကြီးက သူတကယ်မသေပါဘူးတဲ့''

''ဟော့ကောင်. . . မင်းကွာ''

''အဒေါ်ကြီးကလေ ခေါင်းခန်းမှာ ထိုင်နေတဲ့ ချာတိ
က ချစ်စရာလေး. . . သူနဲ့လိုက်နေမယ် လုပ်နေတယ်''

ကိုမော်ကြီး ဆိုတာလေ ကျောနဲ့ရင်စိမ့်ပြီး လက်အုပ်
မိုး တောင်းပန်တော့တာပဲ။ အဆောင်ရောက်တော့. . .

''ရှပ်. . . ရှပ်. . . ရှပ်. . . ရှပ်''

''အသံရပ်ကြည့်စမ်း''

''ရှပ်. . . ရှပ်''

နောက်ကကပ်လိုက်လာတဲ့ ခြေသံကပါ ရပ်တန့်သွ
တယ်။ လှည့်ကြည့်တော့လဲ ဘယ်သူမှ မရှိဘူး။ စမ်းသပ်





ထပ်လျှောက် နားထောင်တယ်။ နောက်က မမြင်ရတဲ့ ပရလော
ကသား လိုက်လာတာပဲဖြစ်မယ်။

မြလေးရဲ့အပြင်၊ နောက်ထပ် အဆောင်မှူးရဲ့ သေသွား
တဲ့ အဒေါ်ကြီးပါ လိုက်လာတယ်ဆိုတော့ ကိုမော်ကြီး အလန့်
တကြား ဟစ်အော်ပြီး အဆောင်ထဲကထွက်ပြေးရပြီပေါ့။ ကြုံတဲ့
အငှါးကား တားစီးပြီး အသုဘအိမ်ကို ပြန်လစ်ပြီပေါ့။ ဒါတောင်
ဇော်တေဇာ လစ်ပြေးသွားတဲ့ ကိုမော်ကြီး ကြားအောင် လှမ်း
အော်လိုက်သေးတယ်။

''အဒေါ်ကြီး ဘာလို့ ကိုမော်ကြီးနောက် ပြေးလိုက်သွား
တာလဲ၊ မလိုက်နဲ့လေ. . . ဟာ. . . ပြောလို့မရဘူး၊ အဲ့ဒါဆိုလဲ
လိုက်ဗျာ. . . ဟား. . . ဟား. . . ဟား. . . ဟား''

* * * * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

သက်ဆိုင်ရာက အဖြေထွက်ပေါ်လာတယ်။ တိုက်ပျက်ကြီးမှာ သေဆုံးသွားတဲ့ အမျိုးသမီးဟာ မြလေးရဲ့ မဟုတ်ဘူးတဲ့။ မြလေးရဲ့နဲ့ သက်တူရွယ်တူ လုံးဒေါက်တူတဲ့ မိန်းမတစ်ယောက် ဖြစ်နေတယ်။

နိုင်နိုင်နိုင်၊ မွှေးမွှေးမြနဲ့ သူ့ရိန်တို့ တစ်ဖွဲ့လုံး ဝမ်းသာမိကြတယ်။ ထခုန်မတတ်ပဲ။

"ဒါဆို. . . မြလေးရဲ့ အသက်ရှင်နေသေးတယ်ပေါ့"

"အေးပေါ့. . . ဝေယံရ"

"ဟိုက်. . . အဲ့ဒါဆို ဇော်တေဇ ဘေးနားမှာ မြလေးရဲ့ အယောင်ဆောင်ပြီး ကပ်နေတာ ဘယ်ကသရဲမလဲ"

"အေး. . . ဝေယံပြောတာ ဟုတ်တယ်၊ မြလေးရဲ့





ဝိညာဉ်မှတ်လို့ ငါတို့က သိပ်မကြောက်ကြတာ၊ တခြားသရဲမဆိုရင်တော့ အီးဟီးဟီးဟီး"

နိုင်ဇော်အေးက ကြောက်ဖျားဖျားဟန် လုပ်ပြနေတယ်။ ကိုမော်ကြီးက လဒကြီးလိုမှိုင်ပြီး. . .

"ဇော်တေဇကြောင့် ငါလဲ ညစ်နေတာယ်၊ အသုဘအိမ်မှာကွာ သေတဲ့အဒေါ်ကြီးက ငါ့ကိုချည်းပဲ လှည့်ပတ်ခြောက်လှန့်နေတော့တာပဲ. . . အဆောင်ပြောင်းဖို့တောင် စဉ်းစားနေရပြီ"

နိုင်နိုင်က. . .

"မြလေးရဲ့ကို ဆက်ရှာဖို့ လုပ်ကြတာပေါ့"

မွှေးမွှေးက. . .

"ဇော်တေဇ အနားမှာ ရောက်နေတဲ့ ပရလောကသူနဲ့ ဇော်တေဇတို့ ဘယ်လိုကနေ စတွေ့ကြတာလဲ"

"ပယောဂ အပူးခံရတုန်းကနဲ့ တူတယ်"

"တိုက်ပျက်ကြီးမှာ နောက်ပက်လက်လန်လဲကျတုန်းကလို့ ပြောတာပဲ. . . ဇော်တေဇ ထွက်ပြေးလာတော့ မြလေးရဲ့နဲ့ လမ်းမှာ တွေ့တယ်. . နောက်တော့ မေ့ပြီး ဘာဖြစ်မှန်း မသိတော့ဘူး. . . နောက်တော့ သတိပြန်ရလာတယ်၊ အဖျားရောဂါ

www.burmeseclassic.com



ပျောက်တဲ့အချိန်မှာ မြလေးရုံက အနားကို ရောက်နေတယ်တဲ့"

"အဲဒါဆို တခြားပရလောကထဲက ဝင်ကပ်နေတာ ဖြစ်နိုင်မယ်"

"ရမ်းသမ်းမပြောနဲ့. . . ဇော်တေဇ တစ်ယောက် စိတ်ထိခိုက်ပြီး စိတ်ဝေဒနာရှင် ဖြစ်သွားတာလဲ ဖြစ်နိုင်တာပဲ"

"ဇော်တေဇရဲ့ မိဘတွေကို အကြောင်းကြားပြီး ဆေးကုသလိုက်ရင် ပိုကောင်းမယ်"

"စောင့်ကြည့်ပါဦး. . . တကယ့်မြလေးရဲ့ အစစ်ကို ဒီကြားထဲမှာ တွေ့သွားရင်လဲ ဒီကောင် ပြန်ကောင်းလာနိုင်တာပဲ"

သူငယ်ချင်းတွေဆိုတော့ သူ့အကျိုးကိုယ့်အကျိုးကို ရှေ့ရှုပြီး ဆွေးနွေးကြရတာပေါ့။

အဲဒီအချိန်မှာပဲ ဝိုင်းထိုင်နေတဲ့ဆိုင်ထဲကို ဇော်တေဇ သုတ်သီးသုတ်ပျာနဲ့ ရောက်ချလာတယ်။

"မြလေး. . . မြလေး ပျောက်သွားလို့ မြလေးကို တွေ့မိသေလား၊ မင်းတို့များ ဖွက်ထားတာလားကွာ"

"ဟောဗျာ"

"ဝေယံ. . . မင်း ခါးပိုက်ထောင်ထဲမှာ ဖွက်ထားတယ်





မဟုတ်လား"

"မနောက်နဲ့ကွာ. . . ဒီမနက်နိုးတော့ မြလေး မရှိတော့ဘူး"

"ဘယ်ရှိတော့မလဲ၊ မြလေးရုံမှ မသေတာ"

"အေးလေ. . . မသေလို့ ပျောက်နေတာပေါ့"

"ဟာ. . . ရှုပ်ကုန်ပြီ မင်းအနားမှာ မြလေးရဲ့ အယောင်ဆောင်ပြီး ကပ်နေတာက သီးသန့်တစ်ယောက်ကွ၊ မြလေးရဲ့ အစစ်က မသေဘူး. . . အရိုးစုတွေကို စစ်ဆေးကြည့်တော့ မြလေးရုံရဲ့အလောင်း မဟုတ်ဘူး"

ကိုမော်ကြီးက ရှင်းပြတယ်။ ဇော်တေဇက. . .

"ဟုတ်တယ်လေ. . . အဲဒီအိမ်ကြီးက ပြန်လာတော့ မြလေးနဲ့ ကျွန်တော် စ,ပြန်တွေ့တာပဲ"

အားလုံး ခေါင်းကုတ်ကုန်ကြတယ်။ ရှင်းလေ ရှုပ်လေ ဆိုတာ ဒီလို ပြဿနာမျိုးပဲ။ မရှင်းတော့ဘူး။

မြလေးရုံ ပျောက်သွားတာကို လိုက်ရှာပေးဖို့ ပြင်ဆင်ကြတယ်။ ဇော်တေဇက တိုက်ပျက်ကြီးကို ပြန်သွားမယ်၊ အဲဒါ လိုက်ခဲ့ပါတဲ့။ တစ်ယောက်မှ မလိုက်ရဲဘူး။



www.burmeseclassic.com

www.burmeseclassic.com



အုပ်စုလိုက်ဆိုရင်တော့ ချီတက်ကြမယ်တဲ့။ ဒါကြောင့် အုပ်စုလိုက်ကြီး ထွက်လာခဲ့ကြတယ်။ နေ့ခင်းကြောင်တောင်ကြီးမှာ ဒီအုပ်စုကို ဘယ်လိုပရလောကသားတွေက ခြောက်လှန့်ရဲကြမှာတဲ့လဲ။

❀ ❀ ❀ ❀ ❀



## အခန်း (၁၁)

တိုက်ပျက်ကြီးကိုရောက်တော့ အရှုး မူတူးကိုပဲ တွေ့ရတယ်။ ရဲစခန်းက ခေါ်စစ်ဆေးပြီး ပြန်လွှတ်ပေးထားတာလေ။

အရှုးဆိုတော့ ဗိုက်ဆာရင် လိုက်တောင်းစားတယ်။ ရှုးသာရှုးတယ်။ အိမ်အပြင်ထွက်ရင် သော့ခတ်တံခါးပိတ်ပြီးမှ ထွက်တယ်။ ဇော်တေဇတို့အဖွဲ့ကို မြင်တော့ အိမ်ပြင်ထွက်ထိုင်နေရာကနေ အိမ်ထဲ ပြေးဝင်ပုန်းပြီး တံခါးပိတ်နေတယ်။

"ဒီအထဲမှာလဲ ရှာပြီးသွားပြီ၊ ဘာမှလဲ မတွေ့ပါဘူးကွာ"

ကိုမော်ကြီးက ပြောလာတယ်။ ဇော်တေဇက–

"ဒီအိမ်ကြီးထဲမှာပဲ သဲလွန်စ ပျောက်သွားတာ၊ ဒီအထဲမှာပဲ ရှာရမှာပဲ. . ."

ဇော်တေဇက တံခါးကို ဆောင့်ကန်ဖွင့်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဝုန်း"

တံခါးနောက်မှာ ချောင်းနေတဲ့ အရှုး မှုတူးတစ်ယောက် နောက်ပက်လက်လန် လဲကျသွားတယ်။ သူရိန်က ဇော်တေဇ ကို အတင်းဆွဲထားတယ်။

"မလုပ်နဲ့. . . ပိုင်နက်ကျူးလွန်မှုဖြစ်သွားမယ်"

"ဘယ်သူက သွားတိုင်မှာလဲ၊ ဒီမှာက အရှုးပဲရှိတာကွ"

"အရှုးက သွားတိုင်ရင်. . . အချောင်ခံရဦးမယ်"

ဇော်တေဇက အရှုးမှုတူးကို ကိုင်ဆောင့်ပြီး. . .

"ဟေ့လူ. . . ခင်ဗျား မြလေးရဲ့ကို ဆွဲခေါ်သွားတာ မငြင်းနဲ့၊ အခု မြလေးရဲ့ ဘယ်မှာလဲ၊ ပြောစမ်း. . . မပြောပဲ လိမ်ညာနေရင် အခုချက်ချင်းပဲ ခင်ဗျားကို သတ်ပစ်မယ်. . . ပြော. . . အခုပြော"

မှုတူးက ပြူးကြောင်ထိတ်လန့်တဲ့ မျက်နှာနဲ့ ခေါင်းတ ခါခါ လုပ်ပြနေတယ်။ ဇော်တေဇကို ဝိုင်းဆွဲကြရတော့တာပေါ့။ ဇော်တေဇက မှုတူးကို နောက်တစ်ချီ ဆွဲလှုပ်လိုက်တော့. . .

"ကျုပ်. . . ကျုပ် မဆွဲဘူး၊ ဒေါ်သံသီးဆွဲတာ. . . ဒေါ်သံသီး ဆွဲတာ. . . ကျုပ် မဟုတ်ဘူး"





"ဘာ. . . ဘာညာတာလဲ၊ ဒေါ်သံသီးက သေတာကြာ ပြီ၊ ငါ့လူတွေ ပြောနေကြတယ်၊ မှန်မှန်ပြောစမ်း. . . မပြောရင် ခင်းနံ့ရိုးတွေ ကျိုးအောင်ချိုးပစ်မယ်"

"မသေ. . မသေဘူး။ ဒေါ်သံသီး မသေဘူး. . မီးလောင် လို့ ရုပ်ပျက်ကုန်တာ. . . သူဆွဲလာတာ ကောင်မလေးလေ"

"အင်း. . . အဲ့ဒီကောင်မလေး ဘယ်မှာလဲ၊ ပြောစမ်း ဘယ်မှာလဲ"

"ဒေါ်သံသီး ခေါ်ထားတယ်. . . ခေါ်ထားတယ်"

"ဟာ. . . ဝေ့လည်ကြောင်ပတ်နဲ့ ငါကွာ. . . သွားတွေ ကို ချိုးပစ်လိုက်တော့မယ်. . . ဟင်း"

ဇော်တေဇက လက်သီးနဲ့ ထိုးဖို့ရွယ်တော့ မှုတူးခမျာ တုန်ချိပြီး အဘား အဘားနဲ့ ကျုံးအော်နေတယ်။ မှုတူးဆီက သဲလွန်စ ဆက်ရဖို့ ဘယ်သူမှ မတားကြဘူး။

"ဒေါ်သံသီး ဘယ်မှာနေတာလဲ"

"ဟိုးရှေ့က ချုံတွေထဲမှာ နေတယ်. . . ဒီကို လူတွေ သာမရှာခင်က ကောင်မလေးကို ဒီမှာဖွက်တယ်၊ လူတွေလာ သလို့ အဲဒီချုံတွေထဲကို ပြောင်း. . . ပြောင်းသွားတယ်"



www.burmeseclassic.com

www.burmeseclassic.com



မှတ္တူး လက်ညှိုးထိုးပြတဲ့ ချုံတွေက ကုမ္ပဏီပိုင် ဆိုဒ် ဝင်းကြီးထဲက ချုံနွယ်ပိတ်ပေါင်းတွေပေါ့။ ဇော်တေဇ ပြေးချသွားတယ်။ နောက်က ပြေးလိုက်ကုန်ကြတာပေါ့။ ဝင်းကြီးထဲ ဝင်ပြီး ထပ်ရှာတယ်။ စေ့စေ့စပ်စပ် ထပ်ရှာတာ ဘာမှမတွေ့ဘူး။ ကိုမော်ကြီးတို့အဖွဲ့တွေ စိတ်မောလူမောဖြစ်ပြီး ဇော်တေဇကို ပြန်ဖို့ချော့ခေါ်တယ် မရဘူး။ ညမိုးချုပ်တဲ့အထိကို ရှာနေတယ်။ ညစာ မစားရသေးဘူး။

"ခေါ်မရလဲ လွှတ်ထားလိုက်ကွာ. . . ငါတို့တွေ ညစာ ပြန်စားမှ ဖြစ်လိမ့်မယ်"

ကိုမော်ကြီးနောက်ကို ဇော်တေဇကလွဲရင် အားလုံး လိုက်လာတယ်။ အဆောင်နားက ချိုင့်ဆွဲဆိုင်မှ (လပေးငွေရှင်း) လက်မှတ်ထိုးပြီး ထမင်းစားကြတယ်။ စားသောက်ပြီးတော့ ဇော်တေဇကို ပြန်ခေါ်သင့် မခေါ်သင့် စဉ်းစားကြတယ်။ ခေါ်လို့လွယ်မှာ မဟုတ်ဘူး။ အားလုံး ပင်ပန်းပြီး အိပ်ချင်နေကြပြီ။ မိန်းကလေးတွေကို အဆောင်ပြန်ပို့ပေးလိုက်တယ်။

"ဇော်တေဇက သရဲတစ်ပိုင်း ဖြစ်နေပြီ. . . အချိန်တန် သူ့ဘာသာသူ ပြန်လာလိမ့်မယ်"





ယောက်ျားလေးအဆောင်ထဲ ဝင်တော့ ရေစင်မှာ ရေချိုး...တဲ့ ဇော်တေဇကို မီးလုံးဝါကြန့်ကြန့်အောက်မှာ လှမ်းတွေ့...်ရတယ်။

"ဟူး. . . ငါတို့မှာတော့ ဒင်းအတွက် ပူလိုက်ရတာ၊ ...တောင် အဆောင်ကို အရင်ပြန်ရောက်နေသေးတယ်"

"ဟော့ကောင် ဇော်တေဇ. . . မြလေးရုပ်ကို တွေ့ခဲ့လား"

ရေစိုပုဆိုးပိုင်းကြီးနဲ့ မျက်နှာအုပ်ထားတဲ့ ဇော်တေဇက ...းအီးနဲ့ ရှိုက်ငိုနေတယ်။ ကိုမော်ကြီးက. . .

"ဘာလို့ရယ်နေတာလဲ. . အဲလေ. . . ငိုနေတာလဲ"

"ကိုမော်ကြီး. . . မြလေး. . . မြလေး သေပြီဗျ"

"ဟေ့. . ."

"ဟင်"

သူရိန်က "ဟုတ်လို့လားကွာ"

ဇော်တေဇက– "ဟုတ်တယ်. . . ကျုပ်ကို ကိုယ်ထင် ...း ဖြစ်ကြောင်းကုန်စင် ပြောပြတယ်၊ မြလေး သေပြီး ကျုပ် ...စွဲလန်းလို့ သရဲဖြစ်နေပြီ. . . အရှုးမကြီး သတ်လိုက်တာတဲ့၊ ...ပ်နဲ့ မြလေး ဘဝချင်းခြားသွားပြီဗျာ"



www.burmeseclassic.com

www.burmeseclassic.com



''ဖြစ်မှဖြစ်ရလေတယ်ကွာ''

''ဆိုက်ဝင်းထဲမှာ တွေ့တာ အရှုးမကြီးပဲ. . . ဘာလို့မှာ မြလေးအပေါ် ဒီလောက်ရက်စက်ရတာလဲ၊ အဲ့ဒီအရူးမကို လို ဖမ်းပြီး ထိန်းသိမ်းတဲ့နေရာတွေဆီ ပို့ရမှာပေါ့''

တစ်ယောက်တစ်ပေါက် ဝိုင်းပြောနေကြတယ်။ ဇော်တေ ကို ငိုခြင်းကို အပြီးရှိုက်ပြီး နှပ်ညှစ်တယ်။ မျက်ရည်ကို ပုဆိုး သုတ်ပစ်တယ်၊ မျက်လုံးတွေက နီရဲလျှက်သားနဲ့။

''မြလေးနဲ့ ဘဝချင်းခြားနေပေမယ့် မြလေးကို လ လွတ်မခံနိုင်လို့ ကျုပ်ကိုယ်တိုင် ခေါ်လာခဲ့တယ်''

''ဘာ''

''ဟင်''

''ဟိုက်''

''ဟုတ်တယ်. . . ကျုပ်အခန်းထဲကို မြလေး ပြန်ရော လာပြီ၊ အရင်တစ်ခါလို ပုံစံနဲ့ မဟုတ်တော့ဘူး. . . သရဲပုံစံ ပေါ့ဗျာ၊ လျှာနီကြီးနဲ့ မျက်ထောင့်ကြီးက ပြူးရဲနေတယ်၊ အစွ နှစ်ဖက်နဲ့ တော်တော်အကြည့်ရဆိုးပါတယ်။ သူ့ရဲ့ကမ္ဘဖိဒ္ဒိအစွ နဲ့ ရုပ်ကြမ်းကြီးကို ပုံစံဖျောက်လိုက်မှပဲ မြလေးရုပ်သွင် ဝိုးတ





ားလေး ပြန်ပေါ်လာတယ်''

ဇော်တေဇ ရှင်းပြတာကို နားထောင်ရင်း ကိုမော်ကြီး၊ င်ဖော်အေး၊ သူရိန်စိုး၊ ဝေယံအောင်တို့ ဇော်တေဇ အခန်းဘက် ကို ကြည့်ရင်း ကြက်သီးတွေ တဖြန်းဖြန်းထကုန်ကြတယ်။

''ခင်ဗျားတို့ မြလေးကို တွေ့ချင်ရင် ခေါ်ပြမယ်လေ''

''အဲ. . . ဟဲ. . . မပြနဲ့. . . မပြနဲ့. . . ရတယ်''

ဇော်တေဇက ခပ်ကြောင်ကြောင် ဖြစ်ချင်နေလို့ ပေါက် ရတွေ လျှောက်ပြောတာလို့ သူရိန်စိုးတို့ ထင်မိကြသေးတယ်။

ဇော်တေဇက. . .

''မြလေးရေ. . . ဒီမှာ ကိုမော်ကြီးတို့ ရောက်နေတယ် ဟ. . . မင်းကို တွေ့ချင်လို့တဲ့၊ အခန်းဝင်ပေါက်နားမှာ ရုပ်ပြ ိုက်ပါဦး''

ခက်တယ်၊ လူ့စိတ်ဆိုတာ ကြောက်လည်းကြောက်တယ်၊ ကြည့်လဲကြည့်ချင်တယ်။ အဲ့ဒါကြောင့် မရဲတရဲနဲ့ အပေါက်ဝကို ာမ်းပြီးကြည့်လိုက်ကြတယ်။

''အမလေး''

''အိုးမိုင်ဂေါ့ဒ်''



www.burmeseclassic.com

www.burmeseclassic.com



"အား"

ဖြူဖွေးနေတဲ့မျက်နှာပြင်ချောကြီးကို ဆံပင်ဖားလျားချရက်သားနဲ့ လှမ်းတွေ့လိုက်ရလို့ လေးယောက်သား ဖနောင့်နဲ့တင်ပါး တစ်သားတည်းကြအောင် ပြေးလိုက်တာမှ အမြီးကိုတန်းလို့။

လမ်းမတန်းရောက်တဲ့အထိ ခုန်ပေါက်ပြေးလာကြတာညဉ့်(၉)နာရီ ထိုးနေပြီ။ အပြင်ကနေ လက်ဘက်ရည်ပါဆယ်ဆွဲပြီး ပြန်လာတဲ့ အဆောင်မှူးနဲ့ သွားတိုးတယ်။

"ဟော့ကောင်တွေ ဘာဖြစ်လာကြတာလဲ၊ အချိတ်တလန့်နဲ့. . . ဒီညတော့ အသုဘအိမ် စောင့်ပေးမှ မလိုတော့ဘူး၊ အဆောင်မှာ အေးအေးဆေးဆေး နှပ်လို့ရပြီ၊ ကိုယ်တွေ့ရှိတဲ့ဥစ္စာ"

ကိုမော်ကြီးက အမောဖြေရင်း လိုက်မောနေတဲ့ လေးသားကြီးနဲ့. . .

"ဇော်တေဇလေ အဆောင်ထဲကို သရဲမခေါ်လာလို့ဒီည ကျွန်တော်တို့ အဆောင်ထဲ ပြန်မအိပ်ရဲတော့ဘူး"

"ဘာကွ. . . သိပ္ပံခေတ်၊ အိုင်တီခေတ်၊ အီးမေး(လ်)





ခေတ်ကြီးမှာ ဘယ်ကသရဲမကို ခေါ်လာရတာလဲ. . . နေဦး. . . ဒါမျိုး ငါလက်မခံဘူး၊ ငါ့အဆောင်ထဲ ရှုပ်ရှုပ်ယှက်ယှက်လုပ်လို့မရဘူး. . . အပြင်ဆောင်ဆိုပေမယ့် ငါက ဆေးပင်စင်နဲ့ ထွက်လာတဲ့ ကျူတာဟောင်းကွ. . . ငါသွားဆုံးမမယ်၊ အဲ့ဒီသရဲမကို ရေပို့ပစ်လိုက်မယ်. . . ဟင်း"

အဆောင်မှူးနဲ့အတူ မော်ကြီးတို့ အဆောင်ကိုပြန်လိုက်လာကြတယ်။ အဆောင်ထဲရောက်တာနဲ့ လက်ဘက်ရည်ပါဆယ်ထုပ်ကို နီးရာသံငုတ်မှာ ချိတ်ပြီး အင်္ကျီလက်ပင့်တင်လိုက်လာတဲ့ အဆောင်မှူးက ဇော်တေဇရဲ့အခန်းရှေ့မှာ. . .

"ဟေ့. . . ဇော်တေဇ ထွက်ခဲ့စမ်း၊ ဘယ်မှာလဲ သရဲမ ငါ့အဆောင်ကို ဘာမှတ်နေသလဲ၊ ပေါက်ကရတွေ လုပ်ခွင့်မပြုဘူးကွ. . . ငါ့ခြံထဲမှာ ငါ့အမိန့်မရရင် ပုရွက်ဆိတ်တောင် နေခွင့်မရဘူး"

ဇော်တေဇရဲ့အခန်းထဲက တိုးတိုးကြိတ်ရယ်လိုက်တဲ့အသံကြားတယ်။ မိန်းမအသံက ပိုရှင်နေတယ်။ ခေါ်လို့ထွက်လာတော့ အဆောင်မှူး ပိုပြီးဒေါကန်ပြီပေါ့။

"ဟေ့ကောင်. . . ဇော်တေဇ ငါခေါ်နေတာကို ဘာမခန့်

www.burmeseclassic.com



လုပ်တာလား၊ ငါကွာ. . . တောက်. . . အေး. . . မင်းမလာခ
ငါလာပြီဟေ့''

အဆောင်မှူးက ဇော်တေဇရဲ့အခန်းတံခါးအနားကို
ကပ်သွားတယ်။

''ဝုန်း''

တံခါးကို အထဲက ဆောင့်ကန်ဖွင့်လိုက်ပြီး ထွက်လာတ
မျက်နှာကြီးက ခေါင်းကြီး၊ ဆံဖွာ၊ အစွယ်ပြူး၊ မျက်ထောင့်
အရုပ်ဆိုး အကောင်ပလောင်ကြီး။

အဆောင်မှူးဆိုတာ နောက်ပက်လက်လန်ကို လဲ
ရော၊ မော်ကြီးတို့အဖွဲ့က အကောင်ပလောင်ကြီးကို လှမ်းမြင်
ကတည်းက တန်းပြီး လစ်ကုန်ကြပြီ။ သိပ်မကြာဘူး။ အဆောင်
မှူးပါ အော်ပြေးလာတယ်။ ပတ်ဝန်းကျင်မှာ ရုတ်ရုတ်သဲသဲ
ဖြစ်ကုန်တာပေါ့။ အကျိုးအကြောင်း မေးမြန်းပြီး အကြောင်းစုံ
သိတော့ လူတွေ တုတ်ဆွဲ ဓားဆွဲ ဓာတ်မီးဆွဲပြီး အုပ်စုလိုက်ကြီး
ဇော်တေဇအခန်းကို ဝိုင်းကြတယ်။

ပယောဂကုတဲ့ ဆရာပွင့်က တံခါးပြန်ပိတ်ထားတာကို
ဆောင့်ကန်ဖွင့်တယ်။ အမြင်ဖွင့်ရတဲ့တံခါး အမြင်က ဆောင့်ကန်





တော့ ကျိုးပဲ့ရုံပဲ ရှိတော့တာပေါ့။

တံခါးပျက်သွားတာနဲ့ အထဲကို ဓာတ်မီးနဲ့ ဝိုင်းထိုးကြည့်
ကြတယ်။ ဇော်တေဇရော သရဲမပါ တစ်ယောက်ဆိုတစ်ယောက်
မတွေ့ကြရတော့ဘူး။ လူတွေ နားလည်ရခက်ကုန်ကြတယ်။

အဆောင်မှူးနဲ့ ကိုမော်ကြီးတို့က အမှန်တကယ်ဖြစ်ခဲ့
တာကို လူတွေယုံအောင် မနည်းရှင်းပြလိုက်ရတယ်။

လူတွေ အသီးသီး လူစုခွဲပြန်သွားတော့ အဆောင်မှူးက
ဆရာပွင့်ကို တစ်ညစောင့်အိပ်ပေးဖို့ တောင်းပန်တယ်။ ဆရာပွင့်
က အင်တင်တင်လုပ်ရော၊ ငွေကြေးလေး စိုစိုပြေပြေပေးလိုက်မှ
အအိပ်ပေးတယ်။

''ဆရာပွင့်ဆိုရင် သရဲ တစ္ဆေ၊ ကဝေ၊ စုန်းမ၊ နတ်
ဆိုး၊ ကျုတ်တိုက် တိုက်ချင်ရာတိုက် ဘီလူးနဲ့တောင် ယှဉ်ဖိုက်
တဲ့ဆရာပွင့်ကွ''

အဲ့ဒီညက ဘုန်းတန်ခိုးကြီးတဲ့ ဆရာပွင့် တစ်ညလုံး
အိပ်နိုင်ရာဘူး။ အမှောင်ပယောဂထက်ဆိုးတဲ့ ဂျပိုးတွေကြောင့်
ကျွဲရောက်ခဲ့ရတဲ့ ဆရာပွင့်ရဲ့ည ဖြစ်သွားတယ်လေ။

✻ ✻ ✻ ✻ ✻



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

နိုင်နိုင်နိုင်နဲ့ မွှေးမွှေးမြတို့ ညစာစားပြီး စာအုပ်တင်

စီနဲ့ နှပ်နေကြတယ်။

"ဒေါက်. . . ဒေါက်. . . ဒေါက်"

အခန်းရဲ့ ပြတင်းပေါက်တံခါးကို လာခေါက်တယ်။

ပြင်ဆောင်ရဲ့ အမြင့်က (၇)ပေလောက် မြင့်တယ်။ နှစ်

ဆောင်။ အောက်ထပ်မှာ လှေကားနဲ့။ လေသာဆောင် ရှိတ

အပေါ်မှာလဲ ရှိတယ်။ (၇)ပေလောက်မြင့်တဲ့ တံခါးကို အရပ်

တဲ့လူတစ်ယောက်က လာခေါက်သလိုပဲ။ မွှေးမွှေးမြက ဖွင့်ကြ

တယ်။ ဘယ်သူ့ကိုမှ မတွေ့ရဘူး။

"မနိုင်ရေ. . . ဘယ်သူလာခေါက်နေသလဲ မသိဘူး"

"အေးဟယ်. . . ထားလိုက်ပါ၊ ဂရုစိုက်မနေပါနဲ့"





တံခါးပြန်ပိတ်ပြီး စာအုပ်ဆက်ဖတ်နေကြတယ်။

"ဒေါက်. . . ဒေါက်. . . ဒေါက်"

"မနိုင်ရေ. . . ထပ်ခေါက်နေပြန်ပြီ"

"ဖွင့်ကြည့်မနေနဲ့၊ ထားလိုက် ကြာရင် နောက်တဲ့လက်တွေ ပျောသွားလိမ့်မယ်"

"ဒေါက်. . . ဒေါက်. . . ဒေါက်. . . ဒေါက်"

"အင်း. . . ခက်ပြီ. . . ပရိတ်ကြိုးရှိလား မမွှေး"

"ရှိတယ်လေ. . အဆောင်မှူးဆီက တောင်းထားတာ"

"အဲ့ဒီကြိုးကို ပြတင်းတံခါးမှာ ချည်ထားလိုက်"

"ကောင်းပြီ. . . ချည်ထားလိုက်ပြီ"

ပရိတ်ကြိုးချည်ထားတဲ့ ပြတင်းပေါက်ကို လာမခေါက်ပေမယ့် အခန်းတံခါးဝင်ပေါက်ကို တဒေါက်ဒေါက်နဲ့ လာခေါက်နေပြန်ရော။ ခက်ပြီ။

"အခန်းတံခါးကို ချည်ထားလိုက်"

အခန်းတံခါးကို ပရိတ်ကြိုး ချည်ထားလိုက်တယ်။ အသံမကြားရတော့ဘူး။ သိပ်မကြာဘူး၊ အနံ့ဆိုးကြီး ထွက်လာတယ်။ ပုပ်အဲ့အဲ့အနံ့ကြီး။ မနိုင်ရော မမွှေးပါ မခံနိုင်လို့ လက်ကိုင်ပဝါ



www.burmeseclassic.com

www.burmeseclassic.com



တွေနဲ့ နှာခေါင်းကို ပတ်စည်းထားရတယ်''

''မနိုင် နှလိုက်တာ. . . ဘယ်လိုလုပ်ရမလဲ''

မမွှေးက လှမ်းမေးတယ်။ မနိုင်က–

''အဲဒါတော့ ငါလည်း မလုပ်တတ်တော့ဘူး၊ အဆောင်မှူး အပျိုကြီးကို အကျိုးအကြောင်း ပြောပြပြီး ပရိတ်ရေ တောင်းရင် မကောင်းဘူးလား''

''ဟာ. . . ည(၁၁)နာရီ ထိုးနေပြီ၊ မိန်းကလေးအဆောင်မှာ ကျောင်းသူတွေက နယ်ကပြန်ရောက်ကြသေးတာ မဟုတ်ဘူး. . . ကျွန်မတို့နှစ်ယောက်တည်း ဖြစ်သွားရမှာ ဘယ်လိုလုပ်မလဲ''

''ဘယ်လိုမှ လုပ်မနေနဲ့၊ အဲဒီလိုမှ မလုပ်ရင် ဒီတစ်ညလုံး နှောင့်ယှက်တာ ခံရတော့မယ်''

''မနိုင်က ဘယ်သူလို့ ထင်နေတာလဲ''

''မြလေးရုံပေါ့''

''အမလေး. . . မြလေးရုံက မသေဘူးဆို''

''ဘယ်မှာပြန်တွေ့သေးလို့လဲ၊ သေချင်သေနေမှာပေါ့''

''ပြောရင်းနဲ့ ကျွန်မ ကျောချမ်းလာပြီ''





''မကြောက်ပါနဲ့. . . ငါနဲ့လိုက်ခဲ့၊ ပရိတ်ရေ ပါလာရင် အဲဒါတွေ လုံးဝကြောက်စရာ မလိုတော့ဘူး''

နှစ်ယောက်သား အဆောင်ထဲက ထိတ်ထိတ်လန့်လန့်နဲ့ ထွက်လာကြတယ်။ မီးလုံးဝါကြန့်ကြန့်လေးသာ ရှိတယ်။ အချို့နေရာတွေက မှောင်ပိန်းနေတယ်။

''မနိုင်. . . တိုင်းလက်ဘက်က အပင်တွေ လေမတိုက်ပဲနဲ့ ယိမ်းထိုးနေသလိုပဲ''

''ကြောက်တတ်ရင် မကြည့်နဲ့လေ မမွှေးရဲ့ စိတ်နိုင်နိုင်ထား၊ အကြောက်လွန်ရင် လိပ်ပြာလွင့်တတ်တယ်''

နှစ်ယောက်သား လက်ချင်းဆုပ်ပြီး အဆောင်မှူး နေထိုင်တဲ့ ရှေ့ဘက်အဆောင်ကို သွက်သွက်လျှောက်လာကြတယ်။

''ဖလပ်. . . ဖလပ်. . . ဖလပ်''

''မနိုင်. . . နောက်က ခြေသံကြားတယ်''

''စိတ်ထင်လို့ပါဟယ်''

''ကျွန်မတို့ ခြေသံတွေ ရပ်ကြည့်ရအောင်''

''အေး''

''ဖလပ်. . . ဖလပ်''



www.burmeseclassic.com

www.burmeseclassic.com



နောက်ခြေသံပါ ရပ်သွားတယ်။ နောက်ကို အရဲစွန့်ပြီး လှည့်ကြည့်လိုက်တယ်။ ဘာမှ မတွေ့ရဘူး။

ဆက်လျှောက်တယ်။ ရှေ့နားက လူရိပ်လိုလို ဖြတ်ပြေး သွားတာ မြင်လိုက်ရတယ်။ မမွှေးက လက်ဖျားခြေဖျားတွေ အေးစက်ပြီး မနိုင်ရဲ့လက်ကို တင်းတင်းဆုပ်ရင်း. . .

"မနိုင် ကျွန်မတို့တော့ သရဲခြောက်ခံနေရပြီနဲ့တူတယ်"

"မကြောက်နဲ့ တောင့်ထား. . . သရဲဆိုတာ ကြောက် လေ ပိုခြောက်လေပဲ၊ ဘာမှမဖြစ်ဘူး. . သူတို့ဘာမှ မလုပ်နိုင်ဘူး"

နှစ်ယောက်သား အဆောင်မှူးအခန်းရှေ့ကို ရောက်လာ ကြတယ်။

"ဟယ်. . . ဒုက္ခပါပဲ၊ အဆောင်မှူးအခန်း သော့ပိတ် ထားတယ်၊ ဘယ်အချိန်က အဆောင်မှူး လစ်သွားပါလိမ့် ဘာကိစ္စအရေးပေါ်လို့ ညကြီးအချိန်မတော် ထထွက်သွားရတာ လဲ မသိဘူး၊ ဒုက္ခပါပဲ မနိုင်ရယ်"

"အေးဟာ. . . တို့အပြင်မှာ ကြာကြာနေလို့ မသင့်တော် ဘူး၊ ကိုယ့်အခန်းတံခါး လုံအောင်ပိတ်ပြီး ခေါင်းမြီးခြုံ အိပ်နေ လိုက်တာ အန္တရာယ်ကင်းတယ်၊ အခန်းကို ပြန်ရအောင်"





"အင်း. . . အဲ. . . အမလေး မနိုင် ဟိုအပင်ဘေးမှာ ဂျင်းဘောင်းဘီနဲ့ အပေါ်ပိုင်းပြတ်နေတဲ့ ဟာကြီး သရဲနဲ့တူတယ်"

"ဂျင်းဘောင်းဘီ လှမ်းထားတာပါ၊ ကုမ္ပဏီမှာလုပ်တဲ့ အစ်မကြီးတွေ ညဝတ်အိပ်တဲ့ ဘောင်းဘီပါ၊ နင်က မလှန့်နဲ့၊ ဘာမဆို ဆင်ခြင်တုံတရားနဲ့ တွေးစမ်းပါ၊ လူတွေက နဂိုက ညည်းက အသဲငယ်နေရတဲ့အထဲ. . . ဟူး. . . ရင်မောလိုက်တုန် သွားလိုက်တာ. . . ကိုယ့်လမ်းကိုယ် မှန်မှန်လျှောက်"

"ဖလပ်. . . ဖလပ်. . . ဖလပ်"

"အီး. . . ဟီး. . . ဟီး. . . ဟီး"

နောက်တော်ပါးက ထွက်ပေါ်လာတဲ့ ဖိနပ်သံနဲ့ ညည်း သွားသံကြောင့် မွှေးမွှေးက ငိုသံပါကြီးနဲ့. . .

"မနိုင် ကြားလား"

"အေး. . . ဘာလဲဟ"

"မနိုင်က နောက်လှည့်ကြည့်တယ်"

"အောင်မလေး. . . ကယ်တော်မူကြပါရှင်"

သတ္တိခဲမကြီး မနိုင်တစ်ယောက် အိခြေမရအောင် အော် တစ်ပြီး သူမရဲ့အဆောင်ခန်းထဲကို ခုန်ကျော်ပေါက်ကျော် ပြေး



www.burmeseclassic.com

www.burmeseclassic.com



ဝင်သွားတော့တယ်။ မွှေးမွှေးလည်း ငယ်သံပါအောင် အော်ပြီး မခိုင်နောက်ကို ပြေးလိုက်သွားတာပေါ့။ နှစ်ယောက်သား အခန်း တံခါးပိတ်ပြီး ဘုရားစာတွေ ရွတ်တော့တာပါပဲ။

မေးတဂတ်ဂတ် ရိုက်နေတဲ့ မခိုင်ကို မွှေးမွှေးက–

"မခိုင် ဘာမြင်ခဲ့လို့ အဲဒီလောက်တောင် လန့်သွားတာ လဲဟင်. . . ပြောစမ်းပါဦး"

"သ. . . သရဲမကြီး။ ဆံပင်စုတ်ဖွားနဲ့ ဖတ်ရုံနက်ကြီးနဲ့ အမလေး ပြောရင်းနဲ့တောင် ကျောချမ်းလာတယ်"

"အီး. . . ကျွန်မ ကြောက်တယ်၊ အမေရေ လာကယ်ပါ ဦး။ ဒီတစ်ခါတော့. . . အီးဟီးဟီး"

မွှေးမွှေးက ကြောက်လန့်တကြားနဲ့ တသအော်ငိုတယ်၊ အဲ့ဒီအချိန်မှာ အပြင်ကနေပြီး မွှေးမွှေးငိုသံမျိုးနဲ့ ရှိုက်ငိုသံကြီး ကို ကြားလိုက်ရတယ်။

"အီး. . . ဟီး. . . ဟီး. . . ဟီး. . . အရီး. . . ဟီး. . . ဟီး. . . ဟီး"

အဆောင်ထဲမှာက မခိုင်တို့အဖွဲ့ရယ်၊ ကုမ္ပဏီမှာလုပ်တဲ့ အဖွဲ့ရယ်။ ဒါပဲရှိကြတာ။ ကျန်တဲ့ကျောင်းသူတွေက ကျောင်းဖွင့် မှ ပြန်လာကြမှာ။ ကြောက်ပြီပေါ့။ ရှိတဲ့နှစ်ဖွဲ့က တောင်နဲ့မြောက်





လို ဆန့်ကျင်ဖက်။ အခန်းချင်းက အဝေးကြီးရယ်။ ကျန်တဲ့ အခန်းတွေက တိတ်ဆိတ်နေကြတာ။

"ဂလုံး. . . ဂလွမ်း. . . ခွမ်း. . . ချွမ်း"

တခြားအခန်းတွေမှာ လူနေထိုင်တဲ့အတိုင်းပဲ။ အိုးခွက် ပန်းကန်တွေကို လှန်လှောသံတွေ အတိုင်းသား ကြားလိုက်ရ တယ်။

"ကျွန်. . . ကျွန်မတို့ ဘေးအခန်းက ငုဝါရွှေတို့နေတဲ့ အခန်းထဲမှာ ဝင်သောင်းကျန်းနေပြီနဲ့ တူတယ်"

"မ. . . မ. . . မကြောက်နဲ့ ဘု. . . ဘုရားစာ. . . ရွတ် ပါဟယ်. . . အား. . . အားတင်းထား. . . မမွှေး"

"ပြောသာပြောတယ် ရှင်ကိုယ်တိုင် ဖိုးဖိုးဖုတ်ဖတ် တုန် လှုပ်နေတယ်. . . ရှင် သိပ်ကြောက်နေတယ် မဟုတ်လား မခိုင်"

"မ. . . မကြောက်ဘူး. . . စိတ်လန့်သွားတာ. . . ငြိမ် အောင် ပြန်ဖြေယူနေတာ ဟင်း ဟင်း"

"ရှင်မကြောက်မှ ကျွန်မနေရဲမှာ၊ နို့မို့ဆို ကျွန်မမှာ အားကိုးရာမဲ့လို့ ကြောက်ပြီး သေသွားနိုင်တယ် မခိုင်ရဲ့"

"အေးပါ. . . ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာ



www.burmeseclassic.com

www.burmeseclassic.com



ပဋ္ဌာန်း အဟံဝန္ဒာမိပါ ဘုရား''

မခိုင်နဲ့ ကျောချင်းကပ်ပြီး မမွေး ထိုင်နေတယ်။ ဘယ်အချိန်မှာ အပြင်က ဘာသံပေးမလဲ စောင့်နားထောင်နေမိတယ်။

''ရှပ် . . . ရှပ် . . . ရှပ် . . . ရှပ် . . . ဖရော . . . ဖုတ်''

သစ်ရွက်ကြွေတာလိုလို၊ ခြေသံလိုလိုနဲ့။ သစ်ပင်ပေါ်က လူတစ်ယောက် လျှောထိုးပြီး မြေပေါ်ဆင်းလာသလို အသံတွေ ဆက်တိုက်ကြားလိုက်ရပြန်တယ်။

ဒီအဆောင်မှာ ဒီလိုအဖြစ်မျိုး ဒီတစ်ညကစ,ပြီး ကြုံရတာပါပဲ။ ဒီတစ်ညတော့ ခြောက်လှန့်တာ ကြမ်းတယ်လို့တောင် သတ်မှတ်ရလိမ့်မယ်။ မခိုင် ဘုရားရှိခိုးပြီးတော့ နှစ်ယောက်သား တင်ပါးချင်းတွေဆိုင်ပြီး ပုဖွန်ထုပ်ကွေးလေးနဲ့ စောင်ခေါင်းမြီးခြုံပြီး ဝပ်နေကြတယ်''

အဲ့ဒီအချိန်မှာ လက်ကြီးတစ်ဖက်က မွေးမွေးရဲ့ ပခုံးကို လာထိကိုင်တယ်။

''အောင်မလေး . . . သရဲ . . . သရဲ''

''ဟဲ့ . . . မွေးမွေး . . . သတိထားစမ်းပါ၊ ငါ ကိုင်တာပါဟဲ့''





''အမလေး မခိုင်ရယ်၊ ပြောပြောဆိုဆို လုပ်ပါဟယ်၊ ဆက်အေးကြီးနဲ့ လာကိုင်တော့ လန့်သွားတာပေါ့''

''ငါ ရေသောက်ချင်လို့ စားပွဲပေါ်က ရေပုလင်းလေး သိမ်းပေးဖို့ နင့်ကိုကိုင်ပြီး အသိပေးတာပါ . . . နင်လုပ်တာနဲ့ အပြင်က သရဲတော့ ကြားသွားပြီနဲ့ တူပါရဲ့၊ ဘုရားစာ ပြန်ရွတ်ပါပဲ''

''ရော . . . ရော၊ ရေအမြန်သောက်ပြီးမှ ရွတ်မယ်၊ ပဌာန်းရွတ်ပြီး စည်းချအိပ်ကြတာပေါ့၊ အဲ့ဒါ အန္တရာယ်အကင်းဆုံးပဲလို့ အဘိုးအဘွားတွေ ပြောခဲ့ဖူးတယ်''

''ပဋ္ဌာန်းအကျယ်ကို နင်ရလား''

''ဟင့်အင်း . . . မခိုင် မရဘူးလား''

''မရလို့ မေးနေတာပေါ့ . . . အကျဉ်းရောရလား''

''ဟင့်အင်း . . . မခိုင်ရော''

''ငအေမ . . ဘာမှကိုမရဘူး . . သရဏဂုံသုံးပါး ဆောက်တည်ကြမယ်''

''အဲ့ဒါတော့ရတယ်''

နှစ်ယောက်သား ရွတ်ဖတ်သရဇ္ဈာယ်နေချိန်မှာ အအ



www.burmeseclassic.com

www.burmeseclassic.com



နှောင့်အယှက်မှ မကြုံရတော့ဘူး။ ဘာအသံမှလဲ မကြားရဘူ
အရင်ကဆို ကြွက်တွေတိုးလို့ ပန်းကန်ခွက်ယောက်တွေ မြည်
အသံကို ကြားရတတ်တယ်။ ကြွက်ပဲလို့ မှတ်ပြီး လန့်စိ
ကြောက်စိတ် မရှိပါဘူး။ အခုဟာက သရဲခြောက်နေတာ
စိတ်က ကြိုထင်ထားတော့ ဘာလုပ်လုပ် သရဲခြောက်တယ်
ထင်နေကြတယ်''

''အင်း. . . ဟင်း. . . ဟင်း. . . ဟင်း''

ညည်းတွားသံကြီးကို ကြားကြရပြန်တယ်။

''ထွက်မကြည့်နဲ့. . . ခေါင်းမြီးခြုံထား''

''ဘုတ်. . . ဘုတ်. . . ဘုတ်''

နံရံကို လက်နဲ့ဆောင့်ပုတ်ပြန်တယ်။ မခိုင်နဲ့ မမွှေးတို့
ယောက်သား ကျောချင်းကပ်အမွှာလို ပူးကပ်နေတယ်။ မခိုင်

''မြလေးရှုံ့ရယ် ငါတို့ကို လာမခြောက်ပါနဲ့။ ငါပြုဖူးသ
ကောင်းမှုအဖို့ဘာဂကို အမျှ. . . အမျှ. . . အမျှ ပေးဝေပါတယ်''

''ခစ်. . . ခစ်. . . ခစ်. . . ခစ်''

ရယ်သံလွင်လွင်ကို ကြားရပြန်တယ်။ အဲ့ဒီရယ်သံ
မခိုင်ရော မမွှေးပါ မှတ်မိကြတယ်။ မြလေးရှုံ့ရဲ့ ရယ်သံပဲ



''အံမေ့''

''ဘာဖြစ်တာလဲ မမွှေး''

''ကျုပ်ဒူးကို တုတ်နဲ့ ထိုးတယ်. . . ရှင်လား''

''ဟင့်အင်း. . . မီးဖွင့်ထားတာပဲ. . . ထကြည့်စမ်း''

''မကြည့်ရဲဘူး''

မခိုင်က ထကြည့်တယ်။ ဘာမှ မတွေ့ရဘူး။ အပေါက်
နေ တုတ်ရှည်ရှည်နဲ့ လှမ်းထိုးတာလား။ ဒါမှမဟုတ် မြလေးရှုံ့
ရဲ့တစ္ဆေမ ဖြစ်နေလို့ လက်သည်းနဲ့ ကုတ်လိုက်တာလား။

မီးမပျက်တာ ကံကောင်း။ နို့မို့ အမှောင်ထဲမှာဆို ပို
ကြောက်နေရမှာ။

''ကျစ်. . . ကျစ်. . . ကျစ်''

ကျစ်စုပ်သံ ပေါ်လာပြန်တယ်။ မခိုင်က ထထိုင်နေတယ်။

''အမျှဝေတာလဲ မရဘူး။ တို့ကို သက်သက်မဲ့ လိပ်ပြာ
ငြိအောင် တမင်ခြောက်နေတာ၊ ငါတို့ တစ်ချိန်က မြလေးရှုံ့
ပေါ် နိုင့်ထက်စီးနင်း လုပ်ထားတာကို အခဲမကျေလို့ သရဲတစ္ဆေ
နဲ့ ဒီလောက်တောင် ခြောက်လှန့်နေတာလား မသိဘူး''

ခေါင်းမြီးခြုံထဲကနေ မွှေးမွှေး ပြန်ပြောတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လိမ့်မယ်နဲ့တူတယ်၊ တောင်းပန်ကြည့်ရအောင်…

"မြလေးရှုံရယ် တို့နှစ်ယောက် သီတာကြည်တို့အ… ပေါင်းပြီး နှင့်ကို လှောင်ပြောင်ဖိအားပေးပြီး စိတ်ဒုက္ခ… ပေးခဲ့မိပါတယ်. . . နောက်မှ နှင့်အပေါ် နားလည်ပြီး န… ပြန်လက်တွဲမိကြတာပါဟယ်၊ သီတာကြည်တို့နဲ့ မကြည်… မှပေါ့၊ အဲဒီတုန်းက အပြစ်လုပ်မိတာတွေအတွက် အထပ်… တောင်းပန်ပါတယ်. . . တို့နှစ်ယောက်ထဲ ကြာရင် အကြော… လွန်ပြီး သေရပါလိမ့်မယ်၊ ခွင့်လွှတ်ပါ သူငယ်ချင်းရယ်"

"အဟင့်. . . အဟင့်၊ ငါလဲ ငိုနေရပါပြီ၊ မနိုင် … သလိုပဲ နှင့်ကို တောင်းပန်ပါတယ်ဟယ်၊ မခြောက်နဲ့တော့…

အဲ့ဒီရယ် ပြောလိုက်တဲ့ နောက်ပိုင်းကစ,ပြီး … မခြောက်လှန့်တော့ဘူး။ အဝေးကို ထွက်သွားတဲ့ ခြေသံ… ရှုပ်ကို ကြားလိုက်ရတယ်။ ဒီတော့မှပဲ မနိုင်နဲ့ မမွှေးတို့ … ငိုမိကြတယ်။ ပြန်အိပ်ကြည့်ပေမယ့် အိပ်မပျော်တော့ဘူး။ မိုး… တဲ့အထိ ငုတ်တုတ်။

❀ ❀ ❀ ❀ ❀





မြလေးရဲ့ ပျောက်တဲ့အပြင် ဇော်တေဇပါ ထပ်ပျောက် …သွားလို့ ကိုမော်ကြီးတို့တစ်ဖွဲ့လုံး ခေါင်းမီးတောက်နေကြရတယ်။ …ိုင်တောထားရင် ကောင်းမလား။ တော်ကြာ သူ့ဘာသာသူ …ပြန်ပေါ်လာရင် တိုင်တောထားတာ ပြန်ပိတ်ရမှာနဲ့ဘာနဲ့ အလုပ် … ရှုပ်ပြန်ဦးမယ်။

"တိုက်ပျက်ကြီးကိုပဲ သွားရှာကြည့်မလား သူရိန်"

"ကျွန်တော့်အထင်တော့ ကမ္ဘာဇိုင်းကြီးထဲမှာ ရှာကြည့် …င်တယ်. . . ပြဿနာအားလုံးက အဲ့ဒီက စခဲ့တာပဲ"

ကိုမော်ကြီးက မှတ်ဆိတ်မွှေးငုတ်တိုတွေကို အသာလက် … သပ်ရင်း စဉ်းစားနေတယ်။ ဝေယံက. . .

"ရှာရတာ မောပါတယ်၊ အချိန်တန် သူ့ဘာသာသူ …ပြန်လာလိမ့်မယ်"

နိုင်ဇော်အေးက. . .

"မြလေးရဲ့ သရဲမဖြစ်ပြီး ဇော်တေဇကို ခေါ်သွားတာ …လား၊ ဇော်တေဇကပဲ မြလေးရဲ့ကို ခေါ်သွားတာလား၊ မြလေးရဲ့ … အလောင်းကိုလဲ ရှာမတွေ့သေးဘူး၊ ပဟေဠိတွေက အများ …ကြီးပဲ၊ ဒီအရေးက တော်တော်နက်နဲလာပြီဗျ"



www.burmeseclassic.com

www.burmeseclassic.com



မနက်စာဝိုင်းကို မနိုင်နဲ့ မမွှေးပါ ရောက်ချလာတယ်
"အိမ်လေးဟယ်. . . ညကလေ ခြောက်လိုက်တဲ့ သ
မြလေးရုံပေါ့. . . အမျှဝေတာတောင် မရဘူး"

"ဟုတ်ပ. . . အဆောင်မှာ ပြန်မနေရဲတော့ဘူး"

သူရိန်စိုးက စစ်စစ်ပေါက်ပေါက် လိုက်မေးနေတယ်
ကိုမော်ကြီးက အင်းချပြီး. . .

"တို့အဆောင်မှူးလို ဆရာပွင့်ကို အားကိုးမှန် တူတယ်"

"ဆရာပွင့်က တစ်ယောက်တည်း၊ မနိုင်တို့အဆောင်
ညအိပ်ညနေ သွားနေဖို့လဲ မသင့်ဘူး"

နိုင်ဇော်အေးက လက်ဖျောက်တစ်ချက် တီးလိုက်ပြီး

"အဲ့ဒီလို ပယောဂတွေနိုင်တဲ့ ဆရာမကြီး ဒေါ်မြင့်
ရှိတယ်လေ၊ အဲ့ဒီဆရာမကြီးက အပျိုကြီး၊ သုဝဏ္ဏမှာနေတယ်
သူ့ကို ခေါ်ထားလို့ရတယ်၊ ငါ့အဒေါ်တွေရဲ့ အိမ်မှာ ငှါးနေတာ
ငါ့အဒေါ် တစ်ခွန်းပြောလိုက်ရင် ပြီးတယ်၊ သွားမလား"

မနိုင်နဲ့ မမွှေးတို့ ဖင်တကြွကြွဖြစ်ကုန်တယ်။ ဒီလိုက်
မျိုးဆိုတာကလဲ ကြုံဖူးမှ ယုံကြမှာကိုး။ မကြုံဖူးရင်းတော့ ရ
စရာကြီး ဖြစ်နေမှာပေါ့။





"နိုင်ဇော်အေး ပြောသလို ဆရာမကြီးကို သွားခေါ်
ယ်၊ ဆရာမကြီးက တကယ်စွမ်းတာမှ ဟုတ်ရဲ့လားဟယ်"

"စွမ်းသလား မမေးနဲ့၊ စုန်းတိုက်၊ နတ်တိုက်၊ ကဝေ
တိုက် မှန်သမျှ အကုန်နိုင်တယ်. . . သရဲ၊ မှင်စာ၊ တစ္ဆေ
သတ်ကအစ ဆရာမကြီးက အငြိမ်ပဲ"

မနိုင်က ခေါင်းတညိတ်ညိတ်နဲ့ပေါ့။ မမွှေးက. . .

"ပြောနေကြာတယ်. . . ကားငှါးပြီး သွားခေါ်မယ်ဟာ၊
ည ဆရာမကြီးပါ လာအိပ်မှဖြစ်မှာ"

နိုင်ဇော်အေးက. . .

"ခေါ်တာတော့ ဟုတ်ပါပြီ၊ သူ့အိပ်ခ အခကြေးငွေတော့
းရလိမ့်မယ်နော်၊ ဘယ်လောက်တောင်းမယ်မှန်းတော့ ငါ
သိဘူး"

"ပေးပါ့မယ်ဟယ်. . . အဓိကက လာအိပ်ဖြစ်ဖို့ပဲ၊
ခြောက်လှန့်တဲ့ဒဏ်ကို ငါတို့ မခံနိုင်ဘူး"

နိုင်ဇော်အေးက မနိုင်နဲ့ မမွှေးကို ခေါ်သွားတယ်။ လမ်း
ထိပ်ကြမှ အငှါးကားငှါးပြီး သွားကြမှာပေါ့။ ကိုမော်ကြီးက. . .

"သူရိန်နဲ့ ဝေယံ သူများတာလုံတာ အကြောင်းမဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ဘူး. . . ကိုယ့်တာကိုယ်လုံဖို့အတွက် ဆရာပွင့်ကို သွားခေါ်ကြမလား''

သူရိန်က. . .

''ယောက်ျားတွေဖြစ်ပြီးတော့ဗျာ ဘာကြောက်ရမှာလဲ''

''မသာလေး. . . ပြေးပြီဆိုတော့ သူရှေ့ဆုံးက၊ လေကြီးမိုးကြီးနဲ့ အကောင်အထည် မမြင်ရတဲ့ဟာကို ခံချလို့ရမလားဟ''

ဝေယံက. . .

''ဆရာပွင့်ကိုခေါ်ရင် ကျွန်တော်တို့လည်း ကုန်ကျစရိတ်မျှခံရမှာပေါ့. . . ခေါ်တာကောင်းပါတယ်၊ အိပ်ရေးဝဝ မအိပ်ရဘူး၊ ဆရာပွင့်ရှိတော့ သူ့တာဝန်သူ ယူလိမ့်မယ်''

''ဝေယံကမှ အမြင်မှန်ရသေးတယ်. . . ငါတို့ သွားခေါ်ကြမယ်''

အဆောင်နဲ့ မဝေးဘူး။ တစ်လမ်းထဲမှာပဲ ဆရာပွင့်ရှိတယ်။ ဆရာပွင့်က မျက်ဖြူဆိုက်လေ ဆရာကြိုက်လေဆိုတဲ့ ဆရာမျိုး။ သူ့အိမ်အပေါ်ထပ်မှာ ပေါင်ချင်းထပ်ပြီး ထိုင်နေတယ်။ ပေါင်မှာထိုးကွင်းတွေနဲ့။

ယောက်ျားပီသတဲ့ ပုံပေါ့။ ဗလကတော့ ဗုံလုံသီးမှာ





ဖမှတ်တဲ့တွေ ထိုးထားသလိုပဲ။ ရှည်ကိုင်းကိုင်းနဲ့၊ မကောင်းဆိုးဝါးတွေကို ခြောက်လှန့်တဲ့နေရာမှာတော့ ဘာမှင်သေသလဲ မမေးနဲ့ လက်ဖဝါးချင်း ဖြောင်းခနဲရိုက်သံကိုက အမြောက်သံလိုပဲ။ ဖနောင့်ပေါက်လိုက်ရင်လည်း မြေကြီးတောင် ကျောအောင့်သွားနိုင်တယ်။ အရိုးနဲ့ ထိုးတာကိုး။

''ဆရာပွင့်. . . ဆရာပွင့်''

''ဟေလကွာ. . . ဘယ်သူတွေလဲဟ''

''ကျွန်တော်တို့ အဆောင်က ကျောင်းသားတွေပါ၊ ကိုက်တတ်တဲ့ခွေးရှိရင် ကြိုးဖြည်လွှတ်လိုက်ပါ''

''ဟေ့လူ. . . ကိုမော်ကြီး ပြောတာမှားနေပြီ၊ ကြိုးချည်ထားလိုက်ပါလို့ ပြောရမှာဗျ''

''ကိုက်တတ်တဲ့အကောင် ဘာမှမရှိဘူး. . . အိမ်ပေါ်သာတက်ခဲ့၊ လာကြ. . . လာကြ၊ ဘာကိစ္စရှိလို့လဲဟေ့''

''ဆရာပွင့်. . . အဆောင်မှာ နောက်ရက်တွေ လာအိပ်ပေးပါဦး''

''ဟေ. . . ဘာထပ်ဖြစ်ပြန်ပြီလဲ''

''ဘာမှမဖြစ်သေးဘူး. . . ထပ်ဖြစ်လာမှာစိုးလို့''

www.burmeseclassic.com

www.burmeseclassic.com



"ဟား...ဟား...ဟား...ဟား...ယောကျ်ားတွေ ဖြစ်ပြီးတော့ကွာ၊ ငါနှယ် ရယ်လိုက်ရတာ ဖတ်ဖတ်မော၊ ရင်ဘတ်နောက်ကကျော ဆိုသလို ဖြစ်နေပါပြီကွာ"

"ဒါကတော့ ဆရာပွင့်ရယ်၊ ပရလောကသားတွေမှာက ကမ္ဘာဖိဋ္ဌိအစွမ်း ရှိနေကြတော့ တုန့်ပြန်လုပ်ရ ခက်တာပေါ့... ဥပမာ အကြောနားလည်တဲ့လူမှ အကြောမိအောင် ကိုင်နိုင်မှာပေါ့၊ ဆရာပွင့်က ပရလောကသားတွေရဲ့ အကြောင်းကို သိနေတော့ လုပ်ရတာ အနာနဲ့ဆေးတည့်တယ်၊ အဲ့ဒီ ပရလောကသားတွေက ဆရာပွင့်ဆို ကြောက်တယ်"

"အိန်း...အိန်း...အိန်း"

ဆရာပွင့်က ဆရာကြီးအိုက်တင်ကို ပိုတင်လိုက်ပြီး...

"ငါ့အားကိုးလို့ ရောက်လာမှာတော့ လုပ်ပေးရတော့ မှာပေါ့ကွာ၊ ဒါနဲ့ ဟော့ကောင်တွေ ပွဲထိုးပေးမှ ရမယ်နော်"

"ဟုတ်ကဲ့ပါ...တစ်ပွဲဘယ်လောက်လဲ"

"တစ်သောင်းခွဲ"

"ဟာ...ဆရာပွင့်ကလဲ ရွှေငှက်ပျောနဲ့ ရွှေအုန်းသီးနဲ့တောင် အဲဒီလောက် မရှိဝါဘူး"





"သူများပွဲနဲ့ ငါ့ဆရာတွေ တင်တဲ့ပွဲက မတူဘူး...စီရင်ရသေးတယ်လေ...သဘောပေါက်စမ်းပါ"

"အားကိုးပါတယ်ဆိုမှ ဆိုဈေးက မလျှော့ဘူးဆိုတော့ လဲ ကျသင့်သမျှ ဝိုင်းပြီး စုခံကြတာပေါ့လေ"

"ဒုန်း"

"အောင်မလေး"

"ဘာ ထဖြစ်တာလဲ ဆရာပွင့်ရဲ့"

"ငါ့ကို ယုံမှတော့ မင်းတို့လုံခြုံပြီဟေ့၊ ဒါကြောင့် တောင်ဝှေးနဲ့ ကြမ်းပြင်ကို ဆောင့်ချလိုက်တာ၊ ဒီဆောင့်သံကြောင့် ပရလောက အကောင်ပလောင်တွေ မခံမရပ်နိုင်အောင် ပူလောင်ပြီး တောမှောက်ခံရသလို ပြေးလွှားကုန်ကြပြီကွ...ဟား...ဟား...ဟား...ဟား"

ယုံရခက်ကြီး။ ခက်ခက်ကိုမှ ယုံချင်နေတဲ့ဘဝ။ ဒီလိုပဲ ရှိတော့မှပ။

ယောကျ်ားလေးအဆောင်မှာတော့ ဆရာပွင့်က အစွမ်းကုန် လက်စွမ်းပြနေပြီ။ စည်းကြိုးတားတယ်ဆိုပြီး အင်းချည်လုံး



www.burmeseclassic.com

www.burmeseclassic.com



ဆယ်လုံးစာလောက်ကုန်အောင် တစ်ဆောင်လုံးကို ကြိုးအထပ်ထပ် ပတ်ချည်တော့တာပါပဲ။ ကိုမော်ကြီးတို့အဖွဲ့သားတွေ အပ်ချည်ကြိုး တန်းနိုင်အောင် သံတွေရိုက်၊ ဝါးလုံးတွေစိုက်နဲ့ အလုပ်ကို ရှုပ်ကုန်ကြတော့တာပေါ့။ ကြဲလိုက်ရတဲ့ ဆန်မန်းပေါက်ပေါက်။ သရဲတော့ ဘယ်လိုနေသလဲ မသိဘူး။ ပုရွက်ဆိတ်တွေကတော့ အလှူနဲ့ တိုးပြီဆိုပြီး ပေါက်ပေါက်ဆန်မန်းတွေကို ဝိုင်းသယ်လိုက်ကြတာ ပုရွက်ဆိတ်အုံကြီးတွေကို ထနေတော့တာပါပဲ။

ထွန်းလိုက်ရတဲ့ ဖယောင်းတိုင်နဲ့ အမွှေးတိုင်။ ပွဲရှေ့မှာ ဆရာပွင့် ထိုင်ပြီး ဘာစကားမှန်း မသိတာတွေကို ရွတ်ဖတ်နေတော့တာပဲ။ မီးပျက်နေတဲ့ညအမှောင်ထဲမှာ မည်းမည်းကြီး ဝင်လာလို့ ထလန့်ကြရသေးတယ်။ နောက်မှ နိုင်ဖော်အေး ဖြစ်နေတယ်။

“ဘယ်လိုလဲ အဆင်ပြေခဲ့ရဲ့လား နိုင်ဖော်အေး”

“ဆရာမကြီး ဒေါ်မြင့်မူကို မိန်းကလေးအဆောင် ပို့လိုက်ပြီ”

နိုင်ဖော်အေး ပြောတာကို ဆရာပွင့် ကြားသွားတယ်။





နမ္မုးလာကိုက်တဲ့ခြင်ကို ဖတ်ခနဲရိုက်ပြီး. . .

“ဘယ်ကဆရာမလဲ. . . ငါနဲ့ ပညာပြိုင်မလို့လား”

“မဟုတ်ရပါဘူး ဆရာပွင့်ရယ်. . . သားဖွားဆရာမပါ”

“ဒါဆိုရင်လဲ ပြီးရော. . . အဲ့ဒီဆရာမနဲ့ ပြိုင်ရင်တော့ ငါ မနိုင်ဘူး။ သူတို့က ညှပ်သမားတွေ”

နိုင်ဖော်အေး လမ်းလွှဲပြောလိုက်နိုင်လို့ တော်သေးတာပေါ့။ ဆရာပွင့်ကလဲ ပရလောကသားဆို လာထား။ ဖြမယ်ချည်းပဲ။ ချလင်းပတ်တောင်းနေတယ်။ အဲ့ဒါကြောင့်မို့. . .

“ဒုန်း”

“ဖုန်း”

“ဖောက်”

“ခဲနဲ့ထုတယ် ဘယ်ကလဲကွ”

“ဆရာပွင့် စိန်ခေါ်နေတဲ့ အကောင်ပလောင်တွေ ပစ်တာပဲ ဖြစ်မှာပေါ့”

“ငါ့ပညာကို စမ်းတယ်ပေါ့. . . ပွဲကြမ်းပစ်မယ်၊ ပယောကောင်တွေ ခဲကိုင်ထား. . . ဒီတစ်ခါ ခဲလာတဲ့ဘက်ကို ဝိုင်းထုကြ”



www.burmeseclassic.com

www.burmeseclassic.com



"ဒွေါက်"

"အောင်မြလေး. . . တေပါပြီ"

"ဆရာပွင့်. . . ဘာဖြစ်တာလဲ"

"ငါနဖူးကို ခဲမှန်လို့. . . အမ်လေး ကျောက်စရစ်ခဲကြီး ဟ"

"ဖုသွားပြီ ဆရာပွင့်"

"ပစ်လေကွာ. . . ဘယ်ဘက်ကပစ်တာလဲ"

"မသိလိုက်ဘူး. . . ဆရာပွင့် မြင်လိုက်လား"

"မြင်လိုက်တယ်. . . ခဲမှန်တုန်းက ကြယ်တွေလတွေကို မြင်လိုက်တာ ကြယ်တံခွန်တောင် ပါသေးတယ်၊ ဖွတ်တယ်မှ. . . မြင်ချင်းမြင် မင်းတို့က မြင်ရမှာပေါ့ဟ၊ ခေတ်လူငယ်တွေဖြစ်ပြီး ဒီနေရာမှာ တော်တော်အ,တဲ့ကောင်တွေ"

"ခွင့်လွှတ်ပါဗျာ၊ သူတို့က အမှောင်ထဲက၊ ကျွန်တော်တို့က အလင်းထဲမှာဆိုတော့ မမြင်လိုက်ရလို့ပါ"

"ခွင့်လွှတ်ဖို့ မစဉ်းစားနိုင်ဘူး၊ ငါ့ခေါင်း ဖုသွားတာကြပ်ထုပ်ထိုးရမယ်၊ မင်းတို့ ပိုင်းထိုးပေးစမ်း"

ဆရာပွင့်ကို ပိုင်းထိုးပေးကြရတယ်။ ခမျာ သနားစရာ





နာလွန်းလို့ ထွန့်ထွန့်လူးနေတာပဲ။ ထပ်ပြီး စိန့်မခေါ်ရဲတော့ဘူး။ ဒါတောင် အပြောက သိပ်မလျှော့ချင်သေးဘူး။

"ဘယ်ရမလဲ ငါ့ပညာနဲ့ လုပ်လိုက်တာ ဟိုကောင်အမှုန့်တောင် ဖြစ်သွားပြီ၊ ဟင်း ဟင်း ဟင်း ငါက ဖုရုံတင် ဖုတာ"

ဝေယံက နပင်းကိုးကန်းနဲ့ ထမေးတယ်။

"ဘယ်ကောင့်ကို ပြောတာလဲ ဆရာ"

"နင့်ကျီးဒေါ်လင် ပရလောကသား အကောင်ပေါ့ဟ"

အဆောင်မှာ ည(၁၁)နာရီထိုး လူခြေတိတ်တော့ လေရူးတွေလဲ ဝေ့ကြမ်းလာတယ်။ ကောင်းကင်တစ်ခုလုံး နီမှောင်ညိုရောင်နဲ့။ မှန်တိုင်း တိုက်ခတ်တော့မလိုပဲ။

အဲ့ဒီအချိန်မှာ အဆောင်တံခါးကို ဆောင့်တွန်းဖွင့်လိုက်တဲ့အသံ ကြားရတယ်။

"ရှပ်. . . ရှပ်. . . ရှပ်. . . ရှပ်"

မည်းမည်းကောင်ကြီး လှမ်းဝင်လာလို့ ဓာတ်မီးနဲ့ ပိုင်းထိုးကြည့်လိုက်တဲ့အခါ. . .

"ဟာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာင်"

"ဇော်တေဇ"

မီးရောင်တွေ ထိုးထားတာကို မျက်ထောင့်နီကြီးနဲ့ လှမ်းကြည့်နေတဲ့ ဇော်တေဇ၊ ဆရာပွင့်ရဲ့ ပွဲရှေ့ကို ရောက်လာတယ်။

"ဇော်တေဇ မင်းပျောက်သွားလို့ စိတ်ပူပြီး ရှာလိုက်ရတာကွာ၊ ဘယ်တွေ ရောက်ပြီး ဘယ်တွေလျှောက်သွားနေတာလဲ"

"အေးကွာ... မသေကောင်း မပျောက်ကောင်း"

သူ့ရှိန်နဲ့ ဝေယံက ဝိုင်းပြောပေမယ့် ဇော်တေဇက သူတို့စကားကို အလေးမထားဘူး။ ဆြာပွင့်ကို ရင်ဆိုင်ကြည့်နေတယ်။ ဆြာပွင့်ကလဲ ခပ်မာန်မာန်နဲ့ ပြန်ကြည့်တယ်။

"အဲ့ဒါ ဘာလုပ်တာလဲ"

"မင်းမျက်လုံး ကန်းနေလားကွ... ဟေ"

ဇော်တေဇ အမေးကို ဆြာပွင့်က ခပ်ရင့်ရင့်... ပြန်ဖြေတယ်။ ကိုမော်ကြီးက...

"ပရလောကသားတွေ အဆောင်ဝင်းထဲ မဝင်နိုင်အောင်လို့ ဆြာပွင့်က တားမြစ်နေတာလေ"





"အဲ့ဒါဆို ဒါတွေ ဖျက်သိမ်းလိုက်၊ ငါချစ်သူကို ငါခေါ်လာတယ်... သူဝင်လာလို့ မရဘူး၊ သူ့စိတ်တိုလာရင် ဒီဆရာလောက်တော့ ကျွမ်းပြန်သွားအောင် လုပ်ပစ်လိမ့်မယ်၊ ငါ့ချစ်သူကို အဆောင်ထဲ အေးအေးဆေးဆေး ပေးဝင်လိုက်"

ဇော်တေဇက ခပ်မာမာ ပြောလိုက်ရတာ ကိုမော်ကြီးတောင် ပြန်ပြောချိန် မရလိုက်ဘူး။ ဆြာပွင့်က...

"အောင်မာ... အောင်မာ... လူတစ်ပိုင်း တစ္ဆေတစ်ပိုင်း ဖြစ်နေတဲ့ကောင်က တစ္ဆေမနဲ့ ပေါင်းပြီး ငါ့ကိုတောင် ပမာမခန့် လုပ်လာတယ်... ဟေ့ကောင် ဘယ်အကောင်ပလောင်မှ ဝင်ခွင့်မပြုဘူးကွ. မင်းနဲ့ပါလာတဲ့ တစ္ဆေမက ငါ့ကို ကျွမ်းပြန်အောင်လုပ်နိုင်ရင် အခုလုပ်လိုက်လို့ သွားပြောလိုက်၊ တစ္ဆေမ မကလို့ ကဝေမဖြစ်နေပါစေ... ငါ့တောင်ဝှေး တစ်ချက်စမိရင် ကွီခနဲ ကြွက်သေ ဖားသေ သေသွားမယ်၊ ဘာမှတ်နေသလဲ"

ဇော်တေဇက ခပ်စိုက်စိုက် ပြန်ကြည့်ရင်း...

"အဲ့ဒါဆိုလဲ ဆက်လုပ်ချင်သလိုလုပ်... ခေါင်းမှာသပုထစ်နေပြီ... နောက်တစ်ခါဆို လူပါပုကွသွားလိမ့်မယ်၊



www.burmeseclassic.com

www.burmeseclassic.com



ငါတော့ ဝင်အိပ်ပြီ၊ ငါ့ချစ်သူ သူ့ဘာသာ ဖြတ်ကျော်ဝင်လာလိမ့်မယ်. . . ငါ့အတွက် ဘာမှစိတ်မပူကြနဲ့၊ ငါ အခုပြန်လာတာ တစ်ညလောက် အိပ်စက်ဖို့၊ တွေးတောဖို့၊ လုပ်သင့်မလုပ်သင့် ဆိုတဲ့ အကြောင်းတွေ ငါ့မှာ ရှိနေတာကို ဆန်းစစ်အဖြေထုတ်ဖို့ ပြန်လာတာပဲ. . . ငါတော့ လူ့ဘဝမှာ နေဖြစ်မယ် မထင်တော့ဘူး၊ ငါ့ချစ်သူရှိတဲ့ တမလွန်ဘုံကို ကူးသွားချင်ပြီ၊ ကူးသင့်မကူးသင့် ငါ တစ်ညလုံး စဉ်းစားမယ်. . . ကူးပြီဆိုရင်တော့ မင်းတို့ကို တစ်ခါတည်း နှုတ်ဆက်သွားပြီလို့သာ မှတ်လိုက်တော့ ငါ့ချစ်သူကတော့ သူရှိတဲ့ ဘုံကို လိုက်လာဖို့ တစ်ညလုံးလိုလို လိုက်ပြီး တိုက်တွန်းပြောဆိုနေမှာပဲ''

ကိုမော်ကြီး၊ နိုင်ဇော်အေး၊ သူရိန်နဲ့ ဝေယံတို့ ပါးစပ်အဟောင်းသားနဲ့ ဇော်တေဇကို ဝိုင်းကြည့်နေကြတယ်။ ဆြာပွင့်က မထိမထင် မျက်နှာထားနဲ့ ထိုင်ရာက ထပြီး မြေကြီးကို ဖနောင့်နဲ့ပေါက်၊ တောင်ဝှေးနဲ့ ဆောင့်တယ်။

အဲဒီအချိန်မှာပဲ လေရူးဝေ့တိုက်လိုက်လို့ ဖယောင်းတိုင်မီး ငြိမ်းလုလု ဖြစ်သွားတယ်။ ဆြာပွင့်က. . .

''ဖယောင်းတိုင်မီး မငြိမ်းစေနဲ့၊ တစ်ယောက်မှ စည်း





ည်းအပြင်ကို မထွက်နဲ့၊ ငါဆရာရှေ့မှာ. . .''

ဆြာပွင့်ပြောလို့မှ မဆုံးသေးဘူး၊ ဘေးအမှောင်ထဲက ဲတွေနဲ့ ကျူးပက်တာ ခံလိုက်ရတယ်။ ဖယောင်းတိုင်မီးလည်း ငြိမ်းသွားရော စည်းဝိုင်းထဲက ကိုမော်ကြီး အရင်ထပြေးတာ နောက်အဖွဲ့သားတွေ သူ့တက်နင်း ကိုယ့်တက်နင်းနဲ့ ဖြတ်စင်းတောင်းတွေ ဖြစ်ကုန်ပါလေရော။ ဆြာပွင့်က တောင်ဝှေးနဲ့ ပြေးတဲ့ကောင်တွေကို လိုက်ရိုက်တယ်။ ဆြာပွင့်ကို ဝေယံက ဆောင့်တွန်းပြီး ထွက်ပြေးတော့တာပေ့ါ။ ဆြာပွင့်ခမျာ နောက်ကလက်လန်ပြီး လဲကျပါလေရော။

''ကျိုးပါပြီဟ. . . မပြေးနဲ့လို့ ပြောထားရဲ့သားနဲ့၊ မီးမြန်မြန်ပြန်ထွန်းကြ''

ဆြာပွင့်အနားမှာ တစ်ယောက်မှ မရှိတော့ဘူး။

''ဟား. . ဟား. . ဟား. . ဟား''

သံသေးသံကြောင်နဲ့ ဟားတိုက်လိုက်သံကြောင့် ဆြာပွင့်လည်း ပုဆိုးမနိုင် ပဝါမနိုင်နဲ့ အဆောင်အပြင် ရောက်အောင် စ်ပြေးလိုက်တာ တောင်ဝှေးနဲ့ သောင်းကျော်တန် ကန်တော့ကြီးကိုတောင် အမှတ်မရနိုင်တော့ဘူး။

www.burmeseclassic.com



ဖော်တေဇက အားရအောင် ဆက်လက်ရယ်မော တယ်လေ။ သဲနဲ့ပက်တဲ့ တရားခံဆိုတာ ဖော်တေဇ ကြိုတင် တီးခဲ့တဲ့ လုပ်ကွက်တစ်ခုပေါ့။

* * * * *

ဆရာမကြီး မြင့်မူတစ်ယောက် သူ့ရဲ့ပြတ္တာကိုယ်လုံး ကို မနိုင်မနင်းမ,ပြီး အမှောင်ထဲကို မီးခိုးမှိုင်းတွေ လိုက်တိုက် နေတယ်။

"ဘာမှမပူနဲ့၊ သမီးတို့ ဒီအငွေ့မှိုင်းဒဏ်ကို ဘယ် သောကသားမှ မခံနိုင်ဘူး၊ အိမ်ထဲမှာလဲ ရှာလကာရည် ဖြန်းပေးထားပြီးပြီ၊ အဲဒီ ရှာလကာရည်ကိုလည်း သူတို့ကြော ကြတယ်၊ အက်စ်စ်ဆို ပိုတောင် ကြောက်သေး"

မမွှေးနဲ့ မနိုင်က ပြိုင်တူလိုလို ခေါင်းညိတ်ပြတယ် ဆရာမကြီးက မြလေးရုံရဲ့ ကုတင်ပေါ်မှာ မြလေးရုံရဲ့အဝတ် အစားတွေ လူတွေကို ဖုံးပေးသလို လွှမ်းတင်လိုက်တယ်။

"ဆရာမကြီး အဲ့ဒါ ဘာလုပ်တာပါလဲရှင်"



"မြလေးရုံကို ခေါ်မလို့လေ"

"အမလေး. . . မလုပ်ပါနဲ့၊ အကြောက်လွန်ပြီး သေရပါ လိမ့်မယ်"

"ဘာမှမကြောက်နဲ့ ဆရာမကြီး ရှိတယ်၊ ဟိတ်ဆို တိတ်၊ တိတ်ဆိုတိတ်ပဲ. . ."

ဆရာမကြီးက ဖင်ဘာသာဝင် ဘုန်းကြီးတွေလို ...းလေးကိုခေါက်ပြီး. . .

"မြလေးရုံ. . . လာ. . . လာ. . . လာ"

"တောက်. . . တောက်. . . တောက်. . . တောက်"

ည(၁၀)နာရီထိုး။ အဆောင်ဝန်းကျင်နဲ့ အဆောင်ထဲမှာ ...လွန်တရာ တိတ်ဆိတ်နေတယ်။ ဆရာမကြီးခေါ်တဲ့ အသံက ...က်ရှိဖြစ်တဲ့ မနိုင်နဲ့ မမွှေးတို့ရဲ့ ကျောရိုးထဲကို စိမ့်ဝင်သွား ...လောက်တယ်။ မနိုင်နဲ့ မမွှေး တင်ပါးချင်း ပူးကပ်ပြီး ဒူးတုန် ...ခုန်နေကြရတယ်။ ကြောက်ဖောနဲ့ ချွေးစေးတွေတောင် ပျံလို့။

မီးပျက်တဲ့ညမှာ ဖယောင်းတိုင်လေးထွန်း၊ အင်းကွက် ...လေးချ၊ တုံးခေါက်ခေါက်နေတဲ့ အသံကြီးကိုက စုန်းမကြီး ...သံပေါက်နေတယ်။ ဆီမီးတိုင်ကလည်း ဝါဆိုဖယောင်းတိုင်



www.burmeseclassic.com

www.burmeseclassic.com



ကြီးဆိုတော့ ဟိုသည်ယိမ်းနွဲ့လို့ပေါ့။

"ဖတ်. . . ဖတ်. . . ဖတ်"

ခြေသံ။ အကောင်ရဲ့အခန်းတံခါးကို ဖွင့်ထားတယ်
အပြင်က အမှောင်ထဲမှာ လူရိပ်မည်းမည်းကြီး ရပ်လိုက်တာ

"အမလေး. . . အမေတို့ရေ ကယ်ပါဦး"

"အီးဟီးဟီးရီး. . . ကြောက်တယ်၊ ကြောက်တယ်"

မနိုင်နဲ့ မမွှေးတို့ ဆတ်ခနဲ တွန့်သွားပြီး တစ်ယောက်နဲ့တစ်ယောက် ထဖက်ထားပြီး တုန်လှုပ်အော်ဟစ်နေကြလေရဲ့ ဆရာမကြီးက စုန်းမကြီး လေသံနဲ့. . .

"မကြောက်နဲ့. . . မကြောက်နဲ့ ငါ တစ်ယောက်ထဲ ရှိတယ်. . . လာ. . . လာ. . . လာ"

မနိုင်နဲ့ မမွှေးတို့ ဆရာမကြီးဘေးကို အတင်းတိုးပြီး ချောင်ထဲမှာ ခေါင်းထိုးကပ်နေလိုက်တယ်။ ကြောက်လွန်းလို့ ဒူးတွေဆတ်တုန်နေတယ်။ ဆရာမကြီးက. . .

"မြလေးရုံ. . . ရောက်ပြီလား"

"ဟုတ်တယ်"

အေးစက်မာကြောတဲ့ ပြန်ဖြေသံ။ ဆံပင်ကို ဖားလျားချ





ထားတယ်။ မနိုင်နဲ့ မမွှေးတို့ခမျာ ကြက်သီးဖုကြီးတွေ ဖြိုင်းသီးထပြီး ဖိုးဖိုးဖတ်ဖတ်ကို တုန်နေကြတော့တာပဲ။ မြလေးရုံရဲ့အသံကို မှတ်မိနေတာကိုး။ ဖယောင်းတိုင်မီးအလင်းရောင်ထဲ တိုးဝင်လာတဲ့ မြလေးရုံရဲ့မျက်နှာက နနွင်းလူးထားသလို ဝါထိန်နေတယ်။ မျက်ကွင်းတွေက ညိုမည်းနေတယ်။ စူးရဲဝင်းပြောင်တဲ့ အကြည့်က တစ္ဆေမတစ်ကောင်လိုပဲ။

"အမလေးလေး. . . မြလေးရုံဟဲ့. . . တကယ့်အစစ် မြလေးရုံ"

မနိုင်က မရဲတရဲ ခေါင်းငုံ့ကြည့်လိုက်ပြီး ချက်ချင်း ခေါင်းပြန်ဝှက်ကာ ပြောလိုက်တာမို့ မမွှေးတစ်ယောက် ကုတင်အောက်ကို ကြွက်လို တိုးဝင်သွားလိုက်တာမှ လျှောခနဲပဲ။ မနိုင်ပါ အတင်းလိုက်တိုးဝင်နေတယ်။

"အီးဟီးဟီးဟီး. . . ကြောက်တယ်၊ အတင်းမတိုးနဲ့လေ မနိုင်ရဲ့"

မမွှေးက အသံတုန်အက်အက်ကြီးနဲ့ ပြန်ပြောတယ်။ မနိုင်က. . .

"ကျုပ်လဲ ကြောက်တာပေါ့. . . တော်က ခေါင်းပုံရုံနဲ့



www.burmeseclassic.com

www.burmeseclassic.com



လုံခြုံပြီးထင်နေလား. . . ပြူထွက်နေတဲ့ တော်တင်ပါးကို သရဲမက ကုန်းကိုက်လိုက်မှ အဆီတစ်ထပ် အသားတစ်ထပ် ပွဲပါသွားဦးမယ်''

မခိုင်ကလည်း လိုက်တုန်နေတဲ့ အသံကြီးနဲ့ ပြန်ပြောတယ်။ ဒါကို ဆရာမကြီးက ကြားသွားတယ်။

''မကြောက်ပါနဲ့ဆိုမှ. . . ငါ လုပ်လိုက်ရတယ်လေ ဟင်း. . . ဟင်း. . . ဟင်း''

ဆရာမကြီးရဲ့ အံကြိတ်သံအဆုံးမှာ မြလေးရုံရဲ့ရယ်သံ ပေါ်လာတယ်။

''ခစ်. . . ခစ်. . . ခစ်. . . ခစ်''

''ဘာလဲဟေ့. . . ငါ့ကို ပမာမခန့်လုပ်တာလား''

''အန်တီက ဘယ်သူလဲ၊ ဘာကိစ္စကြောင့် မိန်းကလေး အခန်းထဲကို ညကြီးမင်းကြီး ရောက်နေရတာလဲ၊ အခုကော ဘာတွေလုပ်နေတာလဲ''

''အမလေး. . . မိစ္ဆာမက ငါ့ကိုလာပြီး ညှော်စာရင်း စစ်နေသေးတယ်၊ ဒီမှာဟေ့ ငါ့ရှေ့မှာလာဝင်ထိုင်စမ်း''

''အော်. . . ဟုတ်ကဲ့ပါရှင်၊ ဒါနဲ့ မခိုင်နဲ့ မမွှေးက ဘာ





တွေဖြစ်နေကြတာလဲ. . . ဘာကိုကြောက်နေကြတာလဲဟင်''

''ဟင်''

''ဟယ်''

''မြလေးရုံ တကယ်မသေပဲ ပြန်ရောက်လာတာနဲ့တူတယ်နော်''

''အေးဟယ်''

''မယုံကြနဲ့ ကောင်မလေးတွေ၊ ဒီမိစ္ဆာမက ဟန်ဆောင်လာတာ၊ မာယာကြွယ်တယ်၊ လူယောင်ဖန်ဆင်းပြီး နင်တို့ကို ဂုတ်ချိုးစားဖို့ ရောက်လာကြတာ. . . မယုံနဲ့''

''အမလေး. . . ဆရာမကြီးပြောတာ ဟုတ်တယ်''

''အေးဟယ်. . . မယုံနဲ့''

မခိုင်နဲ့ မမွှေးတို့ ခေါင်းပြန်ဖွက်နေကြတယ်။ ဆရာမကြီးက မိန့်မိန့်ကြီးပြုံးပြီး. . .

''ဟင်း. . . ဟင်း. . . ဟင်း. . . ဟင်း''

''ဘာလို့ အဓိပ္ပါယ်မရှိ ရယ်နေရတာလဲရှင်၊ ဒါ ကျွန်မအခန်းပါ. . . ကျွန်မ ပြန်လာနေတာပါ၊ အေးအေးဆေးဆေး အနားယူပါရစေ၊ မနှောင့်ယှက်ပါနဲ့''



www.burmeseclassic.com

www.burmeseclassic.com



"အောင်မာ. . . အောင်မယ်၊ သရဲမက အလာသား ငါ့ကို ဘာထင်နေသလဲ၊ အခု လက်အုပ်ချီပြီး ငါ့ကို ကန်တော့စမ်း"

"အသက်ကြီးတဲ့လူကို ကန်တော့တာ ကုသိုလ်ရပါတယ်. . . ဒါပေမယ့် အန်တီ့ကို ကြည့်ရတာ အောက်လမ်းအတတ်တွေနဲ့ လူတွေကို ဟိန်းဟောက်ခြိမ်းခြောက်ပြီး လုပ်စားနေသလိုပဲ. . . ကျွန်မက သရဲမဟုတ်ဘူး၊ မိစ္ဆာ မဟုတ်ဘူး လူသားစစ်စစ်ပါ၊ ကျွန်မဘာသာ အကြောင်းတစ်ခုကြောင့် ဒုက္ခရောက်ပြီး လူတစ်ဦးက ကယ်တင်ထားလို့ အသက်ချမ်းသာရာ ရခဲ့တာပါ၊ ကျွန်မရောဂါ အကင်းသေတဲ့အထိစောင့်ပြီး အဲဒီမှာ ရက်ကြာကြာနေခဲ့ရတယ်. . .

. . . အခုရောဂါပျောက်သွားလို့ ညတွင်းချင်း ပြန်လာခဲ့တာပါ၊ ကျွန်မသူငယ်ချင်း နှစ်ယောက်ကို ဒီလောက်ကြောက်နေအောင် အန်တီ ဘယ်လိုပြုစားထားတာလဲဟင်"

မြလေးရုံက ချက်နဲ့ခွက်နဲ့ ပြောပြလိုက်တော့ ဆရာမကြီး မြင့်မူ ခမျာ ပါးစပ်ဟောင်းလောင်းကြီးကို ပွင့်လို့၊ ချက်ချင်းပြန်မပြောနိုင်သေးဘူး။ ပြီးတော့မှ တုံးကိုတုတ်နဲ့ တအားခေါက်





ထည့်လိုက်ပြီး. . .

"ဟဲ့. . . မိစ္ဆာမ သူခိုးက လူပြန်ဟစ်လို့ နေရင်းထိုင်ရင်း ငါပဲ တရားခံဖြစ်ရတော့မယ့်ကိန်းဆိုက်အောင် နင် လာလုပ်မနေနဲ့၊ ပြုစားတာက နင်၊ ခြောက်လှန့်တာက နင်၊ နင့်ကို နယ်နှင်ဖို့ ငါ့ကို သူတို့က ဖိတ်ခေါ်တာနဲ့ ငါရောက်လာတာဟဲ့၊ ဒါကြောင့် နင့်ကို ဟော့ဒီအဆောင်ပိုက်ကွန် လက်တစ်ဝါးစာနဲ့ မလှုပ်သာအောင် ချုပ်လို့ထားလိုက်မယ်. . . လာလေရော. . . ဖမ်းမိစမ်းဟယ်"

ဆရာမကြီးက သိုးမွှေးချည်နဲ့ ပင့်ကူအိမ်ပုံ ရက်လုပ်ထားတဲ့ ပိုက်ကွန်လေးကို မြလေးရုံရဲ့ ခေါင်းပေါ် လွှမ်းအုပ်လိုက်တယ်။

မြလေးရုံက ခိုးခိုးခစ်ခစ် ရယ်မောလိုက်ပြီး. . .

"အန်တီ ဆောင်းပေးတဲ့ ဦးထုပ်က ကာတွန်းဦးထုပ်ဖြစ်နေတယ်၊ ဒီပိုက်ကွန်နဲ့ အုပ်ရင် စာကလေးတောင် ဇတ်တုတ်ထပျံသွားနိုင်တယ်. . . အပိုတွေလုပ်ပြမနေပါနဲ့ အန်တီရယ်၊ အန်တီ ဘာမှမစွမ်းပါဘူး. . . ကျွန်မက လူ၊ ကျွန်မရဲ့ ပိုင်နက်ထဲမှာ ကျွန်မ ကြမ်းရင် ရမ်းရင် အန်တီပဲ အောင့်ခံသွားရလိမ့်



www.burmeseclassic.com

www.burmeseclassic.com



မယ်''

''ဘာပြောတယ်. . . မိစ္ဆာမ. . . နင်က ငါ့ကိုများ. . .''

ဆရာမကြီး မြင့်မှူ တစ်ယောက် ဒေါသနဲ့ ထရပ်ပြီး မာန်မဲလိုက်တုန်း ရှိသေးတယ်၊ နစ်နံ့စပ်ခင်းထားတဲ့ ကော်ဇော အပိုင်းကို မြလေးရဲက အားကုန်ဆောင့်ဆွဲပစ်လိုက်တယ်။

ဆရာမကြီး မြင့်မှူ ရပ်နေတဲ့ကော်ဇောပိုင်းမှ အောက်ခြေ လွတ်ပြီး နောက်ပက်လက်လန် လဲကျသွားတာများ 'အိ'ခနဲ ဝက်ကျ ကျသလိုကို ဖြစ်သွားတော့တာပါပဲ။

အချိန်တစ်ရာကျော်ထွက်တဲ့ ဝက်ကြီးလို ပြန်မထနိုင် တော့တဲ့ ဆရာမကြီးခမျာ လိပ်ပက်လက်လှန်ထားသလို ယက် ကန်လည့်မျောကြီးကို ဖြစ်နေပါလေရော။

အဲ့ဒါကို သဘောကျပြီး မြလေးရဲ့ လိုမ့်ရယ်နေတယ်။ တင်ပူတောင်းထောင်ပြီး အပေါ်ပိုင်းက ကုတင်အောက် ရောက် နေတဲ့ မနိုင်နဲ့ မမွှေးတို့ရဲ့ တင်ပါးတွေကို ဆောင့်ကန်ပစ်တယ်။

''အောင်မလေး ကယ်ကြပါဦးတော်. . . သရဲမက ကျွန်မတင်ပါးကို အသကုန် ကိုက်နေပါပြီ''

''သေပါပြီ''





အော်လေ ဆောင့်ကန်လေနဲ့ အဆောင်ထဲ ဘူ့ဟက်သံ ကြားရလို့ ကုမ္ပဏီမှာ အလုပ်လုပ်နေတဲ့ အစ်မကြီးတွေအဖွဲ့က ဓာတ်မီးနဲ့ ဝိုင်းထိုးပြီး ကြည့်ကြတယ်။ ဒီတော့မှပဲ အဖြစ်မှန် တွေ ဘူးပေါ်သလို ပေါ်သွားကြပြီး ရယ်အားထက် ငိုအားသန်ရ မလိုလို၊ ငိုအားထက် ရယ်အားသန်ရမလိုလိုတွေ ဖြစ်ကုန်ကြ တော့တာပဲပေါ့။

❀ ❀ ❀ ❀ ❀

''ပျော်ပွဲစားထွက်တဲ့ညက ကျွန်မတို့တစ်တွေကို သရဲ လိုက်ခြောက်တာ စိတ်မနံ့တဲ့ မိန်းမကြီးတစ်ယောက်ပါ. . . သူက အဲ့ဒီဆိုက်ဝင်းကြီးအနားက ချစ်တီးတိုက်ဟောင်းကြီးမှာနေတယ် ဒေါ်သံသီးတဲ့၊ သူ့ကို လူအတော်များများက သေသွားပြီပဲ ထင် နေကြတာ၊ အမှန်တော့ ဒေါ်သံသီးဟာ မသေပဲ ရူးသွပ်သွားခဲ့ တာပေါ့. . . ဒီလိုဖြစ်ရတာလဲ ဒေါ်သံသီးရဲ့ စိတ်ဖိစီးခံရမှုများတဲ့ အခြေအနေအပေါ်မှာ မူတည်ပြီး လူသေတစ်ယောက်လို့ ခယူ ရူးသွပ်ပစ်လိုက်တဲ့ အနေအထားပါ. . .



www.burmeseclassic.com

www.burmeseclassic.com



သရဲခြောက်ခံရတယ်ထင်ပြီး ပြေးလွှားကြရင်းနဲ့ လူစုကွဲသွားကြတဲ့အခါ ကျွန်မဟာ ခြေခေါက်လဲပြီး ချုံပုတ်ထဲကို တိုးလဲ့ပစ်ကျသွားတယ်၊ ချုံထဲမှာ ရှေးခေတ်ကတည်းက ရှိထားခဲ့တဲ့ အုတ်ပုံဟောင်းကြီးပေါ် ခေါင်းနဲ့ပစ်ဆောင့်မိလို့ ကျွန်မ သတိမေ့သွားတော့တာပေါ့. . .

ကျွန်မ သတိပြန်ရလာတဲ့အချိန်မှာ အိမ်ကြီးတစ်ခုထဲရောက်နေပြီလေ၊ ကျွန်မကို ပြုစုပြီး ရေပတ်တိုက်ပေးနေတာ သရဲထင်ပြီး ထွက်ပြေးခဲ့ကြရတဲ့ မိန်းမကြီးပေါ့၊ အဲ့ဒီမိန်းမကြီးဟာ တခြားအချိန်တွေမှာ ရန်လိုနေပေမယ့် ကျွန်မကို ပြုစုနေတဲ့အချိန်မှာ ဖလော့ရင့်နိုက်တင်ဂေးလိုပါပဲ. . . ကျွန်မဖြင့် အံ့သြမကုန်နိုင်အောင် ဖြစ်မိခဲ့ရတယ်. . .

ကျွန်မ ပြန်သတိရလာပေမယ့် လဲတဲ့အချိန်တုန်းက ညှောင့်ရှုံးမိတဲ့ ကျွန်မရဲ့ညာဖက်ခြေထောက်က ကောင်းကောင်းထောက်လို့ မရဘူး. . . ခေါင်းထဲကလဲ မူးနောက်နောက်ဖြစ်နေတယ်. . . အဲ့ဒီဒဏ်ရာနဲ့ မူးနောက်နောက်ဖြစ်နေတာကို ဒေါ်သံသီးကပဲ အရွက်အဖတ်တွေ ကြိတ်တိုက် ကြိတ်လူးပေးခဲ့တယ်. . .

ရှင် ဘာဖြစ်လို့ ရူးချင်ယောင် ဆောင်နေရတာလဲလို့





ဒေါ်သံသီးကို ကျွန်မမေးမိတယ်။ ဟုတ်တယ်လေ။ ရူးနေတဲ့လူက ဆေးကုတတ်ပါ့မလား။ လူနာတစ်ယောက် ပြန်ကောင်းလာအောင် ပြုစုယုယတတ်ပါ့မလား။ ဒီတော့ ဒေါ်သံသီးက. . .

"လူတိုင်းဟာ အရူးတွေချည်းပဲ. . . ငါက ရူးတဲ့အပြင်သေတဲ့အထိတောင် အယောင်ဆောင်ပြခဲ့ပြီးပြီ. . . ငါ့ကို လူတွေတော်တော်ဆမြင်သွားရင် ဒေါ်သံသီးမှန်း မမှတ်မိအောင် အရူးမကြီးလို၊ စုန်းမ၊ တစ္ဆေမကြီးလို ရုပ်ဖျက်နေပြနေတာပဲ၊ လူတွေကို ငါ မုန်းတယ်၊ တကယ်သေဆုံးသွားတဲ့ ငါ့သမီးနဲ့ မင်းနဲ့က အရွယ်တူတွေ၊ ငါ့သမီးလေးလို သဘောထားပြီး နင့်ကို ပြုစုတာ. . . နောက်ဘဝကြရင် ငါ့သမီးလေး ခုဘဝလို အဖြစ်ဆိုးမျိုး မကြုံတွေ့အောင် ကုသိုလ်လုပ်လိုက်တာပဲလို့ ပြန်ပြောတယ်"

အဲ့ဒါနဲ့ ကျွန်မက ဒေါ်သံသီးရဲ့ နောက်ကြောင်းရာဇဝင်ကို စုံစမ်းကြည့်တဲ့အခါ. . .

ဒေါ်သံသီးတို့မိသားစုဟာ ဆွေကြီးမျိုးကြီးတွေ၊ နန်းစဉ်ရာဇာတချို့နဲ့ပတ်သက်ပြီး အမျိုးအဆွေစုချင်း စိတ်ဝမ်းကွဲပြီး သူတပြန်ကိုယ်တစ်လှည့် သတ်ဖြတ်ကုန်ကြတယ်. . . ဒေါ်သံသီးရဲ့အဖေ ဦးအုန်းဖူးနဲ့ ဦးကြွေးစည်ရဲ့အဖေ ဦးကြွေးဝါတို့ဟာ



www.burmeseclassic.com

www.burmeseclassic.com



ညီအစ်ကိုအရင်းတွေပေါ့။ ဦးကြေးစည်နဲ့ ဒေါ်သံသီးက မောင်နှ
ဝမ်းကွဲ။

ဦးအုန်းဖူးနဲ့ ဦးကြေးဝါတို့ ညီအစ်ကိုနှစ်ယောက် ပိုင်ဆိုင်
တဲ့ဥစ္စာပစ္စည်းတွေကို မျှပ်နှံပြီး မြေပုံတစ်ခြမ်းစီ ယူထားကြ
တယ်။ တစ်ယောက်ယောက် အရမ်းဆင်းရဲသွားရင် နှစ်ဦးသ
ဘောတူ ပြန်ဖော်ယူပြီး တစ်ယောက်တစ်ဝက် ခွဲယူကြမယ်ပေါ့
ဦးကြေးစည် လက်ထက်မှာ ဦးကြေးဝါ ဆုံးသွားတယ်၊ ဦးကြေး
စည်က လောင်းကစား အပျော်အပါးမက်လို့ စည်းစိမ်ဥစ္စာပြုတ်
ပြုတ်ပြုန်းသွားတယ်. . .

အဲဒါနဲ့ နှမဝမ်းကွဲ ဒေါ်သံသီးကို တိုင်ပင်ပြီး ရတနာ
မြေပုံနှစ်ခု ဆက်စပ်ကြည့်ပြီး ရတနာတွေ ပြန်ဖော်ကြမယ်
ခွဲယူကြမယ်ပေါ့. . . ဒေါ်သံသီးမှာလည်း အိမ်ထောင်နဲ့ ဆွေဂုဏ်
မျိုးဂုဏ် မညှိုးအောင် ဘာအလုပ်မှ မလုပ်ပဲ ထိုင်စားလာလို့
အထည်ကြီးပျက် ဖြစ်နေပြီ၊ ပြန်ဖော်ယူမှာကို သဘောတူတယ်
ဒေါ်သံသီးရဲ့ခင်ပွန်း ဦးမောင်ကြွေက မြေပုံယူပြီး ဦးကြေးစည်နဲ့
လိုက်သွားတာ အသတ်ခံရတယ်၊ ဦးကြေးစည်က ရတနာတွေကို
တစ်ယောက်တည်းလိုချင်လို့ မောင်ပိုင်စီးလိုက်တာပေါ့. . .





ဦးမောင်ကြွေ ယူသွားတာ ရတနာမြေပုံအတုကြီးမို့
ဦးကြေးစည်ခမျာ ချာလည်လည်နဲ့ ဒုက္ခတွေ့နေပါလေရော၊
ဒေါ်သံသီးက အကြံကြီးတယ်၊ သူ့အစ်ကိုဝမ်းကွဲ လောဘဇော
တိုက်နေတာသိလို့ စိတ်စမ်းကြည့်ချင်တာနဲ့ ဦးမောင်ကြွေကို
မြေပုံအတု ပေးလိုက်တာလေ. . .

ထင်တဲ့အတိုင်းပဲ ဦးကြေးစည် သစ္စာဖောက်တယ်၊
ဖောက်တဲ့အပြင် မလုပ်ကောင်းတာကိုပါ လုပ်ပစ်လိုက်တယ်၊
ဒေါ်သံသီးက စိတ်နာပြီး လူမိုက်တွေငှါးတယ်၊ ဦးကြေးစည်တို့
မိသားစုကို လုပ်ကြံခိုင်းလိုက်တယ်၊ ဦးကြေးစည် အိမ်မှမရှိတဲ့
အခိုက်မှာ ဦးကြေးစည်ရဲ့မိသားစုတွေပဲ ရှိနေတော့ ဒေါ်သံသီးရဲ့
လူတွေ ဦးကြေးစည် ပြန်အလာကို စောင့်ဖို့ အိမ်သားတွေကို
ချမ်းချုပ်နေတဲ့အချိန်မှာ ဦးကြေးစည်ရဲ့မိန်းမက ဓားပြ ဓားပြလို့
အော်လို့ လူဆိုးခေါင်းဆောင် မောင်ကြီးက ဦးကြေးစည်ရဲ့မိန်းမ
ကို သတ်ပစ်တယ်. . .

ကျန်တဲ့မိသားစုတွေက အော်ဟစ်ငိုယို မြည်ကြွေးကုန်ပါ
လေရော၊ ဦးမောင်ကြီးက ဘယ်လိုမှ အော်ဟစ်တားမရလို့ တစ်မိ
သားစုလုံးကိုပါ လက်စတုံးပစ်လိုက်တယ်. . . ဦးကြေးစည် ပြန်



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာတော့ ရင်ထုမနာအဖြစ်ကို တွေ့လိုက်ရရော. . .

စုံးစမ်းကြည့်တော့ ဒေါ်သံသီးရဲ့လက်ချက်မှန်းသိလို့ ဦးကြေးစည်က အိမ်နဲ့ခြံကို ရောင်းပြီး တစ်ကိုယ်တော် လှူ့ ကောင်းလှူသတ်သမားကို ကြေးကြီးပေးပြီး ငှါးလိုက်တယ်. . .

ကြေးစားလူသတ်သမားနာမည်က 'ပုဏ္ဏက ဘထွန်း' တဲ့၊ ပုဏ္ဏကဘထွန်းက သူတို့အမှောင်လောကထဲမှာ ကျက်စားကျင်လည်နေတဲ့လူမိုက်မောင်ကြီးနဲ့ အဖွဲ့ကို အရင်ရှင်းပစ်တယ်၊ နောက်တော့ ဒေါ်သံသီးရဲ့ မိသားစုဝင်တွေကို တစ်ယောက်ချင်းစီ အမှည့်ခြွေ ခြွေနေတော့တာပါပဲ. . . ဒေါ်သံသီးရဲ့လက်ကျန် မိသားစုလည်း ခိုကိုးရာမဲ့လာလို့ ဒီအရပ်ကို ပြောင်းပြေးပြီး ဖာတ်မြှုပ်နေထိုင်ဖြစ်ကုန်ကြတော့တာပေါ့. . .

ဒေါ်သံသီးခမျာ ကိုယ်ပြုတဲ့ကံ ကိုယ်သာခံဆိုပြီး ဒီအရပ်ရောက်တဲ့အထိ အသက်ဘေးအန္တရာယ် မလုံခြုံနိုင်ခဲ့ရှာဘူး။ ပုဏ္ဏကဘထွန်းက လိုက်သတ်လို့ အိမ်သားတွေအားလုံး သေကုန်တယ်။ လွတ်သွားတာ ဒေါ်သံသီးရယ် သူ့သမီးတစ်ယောက်ရယ်၊ ခြံစောင့်ကြီး မှုတ္တူးတို့ အပြင်ကို သွားနေလို့ပေါ့. . . ပြန်ရောက်တော့ ဒီအဖြစ်ဆိုးတွေ မြင်လိုက်ရတယ်၊ ခေတ်အခါက





ချောင်စုံသောင်းကျန်းသူတွေ အုံကြွပြီး ပြည်တွင်းမငြိမ်မသက်ဖြစ်နေတဲ့ကာလလေ၊ ပုဏ္ဏကဘထွန်းကို အမှောင်ကွယ်ပြီး လှုပ်ရှားနေတာ စစ်ရဲတွေမြင်ပြီး လိုက်ဖမ်းတာ အဖမ်းမခံလို့ ပစ်ဖမ်းတာ နေရာမှာတင် ပွဲချင်းပြီးသေသွားတယ်၊ သူ့အကုသိုလ်နဲ့သူသွားတာပေါ့လေ. . . လို့ ဒေါ်သံသီးက ပြောပြတယ်။

ဦးကြေးစည်ဆီက နောက်ထပ် လုပ်ကြံမယ့်လူမိုက်တွေ ဆပ်လွှတ်မှာစိုးလို့ ဒေါ်သံသီးနဲ့ သူ့သမီး ခရီးတစ်ခု ထွက်ရင်း အားမှောက်သေဆုံးပြီလို့ သတင်းလွှင့်လိုက်တယ်၊ မှုတ္တူးကိုလည်း အိမ်ကြီးက သရဲတစ္ဆေတွေ ခြောက်လှန့်ပြုစားလို့ ရူးသွားတဲ့ အယောင်ဆောင်နိုင်းလိုက်တယ်. . .

အမှန်တော့ မြေအောက်ခန်းထဲမှာ ဒေါ်သံသီးတို့သားအမိ ပုန်းအောင်းနေကြရတာပါ. . . အဲဒီမှာတင်ပဲ သူ့သမီးခမျာ လုံးရောဂါနဲ့ ထပ်ဆင့်ဆုံးရှာတယ်၊ ခဏတာ ဒေါ်သံသီး စိတ်ဓာက်ပြီး ရူးကြောင်ကြောင် ဖြစ်သွားသေးတယ်. . .

နောက်မှ ပြန်သတိရပေမယ့် ရူးချင်ယောင် ဆက်ဆောင်နေလိုက်တယ်၊ တစ်ဖက်ရန်သူ ဦးကြေးစည်ဆိုတာ ဒီနေ့အထိ အသက်ထင်ရှား ရှိသေးလား၊ မရှိသေးဘူးလား ဆိုတာ မသိရ



www.burmeseclassic.com

www.burmeseclassic.com



တော့ဘူး. . . ဒေါ်သံသီးက ဆိုက်ဝင်းကြီးထဲမှာ ပရဆေးရွက်တွေ လိုက်ခူး၊ ဆေးဖော်ပြီး မူတူးကို ဝေးလံတဲ့ မြို့နယ်ဈေးတွေမှာ သွားရောင်းခိုင်းတယ်၊ ဒေါ်သံသီးရဲ့အဖေ ဦးအုန်းဖူးက တိုင်းရင်း ဆေးဆရာကြီးလေ၊ သူ့အဖေပညာကို ဒေါ်သံသီး အမွေရထား တာပေါ့. . .

ရတနာမြေပုံတစ်ခြမ်းက အခုထက်ထိ ဒေါ်သံသီးလက် ထဲမှာ ရှိနေတုန်းပဲ၊ ဆေးဖော်ရောင်းရင်း စီးပွားတက်နိုင်ပေမယ့် ဦးကြေးစည်ရန်ကို ကြောက်လို့ ထင်ထင်ရှားရှား မနေရဲဘူး. . . တစ်နေ့ အခွင့်သာမှ ပစ္စည်းတွေပြန်ဖော်မယ်လို့ ရည်မှန်းထား တယ်၊ ဦးကြေးစည်ဆီက ရတနာမြေပုံအညွှန်းတစ်ခြမ်းကို ဝ ချင်လို့ မူတူးကို လွှတ်ကြည့်သေးတယ်၊ ဦးကြေးစည်က မူရင်း ရာမှာ မရှိတော့ဘူး. . . ဘာသတင်းအစအနမှလဲ မရဘူး

အမှောင်ထဲကကနေ သူက ကိုယ့်ကိုလုပ်ကြံမှာ လန့် သလို ကိုယ်က သူ့ကိုလုပ်ကြံမှာလဲ သူဘက်က စိုးရိမ်နေကြ သဘော ဖြစ်သွားတယ်၊ အဲ့ဒါနဲ့ပဲ ဒေါ်သံသီးဟာ အခြေအ ကို စောင့်ကြည့်ရင်း မျောနေလိုက်တာ အခုထက်ထိပဲ၊ ကျွ ရောဂါပျောက်ကင်းမှပဲ ဒီကိုလာခွင့်ပြုတော့တယ်၊ ဒဏ်ရာပြီ





နဲ့ ပြန်ခွင့်မပေးဘူးလေ. . . ကျွန်မတို့အဖွဲ့ ဆိုက်ဝင်းထဲမှာ ပျော် ပွဲစားထွက်တဲ့ည ဆေးပေါင်းခတဲ့ညမှာ ဒေါ်သံသီးကလဲ အရှုံးမကြီး လိုပုံစံနဲ့ ဆိုက်ဝန်းထဲ လှည့်ပတ်ပြီး ဆေးပေါင်းခတဲ့ မယ်ဇလီ အဖူးတွေ၊ ဆေးပင်ဆေးမြစ်တွေ လိုက်ခူးနေတာပေါ့. . . ကျွန်မ တို့အသံကိုကြားတော့ ဦးကြေးစည်ဆီက ထပ်လွှတ်လိုက်တဲ့ လူဖျွေမှတ်ပြီး မူတူးကို ပြန်ခေါ်၊ နှစ်ယောက်ပေါင်းပြီး ခြောက် လှန့်တိုက်ခိုက်ခဲ့တာလေ. . . ကျွန်မက အဖြစ်မှန် ရှင်းပြလိုက်မှ ရန်သူမဟုတ်မှန်း သိနားလည်သွားတယ်. . .

ဒါတောင် ဖော်တေဇနဲ့တူပါရဲ့၊ တိုက်ကြီးထဲ ဝင်ရာတော့ ဦးကြေးစည်ရဲ့လူမှတ်ပြီး ဒေါ်သံသီးတို့ ခြောက်လှန့်တိုက်ခိုက်ခဲ့ ကြသေးတယ်၊ ကံကောင်းလို့ ဘာမှဖြစ်မသွားတာပေါ့. . . ဒါပေမယ့် **လူအတွေးတွေကို** မှိုင်းမောမောက်မှားစေတဲ့ ပရအဆိပ် ငွေ့**တချို့** ထုတ်လွှတ်လိုက်တာကို ဖော်တေဇက ရှုမိသွားတယ် သူပဲဖြစ်မှာပါ၊ ဒါကြောင့် အဲ့ဒီတိုက်ဟောင်းကြီးမှာ သူခြေရှုပ်ပြီး ကျွန်မကို အသေအလဲ လိုက်ရှာနေတာ. . . သူ့ရဲ့ချစ်ခြင်းမေတ္တာ ကြီးမားတွယ်တာတာ၊ သစ္စာနိုင်မြဲတာကို သိရလို့ ကျွန်မ အခွင်း ကို ဝမ်းသာကြည်နူးရတယ်. . . ဒါကြောင့် ဒီရောက်အောင် ပြန်



www.burmeseclassic.com

www.burmeseclassic.com



လာတာ၊ မနက်ဖြန် ဖော်တေဇကို အရင်သွားတွေ့မယ်''

မြလေးရုံက သူမပျောက်ကွယ်နေရခြင်းနဲ့ ပတ်သက်ပြီ ပုံပြင်ဇာတ်လမ်းတစ်ပုဒ်ပမာ ပြောပြနေတာကို ဆရာမကြီး မြင့်မှု မနိုင်နဲ့ မမွှေးတို့ ဝိုင်းဝန်းနားထောင်နေမိကြတယ်။ သူတို့ခမျာ နားရှိလို့သာ ယုံနေရတယ်။ အံ့ဩနဘန်းကို ဖြစ်လို့။ ကုမ္ပဏီမ တွေလဲ ဒီလိုပဲပေါ့။

ဆရာမကြီး မြင့်မှုကို ပြန်ဆွဲထူပေးတဲ့ မြလေးရုံအန ကို ကုမ္ပဏီကမမသုံးယောက်က ဝိုင်းလာပြီး မေးကြမြန်းကြရာ က မြလေးရုံ လူသားအစစ်မှန်း သိလိုက်ရလို့ မနိုင်နဲ့ မမွှေး ခမျာ ငိုယိုပြီး ပြေးလာဖက်ကုန်ကြတယ်။ ဒီတော့မှ မြလေးရုံက သူ့ဇာတ်ကြောင်းကို ရှင်းပြလိုက်တာပေါ့။ အဖြေက ရှင်းနေပြီ အချိန်မတော်ကြီး ဖြစ်နေပြီ။ မြလေးရုံ မသေဘူး။ ဘာသရဲတစ္ဆေ မှလဲ လာမခြောက်ဘူး။ မိန်းကလေးအဆောင်ထဲမှာ အေးအေး လူလူ စကားတွေ ဖောင်ကြရင်းနဲ့ မေးခနဲ ယူလိုက်တာ မနက် လင်းမှပဲ နိုးကုန်ကြတော့တယ်။ နိုးတာနဲ့ မြလေးရုံခမျာ တကိုယ် ရေသန့်ရှင်းမှုပဲ လုပ်နိုင်တယ်။ အလှအပတောင် မခြယ်သနိုင် ဘူး. . ဖော်တွေဇတို့အဆောင်ကို အဖော်သူငယ်ချင်းမနှစ်ယောက်





နဲ့ သုတ်ခြေတင်ကုန်ကြပြီပေါ့။

❋ ❋ ❋ ❋ ❋

မြလေးရုံကိုတွေ့တော့ အိပ်ချင်မူးတူးနဲ့ ကုန်းရုန်းထလာ တဲ့ သူရိန်၊ ဝေယံ၊ ကိုမော်ကြီးနဲ့ နိုင်ဖော်အေးတို့ မျက်လုံးတွေ ပြူးကျယ်ကုန်ကြတယ်။

''မနိုင်နဲ့ မမွှေးတို့ ဘေးကပါလာလို့သာ ယုံလိုက်ရ တယ်၊ နို့မို့ မြလေးရုံကို မြင်တာနဲ့ ငါတို့ လန့်ပြေးမိကုန်မှာပဲ''

''အေးဗျာ. . .ကိုမော်ကြီး ပြောတာ ဟုတ်တယ်''

နိုင်ဖော်အေးက ထောက်ခံတယ်။ သူရိန်က. . .

''ငါတော့ အဲ့ဒီထဲမှာ မပါဘူး. . .မနက်ခင်းကြီး သရဲ ခြောက်တာ ဖြစ်မှမဖြစ်နိုင်တာ''

ဝေယံကတော့ မြလေးရုံ ပျောက်ပြီး ဘယ်ရောက်နေ သလဲဆိုတာကို အတင်းမေးနေတယ်။ မြလေးရုံက ရှင်းပြလိုက် မှ အားလုံး ဩချသွားတယ်။ သူရိန်က. . .

''တော်သေးတာပေါ့ မြလေးရုံရဲ့အိမ်ကို အကြောင်းမ



www.burmeseclassic.com

www.burmeseclassic.com



ကြားမိတာ၊ စခန်းမှာ အမှုဖွင့်ထားတာကိုတော့ သွားပြန်ပိတ်
ဖြစ်မယ်''

ကိုမော်ကြီးက. . .

''ဒါဆို ဆိုက်ထဲမှာ သရဲခြောက်ခံရတာ မဟုတ်ဘူ
ပေါ့''

''ဒါပေါ့ရှင့်. . . ဒါနဲ့ ဖော်တောဇကော''

''သူ့အခန်းထဲမှာ နပ်နေတယ်၊ ဒီကောင်လဲ တော်တော်
ထူးခြားနေတာ၊ မြလေးရုံကို ရှာမတွေ့လို့ စိတ်ထိခိုက်ပြီး စိတ်
ဖောက်ချင်သလို ဖြစ်နေတယ်၊ ညကလဲ သရဲတစ္ဆေပုံစံနဲ့ ပြန်လာ
ပြီး အားလုံးကို ခြောက်လှန့်တယ်၊ ဆရာပွင့်ဆိုတာ စိတ်ဆိုး
သွားပြီ. . . ညက ဘယ်သူ့ကိုမှ စကားမပြောပဲ သူ့အခန်းထဲဝင်
အိပ်နေတယ်၊ တံခါးဂျက်ထိုးထားတယ်၊ တို့လဲ သူ့ကို ဘာမှ
မမေးရဲတာနဲ့ သူ့သဘောအတိုင်း လွှတ်ထားလိုက်တယ်''

မြလေးရုံက. . .

''သူက ဆေးမှိုင်းမိသွားလို့ အဲ့ဒီလို ဖြစ်သွားတာပဲ
စိတ်စွဲပြီး စိတ်ထင်ရာ လျှောက်လုပ်တတ်တဲ့ ဆေးမှိုင်းမျိုးပေ
ဒေါ်သံသီးက ဦးကြေးစည်ရဲ့ဘက်ကလူမှတ်ပြီး တိုက်ခိုက်လွှတ်





လိုက်တာ. . . ကြောင်လိမ်လှေကားပေါ်မှာ လူဝံကြီးလိုလို မျောက်
ဝံကြီးလိုလို အကောင်ကြီးဆိုတာ အလျှူခံတွေမှာ လှူဝင်ပြီးဝတ်
ရတဲ့ မျောက်ဝံ၊ လူဝံ အရုပ်အဝတ်အစားတွေပါ၊ ဂုံလျှော်ကို
ဆေးနကီဆိုးထားတာ၊ အရုပ်ခေါင်းကြီးဆောင်းထားတာ၊ အဲ့ဒါ
ဦးမှုတူးပေါ့၊ အဆိပ်ငွေ့မှုတ်ပြောင်းနဲ့ လှေကားပေါ်ကနေမှုတ်
ပြီး ခြောက်လှန့်လိုက်တာလေ''

သူရိန်က လက်ဖျောက်တစ်ချက်တီးရင်း. . .

''ဒီလိုကိုး. . .''

ဝေယံက. . .

''အဲ့ဒါဖြေဆေးရှိလား''

မြလေးရုံက. . .

''ဒေါ်သံသီးဆီ ပြန်ခေါ်သွားပြီး အကျိုးအကြောင်း ပြော
ပြရင် ဒေါ်သံသီးက ကုသပေးမှာပါ၊ လူများများ ခေါ်လာတာကို
တော့ ဒေါ်သံသီးက သဘောကျမှာ မဟုတ်ဘူး၊ သူ့လျှို့ဝှက်ချက်
ပေါက်ကြားမှာစိုးတယ်. . . ကျွန်မကို ယုံလို့ပြောပြလိုက်တာ
ကျွန်မကလဲ ကျွန်မကို ရှင်တို့ယုံအောင် အဖြစ်မှန်အတိုင်း မထွယ်
မဝှက် ဝန်ခံလိုက်တာပါ. . . ကိုယ်သိရင် ကိုယ့်ဝမ်းထဲပဲ ထား



www.burmeseclassic.com

www.burmeseclassic.com



ကြပါ၊ ဒေါ်သံသီးအတွက် အန္တရာယ်ဖြစ်လောက်တဲ့ ပေါက်ကြား မှုမျိုး မဖြစ်စေချင်ဘူး. . . အားလုံးက ဦးကြေးစည်နဲ့ မပတ်သက်ဘူးလေ''

သူရိန်က. . .''ယုံလိုက်. . . ဦးကြေးစည်ဆိုတာ ဖျူသလား၊ မဲသလားတောင် သိတာမဟုတ်ဘူး၊ တကယ်တမ်းဖြစ်လာရင်လဲ ဒေါ်သံသီးဘက်က ကာကွယ်ပေးရမှာပဲ''

ကိုမော်ကြီးက. . .

''ဒီတစ်ခါတော့ သူရိန်ပြောတာ Good တယ်ကွာ''

နိုင်ဇော်အေးက. . .

''အဲဒါအရေးမကြီးဘူး၊ သူကိုယ်သူ သရဲတစ္ဆေ ထင်နေတဲ့ ဇော်တေဇကို ဘဝပြောင်းမလိုတဲ့၊ မြလေးရုံက သင်္ချိုင်းရလောကထဲ ရောက်နေပြီး သူ့ကို အမြန်လိုက်ခဲ့ဖို့ ခေါ်နေသတဲ့၊ ဒီကောင် မဟုတ်မဟပ်တွေ လျှောက်လုပ်မှာစိုးရတယ်''

မြလေးရုံ ပြာလောင်ခတ်သွားတယ်။ သူရိန်က. . .

''ဇော်တေဇ''

''ဇော်ကြီး''

အထဲက ပြန်မထူးဘူး။ ဝေယံက တံခါးကို လက်နဲ့





ခေါက်လိုက်တယ်။ တံခါးက ဂျက်မထိုးထားဘူး။ ခေါက်တာနဲ့ ပွင့်သွားတယ်။ အထဲကို ကြည့်လိုက်တော့. . .

''ဇော်တေဇ မရှိတော့ဘူး. . . မနက်အစောကြီး ဘယ်အချိန်က ထလစ်သွားသလဲ မသိဘူး''

ဝေယံစကားကြောင့် အားလုံး ထိတ်ပြာကုန်တယ်။ ကိုမော်ကြီးက ''ဟုတ်ရဲ့လားကွာ. . . ငါ တက်ကြည့်စမ်းမယ်''

ကိုမော်ကြီး တက်ကြည့်တယ်။ ကုတင်အောက်တွေပါ လိုက်ငုံ့ကြည့်တယ်။ မတွေ့ဘူး။ စာကြည့်စားပွဲပေါ်မှာ စာရေးလက်စကို တွေ့လို့ ဖတ်ကြည့်လိုက်တယ်။

''ငမိုးရိပ်ချောင်းမှာ ကိုယ့်ဝိညာဉ်နဲ့ ပေါင်းဆုံဖို့ လိုက်လာခဲ့ပါ မြလေးရုံ'' ဆိုတာလေး ရေးထားတယ်။

''ဟိုက်. . . မဖြစ်ဘူး. . . ငါတို့အားလုံး ငမိုးရိပ်ချောင်းကို လိုက်ကြမယ်၊ ဒီကောင် ရေထဲခုန်ချသေဖို့ ကြံစည်နေပြီ၊ ကားအမြန်ငှါးကြ''

''အမလေး. . . ဒုက္ခပါပဲ''

''မြန်မြန်လုပ်ပါဟ''

အားလုံး သုတ်သုတ်ပြာပြာနဲ့ ကားအမြန်ငှါးကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



ငမိုးရိပ်ချောင်းတံတားကို နာရီဝက်နဲ့ ရောက်အောင် တက်သုတ်ရိုက်မောင်းရတယ်။ ကားလမ်းတံတားအတိုင်း လိုက်ကြည့်တော့ လူတစ်ယောက် ရေထဲကို ငုံ့ကြည့်နေတယ်။ နွားနို့ပို့တဲ့ ကုလားကြီးပေါ့။ စက်ဘီးရပ်ပြီး ဆင်းကြည့်နေတာ။ ကွင်းထိုးဖိနပ်တစ်ရံက ချွတ်လျှက်သား။

တံတားအောက်မှာ ရေတွေက တသွင်သွင်စီးနေတယ်။

"အဲ့ဒီဖိနပ်ဟာ ဇော်တေဇ စီးတဲ့ဖိနပ်ပဲ"၊

သူရိန်က နွားနို့ပို့တဲ့ ကုလားကြီးကို...

"ဟေ့..မာမူ...ဒီနားမှာ အရပ်အလောတော် အရွယ်က ကျွန်တော်တို့အရွယ်ပဲ၊ ဆံပင်က လှိုင်းလိုပြေးနေတဲ့ လူတစ်ယောက် အသားလတ်လတ်နဲ့လေ၊ တွေ့မိလိုက်လား"

"ဟရေး...ဒီးဖိနပ်ကို စီးတဲ့လူလား"

ဝေယံက အားတက်သရောနဲ့...

"ဟုတ်တယ်...ဒီဖိနပ် စီးတဲ့လူပဲ၊ အခု ဘယ်ရောက်သွားပြီလဲ"

"ဒွတ်ခတွေတော့ ဖစ်ကုန်ပါပြီ"

နွားနို့ပို့တဲ့ ကုလားကြီးစကားကြောင့် အားလုံး ငေ





အောက်ကို ငုံ့ကြည့်လိုက်တယ်။ ဘာမှ စီးမျောသွားတာကော့ မတွေ့ဘူး။ ကုလားကြီးက...

"တုံးမီးနစ်ပဲစောင့်...အဲလေ...တုံးမီးနစ်လောက်ပဲ နောက်ကျသွားတယ်...ဒီးဖိနပ်စီးဒဲ့လူနော်...တပ်ကယ်ဆိုးဒယ်...ဒီးလက်ကိုင်တန်းပေါ်တက်ပြီး ဇရေထဲကို တပ်ခါထဲ ဒိုင်ဗင်ထိုးချသွားတယ်၊ အားယိုးယိုး ကျွတ် ကျွတ် ကျွတ်၊ ချွန်ဒေါ် တားတယ်နော့ မီရဘူး...မြုပ်လိုက် ပေါ်လိုက် မြုပ်လိုက် ပေါ်လိုက် တုံးချီ တုံးခါ ဖစ်ပြီး ရေအောက်နစ်ဒယ်နော်၊ ရေစီးနဲ့ တပ်ခါထဲ ပါတွားလိုက်တာ တိတ်တနားဖို့ ကောင်းတယ်၊ ကပ်လားလဲ မတ်ခံစားနိုင်ဘူး...ဟီး...ရှုတ်"

"ဟင်"

"ဟာ"

"ဟယ်"

"ဟင့်အင်း...မောင် ဒီလိုလုပ်မှာ မဟုတ်ဘူး ဟင့်အင်း...မဖြစ်နိုင်ဘူး၊ လုံးဝ မဖြစ်နိုင်ဘူး"

မြလေးရုံက ခေါင်းတခါခါနဲ့ နောက်ဆုတ်သွားတယ်။ ပလက်ဖောင်းပေါ်က ချော်ကျမလို ဖြစ်သွားလို့ ဝေယံက လှမ်း

www.burmeseclassic.com



ကိုင်ထိန်းပေးလိုက်ရတယ်။ ကိုမော်ကြီးက. . .

"ဟေ့လူ. . . ခုန်ချသွားတာ တကယ်သေချာရဲ့လား။ တံတားစောင့်တဲ့ ရဲသားတွေရှိတယ်၊ ကျုပ် သွားမေးကြည့်မှာ နော်. . ."

"ဟရေး. . . နေရင်းထိုင်ရင်း လူကိုလာ အမှုပတ်နေတယ်. . . ယုံချင်ယုံ မယုံချင်နေ၊ ကပ်လားနဲ့ ဘာမှမဆိုင်ဘူး၊ အနေတာကြီးပဲ. . . ခုန်မချဘူး၊ ဘာမှမမြင်ဘူး. . . ဘာမှမမေးနဲ့ တွားမယ်"

နွားနို့ပို့တဲ့ လူကြီး နှာတင်းပြီး သူ့စက်ဘီးပေါ် တက်နင်းသွားတယ်။ နွားနို့ပုံးကြီးက ဂလုံး ဂလွမ်နဲ့ပေါ့။

ဝေယံက– "ဟုတ်မှာပါကွာ. . . ဒီကောင် တကယ်လုပ်သွားပြီ. . . တော်တော်ဆိုးတဲ့ကောင်၊ ငါတို့ကိုတောင် စောင့်မသွားဘူး ဟီး. . . ရှုတ်"

နိုင်ဇော်အေးက. . .

"ရဲကို သွားမေးမနေပါနဲ့ကွာ၊ နေရင်းထိုင်ရင်း တို့ပါ အမှုတွဲကုန်ပါမယ်၊ ဟုတ်သော်ရှိ မဟုတ်သော်ရှိ ဒီအတိုင်း ခဏထားလိုက်ပါ၊ သေချာအောင် စုံစမ်းကြည့်သေးတာပေါ့"





သူရိန်က. . .

"ဘယ်ဖြစ်မလဲ. . . ဖိနပ်ကိုတွေ့နေပြီ၊ လူပျောက်နေပြီ၊ ဒါထိန်ချန်မှု ဖြစ်သွားမယ်"

ကိုမော်ကြီးက. . .

"ကြည့်လုပ်ဟေ့. . . နဂိုကတည်းက ပြဿနာတွေက ရှုပ်ထွေးနေရတဲ့ကြားထဲ တစ်ပူပေါ်နှစ်ပူဆင့်တော့ မခံနိုင်ဘူး"

မြလေးရှုံကတော့ မျက်နှာကို လက်ဝါးနှစ်ဖက်နဲ့ အုပ်ပြီး ရှိုက်ကြီးတငင် ငိုကြွေးနေပြီလေ။ မခိုင်နဲ့ မမွှေးက ဘေးကနေ နှစ်သိမ့်ကြပေမယ့်လည်း အချည်းအနှီးပါပဲ။

မမွှေးက. . .

မြလေးရဲ့ ပျောက်နေတုန်းက ဇော်တေဇ အသဲအသန် လိုက်ရှာခဲ့ရတယ်။ အခု မြလေးရုံကို ပြန်ရှာတွေ့တော့ ဇော်တေဇက ပြန်ပျောက်သွားရပြန်ပြီ၊ နင်တို့ နမ့ူးစာကလဲ ရှာလည်ချာသည်ကြီးပါလားဟယ်"

ဝေယံက. . .

"ပျောက်တာဏ အကြောင်းမဟုတ်ဘူးဟ၊ အဲ့ဒီကောင် အစိမ်းသာရဲဖြစ်သွားရင် ငါတို့ကို အသေခြောက်မှာ"



www.burmeseclassic.com

www.burmeseclassic.com



ကိုမော်ကြီးက. . .

"ဖွဟဲ့ မပြောကောင်း မဆိုကောင်း. . . ပြန့်ကြမယ်. . . ဖိနပ်တွေ့တိုင်း ဒီတံတားပေါ်က ခုန်ချတယ်လို့ အတပ်ပြောလို့ ရတာမှ မဟုတ်တာ"

ဝေယံက. . .

"ကျားကိုက်ပါတယ်ဆိုမှ နာတာရှည်လား မေးသလို ဖြစ်နေပြီဗျ"

သူရိန်က– "မြလေးရုံကိုသာ ရအောင်ထိန်းကြဗျာ. . . ကျွန်တော့်အထင်တော့ ဒီကောင် တကယ်ခုန်ချသွားပြီ. . . တော လွဲကလေးဗျာ၊ အခုတော့ ဘဝချင်းခြားပြီး တကဲတက်စင်အောင် လွဲသွားရပြီ. . ."

"ရှင်တို့ မဟုတ်တာတွေ မပြောကြနဲ့၊ မောင် မသေ ဘူး။ မောင် ဒီလိုလုပ်မှာ မဟုတ်ဘူး၊ ကျွန်မကို စောင့်နေမှာ ကျွန်မကို မျှော်နေမှာ. . . ကျွန်မကို. . . ကျွန်. . . မ. . . ကို"

ပြောရင်းတန်းလန်းနဲ့ မြလေးရုံ ခွေကျသွားလို့ မခိုင်နဲ့ မမွှေးက မနည်းဖမ်းထိန်းထားလိုက်ရတယ်။ တံတားပေါ်မှာ ကား ကြာကြာရပ်လို့ မဖြစ်ဘူး။ ယာဉ်ကြောပိတ်ဆို့နေလို့ ဝိုင်းဆဲတာ





နေရလိမ့်မယ်။ မြလေးရုံကို ကားပေါ်ထိုးတင်ပြီး အမြန်ထွက် ကြရတယ်။ (၂၄)နာရီ ဝန်ဆောင်မှုပေးတဲ့ ဆေးခန်းကို အမြန်ဝင်ပြမှ မြလေးရုံ သက်သာလာတယ်။

'မောင်. . . မောင်ရောဟင်. . . သူ. . . သူ့တစ်ကိုယ်လုံး ရေတွေရွှဲနစ်နေတယ်၊ ကျွန်မနောက်ကို လိုက်လာတယ်၊ သူမှား တဲ့၊ သူ တမလွန်ဘုံကို ရောက်သွားပြီတဲ့. . . သူ့ကို မြလေး ခေါ်တယ်ထင်လို့ တမလွန်ခရီးကို သွားမိတာ၊ အခု သူ့ခမျာ နည်းလမ်းမရှိတော့ဘူးတဲ့. . . လုပ်ကြပါဦး. . . မောင်ပြန်လာလို့ ရတော့ဘူး. . . ကယ်ကြပါဦး"

အားလုံး ပြူးကြောင်ကုန်တယ်။ ဆရာဝန်က အထူးကု ဆရာဝန်ဆိုတော့ လူနာဖြစ်ပျက်နေတာထက် အထူးရိတ်ဖို့ ဆေး တွေပဲ ရွတ်ရေးပေးနေတယ်။ စိတ်ထိခိုက်မှုလွန်ကဲပြီး မေ့မျော သွားတာကို နှလုံး၊ အဆုတ်၊ ကျောက်ကပ် အခြေအနေ၊ အူ ကြီး အခြေအနေသိဖို့ ဓာတ်မှန်ရိုက်ရမယ်ဆိုတာတွေရော တစ် ဆိတ်စာ မူးမော်ပျောက်ဆေးတွေကော၊ ဆီးချိုသွေးချို ရှိမရှိ စစ်ဆေးရမှာတွေရော။ သွေးတိုးရှိမရှိ ထပ်စစ်ရမယ် ဆိုတာတွေ ပါ အကုန်လျှောက်ပြောပြီး ဆေးတွေခွပေးတယ်။ အလကား



www.burmeseclassic.com

www.burmeseclassic.com



ပေးတာ မဟုတ်ဘူး။ အပြင်မှာ တစ်ဆဆိုရင် သူ့ဆီမှာ သုံး လောက် တင်ရိတ်လိုက်သေးတာ။ ဝန်ဆောင်ခ၊ ကိုင်တွယ် စမ်းသပ်ခ၊ ကြည့်ရှုခ အမျိုးမျိုး အမည်တပ်ပြီး ရိတ်ချလိုက် တာ တစ်သောင်းခွဲလောက် ကျသွားတယ်။

မနိုင်ကတော့ နောက်နေသေးတယ်။

"မြလေးရေ. . . ဒီတစ်ခါမူးလဲခါနီးရင် တစ်သောင် ဆိုတာ သတိရလိုက်၊ မူးချင်တာတောင် ပျောက်သွားလိမ့် ဟီဟိ"

မမွှေးက– "ရှုဆေးလောက်နဲ့ ပြီးတာကို အဲ့ဒီ ကို ကြီးပေ့ါ၊ ရှည်ကဲပြီး ဒီရောက်အောင် ခေါ်လာတယ်"

"ဩော်. . . ငါ့မလဲ စိုးရိမ်လွန်းလို့ပါဟာ"

မြလေးရုံကတော့ ငူငူငိုင်ငိုင်။ မရှုနိုင် မကယ်နိုင် ဖြစ် ရှာတဲ့ပုံနဲ့ပေ့ါ။

"ဖြစ်မှဖြစ်ရလေ မောင်ရယ်"

"ဗျာ"

မြလေးရုံ ညည်းတွားသံကြောင့် ဆေးစာရေးပြီးသွား ဆရာဝန်က ခပ်ကြောင်ကြောင်နဲ့ ထထူးနေတယ်၊ မနိုင်က–





"ဆရာ. . . ဘာဖြစ်လို့လဲ"

"ဘာမှ မဖြစ်ပါဘူး၊ လူနာက ကျွန်တော့်ကို ပြောလိုက် သလားလို့၊ ကျွန်တော့်နံမယ်က 'မောင်' လေ 'မောင်' တစ်လုံး ထဲ မှည့်ခေါ်ထားတာ၊ ဒေါက်တာမောင် အထွေထွေရောဂါကု ဆရာဝန်လို့ ရေးထားတာ ဖတ်မိခဲ့မှာပေါ့"

မမွှေးက အားနာပါးနာ ပုံစံနဲ့. . .

"မသိလို့ပါရှင်. . . ကျွန်မတို့လဲ ကမန်းကတန်း ဝင်လာ မိတာနဲ့ ဆိုင်းဘုတ် မဖတ်လိုက်မိဘူး. . . ကျွန်မသူငယ်ချင်း တမ်းတပြောလိုက်တာက သူ့ရဲ့ချစ်ရတဲ့ မောင်ကို ပြောတာပါ။ ဆရာ့ကို ပြောတာ မဟုတ်ပါဘူး"

"ဩော်. . . ဒါဆိုလဲ ကိစ္စမရှိပါဘူး၊ ကျွန်တော်ပြောတဲ့ အတိုင်း တိတိကျကျလိုက်နာရင် လူနာ ပြန်ကောင်းသွားမှာပါ"

"ဟုတ်ကဲ့ ဆရာရိတ်. . . အဲ. . . ဘွာတေး. . . ယောင် လို့. . ယောင်လို့. . ဆရာမောင်. . . ကျွန်မတို့ကို ပြန်ခွင့်ပြုပါဦး"

ဆရာမောင်တစ်ယောက် မနိုင်ရဲ့ ကလိချက်ကြောင့် မျက်နှာမထားတတ်အောင် ဖြစ်သွားတယ်။ ဆေးခန်းထဲက ပြန် ထွက်လာပေမယ့် မြလေးရုံခမျာ စိတ်ကျဝေဒနာသည်လိုပဲ။



www.burmeseclassic.com

www.burmeseclassic.com



မခိုင်က– "မြလေးတော့ ဇော်တေဇ ဖြစ်သလို စိတ်ပန်းနွမ်းကြေရောဂါ ဖြစ်နေပြီနဲ့တူတယ်"

မမွေးက– "အဲ့ဒါ ရွှေရင်စို့ရောဂါလို့ ခေါ်တယ်ဟဲ့. . . တွေ့ရမယ်လို့ အားခဲပြီး လာခဲ့ခါမှ အဖြစ်ဆိုးနဲ့ ဒဲ့ဒိုးကြုံလိုက်ရတဲ့အခါ ဖြစ်တတ်တဲ့ ရောဂါ. . .ဟုတ်တယ်နော် မြလေး"

မြလေးရဲ့ကတော့ တစ်နေရာတည်း စိုက်လိုက်တန်းလန်းကြည့်ရင်း နှုတ်ခမ်းနှစ်မွှာ လှုပ်ရှုရုံသာ ရေရွတ်တုန့်ပြန်လိုက်တယ်။

"မောင်"တဲ့။

ဇော်တေဇ သေမသေဆိုတဲ့ကိစ္စက မရေမရာ၊ မသေမချာကြီး။ မြလေးရဲ့ ပျောက်သွားတုန်းကလိုပဲ။ မြလေးရဲ့တုန်းကလို လူပျောက်မှုနဲ့ သွားဖွင့်ရင် ကောင်းမလား။ ကျောင်းဆေးလဲ ပြန်ဖွင့်ခါနီးနေပြီ။ မျက်မြင်သက်သေ နို့ကုလားကြီးကိုလည်း လိပ်စာမမေးထားမိလို့ ဘယ်လိုက်ဖမ်းရမယ်မှန်း မသိ။





အခေါင်ပြန်ပြီး ညအိပ်တဲ့အခါမှာတော့. . .

"အီးဟီးဟီးဟီး. . . အီးဟီးဟီးဟီး"

"ဟော့ကောင် သူရိန်. . . ဘာဖြစ်နေတာလဲ၊ ငှက်ဖျားတက်နေတာလား၊ ညဆယ့်တစ်နာရီကြီး ဘယ်ဆေးခန်းမှ မဖွင့်တော့ဘူး၊ အထူးရိတ် (၂၄)နာရီတွေပဲ ရှိတော့တယ်. . . အဲ့ဒါတွေက နှာစေး၊ ချောင်းဆိုးလောက်ကိုတောင် (၁၀)ရက်လောက်ဆွဲကုတာ၊ ဆေးပတ်လည်အောင်လို့တဲ့. . ."

"တိတ်စမ်းပါ ဝေယံရာ၊ ငါ ညည်းတာမဟုတ်ဘူးကွ၊ ဟိုဖက်အခန်းက ဇော်တေဇအခန်းကကွ၊ ဒီကောင် ပြန်ရောက်နေပြီလား၊ ဒါမှမဟုတ် သရဲလာခြောက်တာလား၊ သွားဖွင့်ကြည့်ရအောင်"

"ဟာကွာ. . . ညကြီးမင်းကြီး မသွားချင်ပါဘူး၊ ဟုတ်ခဲ့လား နားစွင့်ကြည့်စမ်း"

နှစ်ယောက်သား ထပ်ပြီး နားစွင့်ကြည့်ကြတယ်။

"အီးဟီးဟီးဟီး. . . ချမ်းတယ်၊ မြလေးရေ. . . မြလေးခင်းနောက်ကို လိုက်လာရင်းနဲ့. . . ကိုယ့်မှာလေ ချက်ချင်းသေရဖြစ်သွားရပြီ. . . အီးဟီးဟီးဟီး"

www.burmeseclassic.com

www.burmeseclassic.com



တုန်အက်အက်ကြီးနဲ့ ဇော်တေဇအခန်းထဲက ပြောလိုက်သံကြောင့် သူရိန်ကော ဝေယံပါ ထထိုင်ကုန်ကြတော့တယ်။ နှစ်ယောက်သား လေသံလေးတွေနဲ့. . .

"ဟော့ကောင်. . . ဇော်တေဇကတော့ ခြောက်နေပြီကွ"

"အေး. . . ဟိုးဘက်ခန်းက ကိုမော်ကြီးတို့လဲ ကြားမှာပဲ"

"ပြွတ်. . . ပြွတ်. . . ပြွတ်"

"ကြားလား ကိုမော်ကြီးတို့ဆီက ဇော်တေဇအသံကို ကြားတဲ့အနေနဲ့ အချက်ပေးပြီး ပြွတ်စုပ်နေတာ၊ ငါတို့လဲ ကြားတဲ့အကြောင်း ပြန်အသံပေးလိုက်ကွာ"

"ဘယ့်အသံမျိုးလဲ. . . ဖားအော်သံလား"

"အဆောင်မှာ ဖားရှိမလားကွ၊ ကြက်အော်သံပေးလိုက်"

"မင်းဘိုးအေကြီး ကြက်ကပိုသာ ဆိုးသေးတယ်"

"ဒါဆို သံချောင်းခေါက်သံကော"

"ဘယ်လိုလုပ် တူအောင်လုပ်နိုင်မှာလဲ"

"ကြောက်ပါတယ်ဆိုမှ အရေးထဲ. . . ဟော"

"အဟွတ်. . . အဟွတ်. . . အဟွတ်"

"ပြွတ်. . . ပြွတ်. . . ပြွတ်"

"တွေ့လား ကိုမော်ကြီးတို့ ချောင်းသံကော ပြွတ်စုပ်သံပါ ပေးနေပြီကွ၊ ထွက်ကြည့်ရအောင်၊ ဇော်တေဇ မသေခင် တည်းက ခြောက်ချင်နေတဲ့ကောင်၊ ဒီကောင် တကယ်သရဲ စ်နေလို့ကတော့ ငါတို့ တစ်ညလုံး ငုတ်တုတ်မိုးလင်းလိမ့် ယ်. . ."

နှစ်ယောက်သား ပုဆိုးခြုံလေးတွေနဲ့ အဆောင်ပေါ်ကနေ ခြေသံလုံလုံ ဆင်းလိုက်ကြတယ်။ အဆောင်မှူးကလဲ သူ့ဆွေမျိုး ောက်တစ်ယောက် ရောဂါဖောက်နေလို့ ဆေးရုံသွားအိပ်ရပြန် ယ်။ ကိုမော်ကြီးကို အဆောင်သော့တွေ အပ်သွားသေးတယ်။ တ်ချပါရစေတဲ့။

သူရိန်တို့နှစ်ယောက်သား လရောင်နဲ့ ဇော်တေဇအခန်း ကြည့်လိုက်တော့ စေ့ထားတယ်။ မီးပျက်နေတဲ့ည။ လကြီး လဲ ထိန်ထိန်သာလို့။ ဇော်တေဇရဲ့ ဘေးတစ်ဖက်က ကိုမော် ကြီးအခန်းရှောက်အောင် လေးဘက်တွားပြီး ရှောက်လာရတယ်။ သံလေးနဲ့. . .

"ငါတို့နှစ်ယောက်တည်းဆို အင်အားနည်းတယ်။ ကို

www.burmeseclassic.com



မော်ကြီးတို့နဲ့ ပေါင်းပြီး ဇော်တေဇအခန်းကို ကန့်ဖွင့်မယ်ကွာ ခတ်မီးနဲ့ ဝိုင်းဆိုးပြီး ဟော့ဒီမယ်တော်ရဲ့ပြာနဲ့ ပက်မယ်၊ ကာ မာမယ်တော်ရဲ့ ပြာကွ၊ ညနေက ကျောင်းတော်မှာ အုန်းသီ မီးရှို့ပြီး ပြာတောင်းလာတာ၊ ဒီပြာနဲ့ထိရင် ဘယ်ပရလော မိစ္ဆာကောင်မှ မနေနိုင်ဘူး. . . တန်းဒိုးပဲ. . .''

ဝေယံအောင်က အကြံကြီးထားတာကို သူရိန်က ခေါ် ပွတ်ပြီး ချီးကျူးပေးလိုက်တယ်။ ဒါကြောင့်မို့ ဝေယံကြီး အာ ရှိနေလို့ သိပ်မကြောက်ပဲ စကားတွေ လွှတ်များနေတာကိုး

ကိုမော်ကြီးတို့အခန်းကို အသာခေါက်လိုက်တယ် သူရိန် ခေါက်တာ အိမ်မြှောင်အမြီးရိုက်သလောက် အသံသာ ရှိတာမို့ ဝေယံက. . .

''ကျယ်ကျယ်ခေါက်ပါကွ၊ မင်းဟာက ကြောင်ချေ လည်တာလောက်ပဲ အသံထွက်တယ်''

''ဟေ့ကောင်. . . ကြောင်က လေလည်ရိုးထုံးစံ ရှိ လား''

''မင်းက သုတေသန လုပ်ဖူးလို့လား''

''မလုပ်ဖူးဘူးလေ၊ ကတ်သီးကပ်သပ်တွေ လျှော





ပြောနေလို့ မေးကြည့်တာပါ''

''မေးမနေနဲ့. . . ဟော. . အိတ်ဆောင်ဓာတ်မီးလေး လက်ဝါးအုပ်ပြီး ထိုးကြည့်စမ်း. . . ကိုမော်ကြီးတို့ ခြင်ထောင်ထဲ မှာ ကြောက်ဇောပျံပြီး ဝပ်နေပုံရတယ်ကွ''

''အေး. . . အသက်ရှူသံတောင် မကြားရဘူး''

''အီးဟီးဟီးဟီး. . .''

ဇော်တေဇ အခန်းဘက်က ညည်းတွားသံကြီးကလည်း ကြက်သီးဖြန်းဖြန်း ထလောက်တဲ့အထိ ပေါ်ထွက်လာပြန်တယ်။

''ကိုမော်ကြီး. . . ဟေ့လူ ကိုမော်ကြီး''

သူရိန်က ကိုမော်ကြီးကို လေသံသဲ့သဲ့နဲ့ နှိုးတယ်။ ဝေယံ က. . .

''နိုင်ဇော်အေး. . . ဟေ့ကောင် နိုင်ဇော်အေး''

''ခြင်ထောင်နှစ်ခုက တုပ်တုပ်တောင် မလှုပ်ဘူး၊ အိတ် ဆောင်မီးခြစ်ဓာတ်မီးလေးကို လက်နဲ့အုပ်ပြီး ထိုးကြည့်တယ်။ ခြင်ထောင်နှစ်ခုအသာမ,ကြည့်တယ်။ ခုန ချက်ထိုးမထားတဲ့ တံခါးကို တွန်းဝင်မိလာထဲက သဘောပေါက်ဖို့ကောင်းအား။

ဇော်တေဇအခန်းဘက်က ညည်းတွားသံ စ,ကြားက



www.burmeseclassic.com

www.burmeseclassic.com



တည်းက ကိုမော်ကြီးနဲ့ နိုင်ဇော်အေးတို့ နှစ်ယောက် ဒိုင်လျှိုလေးနဲ့ ခြေသံလုံလုံထားပြီး လစ်ပြေးသွားကြပြီလေ။

"ဟီး ဟီး ဟီး ဟီး"

ဇော်တေဇက ကြိုသိနေသလိုပဲ။ အီးဟီးဟီးဟီး လို့ ထငိုပစ်ချင်တဲ့ စိတ်ပေါက်သွားတာက သူရိန်နဲ့ ဝေယံတို့နှစ်ယောက်ပေါ့။ အင်အားနည်းပါးသွားမှန်း သိရတော့ ချက်ချင်းပဲ ကြက်သီးဖုကြီးတွေ ဟီးထလာကုန်တယ်။ ဖျဉ်းခနဲ ဖျန်းခနဲ ကြက်သီးတွေ ထချက်ကလဲ အခါမလပ်။ ခေါင်းနဘမ်းတွေ ကြီးခနဲ ကြီးခနဲပေါ့။

"ဒုန်း...ဂလုံး...ဂလွမ်း"

ဇော်တေဇ အခန်းထဲ ရှူဝင်မွှေနေသလို ထိတွေ့ကိုင်တွယ်ပြီး နံရံကို ပစ်ပေါက်သံတွေ ဆက်ကြားလိုက်ရတယ်။

"ပြွတ်...ပြွတ်...ပြွတ်"

"အဟွတ်...အဟွတ်...အဟွတ်"

သေစမ်း။ ဝေယံတစ်ယောက် ကိုယ့်နဖူးကိုယ် ရိုက်မိလိုက်တယ်။ သူရိန်စိုးကော ဝေယံပါ ခုနအသံတွေ ကိုမော်ကြီးတို့ဆီက အချက်ပေးဆက်သွယ်သံမဟုတ်မှန်း သိလိုက်ရတယ်။





"ခွမ်း"

"အား"

ရေတွေ ဇော်တေဇအခန်းထဲက ယိုစီးကျလာကုန်တယ်။

"ငါ...ရေ...နစ်...နေ..."

အသံအက်ရှရှကြီးနဲ့ ပြောလိုက်တဲ့ ဇော်တေဇအသံကြောင့် ဝေယံ ဒူးတဆတ်ဆတ် ရိုက်ချင်လာတယ်။ လက်ထဲက ပြာထုပ်ကို အမှတ်ရမှ အနည်းငယ် အကြောက်ပြေသွားတယ်။ သူရိန်က...

"ဇော်...ဇော်တေဇအသံကြီးကွ...ကြားလား"

"အေး...အေးကွာ"

"ဟီးဟီး...ဟီးဟီး...ဟီးဟီး"

ကျောထဲ စိမ့်သွားနိုင်လောက်တဲ့ ရယ်သံကြီးကြောင့် ဇော်တေဇရဲ့အခန်းကို အရဲစွန့်ပြီး ကြည့်ချင်တဲ့ သူရိန် တစ်ယောက် တွန့်ခနဲ ဖြစ်သွားတယ်။ ဝေယံက လေသံတုန်တုန်လေးနဲ့...

"ပြေးမယ်လေ...ကွာ"

"မရဘူး...ငါဖွင့်ကြည့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



သူရိန်က သူ့ရဲကောင်းကြီးလုပ်ပြီး ဇော်တေဇအခန်းတံခါးကို ဆွဲဖွင့်ပြီး ဓာတ်မီးနဲ့ အခန်းထဲကို ထိုးကြည့်လိုက်တယ်။

"အောင်မလေးဗျ"

သူရိန် ဘာကြီးမြင်ပြီး ယယ်သံပါအောင် ထအော်သလဲ တော့ မသိဘူး။ အော်သံကြားတာနဲ့ ဝေယံက ကြိုပြေးပြီးသား နောက်ကလိုက်လာတဲ့ သူရိန်တစ်ယောက် စက်တပ်ထားသလို ဖြတ်ပြေးသွားတယ်။ ဝေယံလည်း မြင်းရိုင်းလို ကဆုန်စိုင်းပြီး လိုက်ရတော့တာပေါ့။

လမ်းထိပ်ရောက်တဲ့အထိ ခွေးတွေ ညံဆူသွားတော့တာပဲ။

* * * * *

"ဘာ. . . မြလေးရဲ့ မရှိတော့ဘူး၊ ထပ်ပျောက်သွားပြန်ပြီလား"

သူရိန်က အံ့သြတကြီးနဲ့ အလောသုံးဆယ် အော်မေးလိုက်တယ်။ မနိုင်က ပျာပျာသလဲနဲ့. . .

"ပျောက်သွားတာထက် ဆိုးတယ်၊ ဇော်တေဇနောက်



လိုက်မယ်ဆိုပြီး စာရေးသွားတယ်၊ ပုဇွန်တောင်ချောင်းဘက်ကို များ သွားတာလား၊ ငမိုးရိပ်ချောင်းကိုပဲလား မသိဘူး၊ မိုးလင်းတာနဲ့ တို့တွေ အိပ်ကောင်းနေချိန်ကြီး ထထွက်သွားတာ. . . နောက်ဘဝမှာ ပြန်ဆုံကြစို့လို့ စာရေးထားတဲ့အထဲမှာ ပါတယ်"

ကိုမော်ကြီးက ခေါင်းတဖျင်းဖျင်း ကုတ်တယ်။ မမွှေးက

"အဲ့ဒါ ဘယ်လိုလုပ်ကြမလဲ၊ ထိုင်နေလို့ မပြီးဘူး၊ ကိုယ့်ဘာသာစီရင်တဲ့ ဇာတ်လမ်းမဖြစ်အောင် လိုက်တားကြတာပေါ့၊ အချိန်မှီနိုင်ပါသေးတယ်"

နိုင်ဇော်အေးက–

"ကားခတွေလည်း အသလွတ်အိတ်စိုက်လုပ်ရဖန်များနေပြီဟာ. . . ခက်တော့တာပဲ"

မနိုင်က. . .

"ငမိုးရိပ်ချောင်းကို သွားတာပဲ ဖြစ်ရမယ်၊ အဲ့ဒါ ဇော်တေဇ ဘဝတစ်ပါး. . . ကူးပြောင်းသွားတဲ့နေရာ"

မမွှေးက သူမဘာသာ ကားခ အကုန်ခံမယ်လို့ လော ဆော်တာနဲ့ ကားငှါးပြီး လိုက်ကြရပြန်တယ်။ ကားပေါ်မှာ. . .

"ဒီအရှုံးစုံတွဲကြောင့် ငါတို့ ဒုက္ခရောက်ရပေါင်း များနေ

www.burmeseclassic.com



ပြီ၊ အခြောက်ခံရလို့ ညဘက်ကောင်းကောင်း မအိပ်ရ၊ နေ့ဘက်ကြတော့လဲ သူတို့နဲ့ ဆက်နွယ်တဲ့ ဗာဟီရတွေပဲ လိုက်လုပ်နေရတယ်''

သူရိန်က အဲ့ဒီလိုပြောတော့ ဝေယံက ထောက်ခံတယ်။ မနေ့ညက နှစ်ယောက်သား အဆောင်ပြန်မအိပ်ဖြစ်လို့ ကင်းတဲမှာ ပုဆိုးခြုံကွေးခဲ့ရပြီးပြီလေ။

မနိုက်က မျက်နှာရှုံ့တွလိုက်ပြီး. . .

''တော်သေးတာပေါ့. . . ရဲစခန်းကို ဘာမှအကြောင်းမကြားရသေးလို့၊ ပြန်ပေါ်လာပြန်ပြီ၊ ပြန်ပျောက်သွားပြန်ပြီနဲ့ ခဏခဏ သွားပြောပြနေရရင် ငါတို့ကို အရူးလို့ အထင်ခံရဦးမယ်''

ဘယ်လိုပဲ ပြောနေကြပါစေ။ နောက်ဆုံးတော့ သူငယ်ချင်းဆိုတဲ့ သံယောဇဉ်နဲ့ ငမိုးရိပ်ချောင်းကူး ကားလမ်းတံတားပေါ် ရောက်လာကြရပြန်တယ်။ တံတားအလယ်မှာ မိန်းမကြီးတစ်ယောက် တံတားအောက်ကို ငုံ့ကြည့်နေတယ်။ ထိတ်လန့်တုန်လှုပ်နေတဲ့ပုံနဲ့ပေါ့။

''အဒေါ်. . . ဒီနားမှာ မိန်းကလေးတစ်ယောက် တွေ့





လိုက်လား၊ အသားဖြူဖြူနဲ့ မျက်နှာသွယ်သွယ်၊ အင်္ကျီက ခရမ်းပြာအရောင်နုလေး ဝတ်ထားတယ်လေ''

''အမလေး. . တွေ့လိုက်တာပေါ့၊ ရေထဲခုန်ချသွားပြီ၊ မြုပ်လိုက်ပေါ်လိုက် သုံးခါဖြစ်ပြီး ရေထဲမြုပ်သွားတော့တာပဲ၊ ဘယ်လိုသောကတွေမိစီးလို့ ဒီလိုလုပ်ဝံ့ကြတယ် မသိပါဘူး၊ သနားစရာလေးပါ. . . အဒေါ်ဖြင့် စိတ်မကောင်းလို့ ရင်ထဲတောင် စို့သွားတယ်''

''အယ်. . . ဒုက္ခပါပဲ''

''အေးဟယ်. . . မြလေး တကယ်လုပ်သွားတယ်''

မနိုင်နဲ့ မမွှေးတို့ ပြောနေပေမယ့် သူရိန်တို့က ငိုင်တွေကြည့်နေကြတယ်။ အဒေါ်ကြီးက. . .

''ဒါနဲ့ ရေထဲခုန်ချသွားတဲ့ ကလေးမနဲ့ တူမကြီးတို့က ဘာတော်သလဲ၊ ညီအစ်မတွေလား၊ အမျိုးတွေလား''

''သူငယ်ချင်းတွေပါ''

''အိုကွယ်. . . အရွယ်ကောင်းကလေးတွေ၊ ခမျာ နှမြောစရာ၊ သိပ်သနားဖို့ကောင်းတာပဲ၊ အဒေါ်ဖြင့် ပြောရင်း ငိုချင်လာပြီ''



www.burmeseclassic.com

www.burmeseclassic.com



အဒေါ်ကြီးက ငိုတော့ မခိုင်နဲ့ မမွှေးပါ မျက်ရည်ဖြိုင်ဖြိုင် ကျကုန်တော့တယ်။ သူရိန်က ခေါင်းတခါခါ။ ဝေယံက သက်ပြင်းမောကြီး မှုတ်ထုတ်တယ်။ နိုင်ဖော်အေးက ဘဝကူးကောင်းအောင် တီးတိုးဆုတောင်းပေးတယ်။ ကိုမော်ကြီးကတော့ 'တောက်'ခေါက်တယ်။ တဲတားပေါ်မှာ ကြာကြာနေလို့မရဘူး။ အဆောင်ကို ပြန်လာကြတယ်။

"တစ်ခုခုတော့ တစ်ခုခုပဲကွ၊ လုပ်ကွက်တွေက ပုံစံဆင်တူနေသလိုပဲ"

"ဘာတစ်ခုခုလဲ ကိုမော်ကြီး"

"ပြောရခက်တယ်ကွ"

"ပြောမှသာ ပြောစမ်းပါဗျာ"

"ခုပြောမယ့်ဆိုရင်တော့ နှစ်ယောက်စလုံး ဝိညာဉ်တွေဖြစ်ကုန်ကြပြီ. . . အဲ. . . အစိမ်းသေဆိုတော့ အစိမ်းသရဲ ချက်ချင်းဖြစ်ကုန်ကြမှာပါ. . . အဲ့ဒါဆိုးတာ. . . တမလွန်ဘဝမှာ သူတို့ချင်း ပေါင်းမိကြပြီး ငါတို့ကို တစ်ယောက်တစ်လှည့် ထစ်လာခြောက်နေမှဖြင့်. . ."

ကိုမော်ကြီးရဲ့ စကားသံမဆုံးလိုက်ရသေးခင်မှာ ဝေယံ





အောင်က ကြားဖြတ်ဝင်ပြောတယ်။

"ကျွန်တော်တော့ အဆောင်ပြောင်းတော့မယ်ဗျာ၊ မနေရဲတော့ဘူး။ မခိုင်နဲ့ မမွှေးတို့လဲ လက်ရှိအဆောင်မှာ နေမနေနဲ့ အားချင်းပြောင်းကြတော့"

ကိုမော်ကြီးက. . .

"ဒီလိုပြောင်းလဲ အလကားပဲ၊ သူတို့က သူတို့အစွမ်းနဲ့ သိနေတယ်ကွ၊ လိုက်လာပြီး နှောင့်ယှက်နေဦးမှာပဲ"

ဝေယံက. . .

"အဲ့ဒါဆို ဘယ်လိုဆက်လုပ်ရမလဲ ကိုမော်ကြီး"

"မင်းတို့ ငါတို့ မခိုင်တို့ ကံမြင့်အောင်လုပ်ထားမှ အခြောက်မခံရမှာကွ"

နိုင်ဖော်အေးက ကံမြင့်အောင် ဘယ်လိုလုပ်မလဲ မေးလိုက်တော့ ကိုမော်ကြီးက. . .

ယောက်ျားလေးတွေက ကတုံးတုံးပြီး ဘုန်းကြီးဝတ်ကြတဲ့။

မိန်းကလေးတွေလဲ ကတုံးပြောင်နဲ့ သီလရှင်ဝတ်လိုက်ကြပေတော့တဲ့။



www.burmeseclassic.com

www.burmeseclassic.com



ကောင်းလိုက်တဲ့ အကြံ။ သူရိန်ဆိုရင် လက်မှုား တော်တော် ခါသွားမိတယ်လေ။

* * * * *

ရှမ်းဘောင်းဘီကို ခါးပတ်ပတ်ဝတ်ထားတယ်။ အပေါ်က လည်ကတုံးလက်ရှည်အကျီနဲ့။ ဆံပင်က ဖွေးဖွေးဖြူနေပြီး အသွားအလာ အထိုင်အထ တုံ့နေးတယ်။ အသက်ခြောက်ဆယ်ကျော်လောက်ရှိပေမယ့် ဒီအဘိုးအိုရဲ့ အမြင်အာရုံတွေက သန်စွမ်းတောက်ပနေကြတုန်းပဲ။ အသားအရည် ကျစ်လစ်နေချင်တုန်းပဲ။ ဥပမိရုပ်က ခန့်ငြားတယ်။ ငယ်စဉ်က ခန့်ငြားချောမောခဲ့မယ့် ပုဂ္ဂိုလ်မျိုးပေါ့။

အဲ့ဒီအဘိုးအိုဟာ လွယ်အိတ်ကြီးတစ်လုံး လွယ်ပြီး တောင်ဝှေးကြီး တစ်ချောင်းနဲ့ ဒီလမ်းထဲကို ရောက်လာတယ်။ မြက်ဦးထုပ် အနားပတ်လည်ကြီးကြီးကို ကျောနောက်မှာ သိုင်းလွယ်ထားလိုက်သေးတယ်။

မသိရင်တော့ ဂိုဏ်းဆရာလိုလို၊ ဆိုက်ဆရာလိုလို၊ ဗေဒင်ဆရာလိုလို၊ သိုင်းဆရာကြီးလိုလိုနဲ့ပေါ့။





သူရိန်နဲ့ ဝေယံတို့နှစ်ယောက် 'ဆောင်တော်ကူး'အသုပ်ဆိုင်မှာ မခိုင်နဲ့ မမွှေးကို သွားတွေ့ဖို့ ထွက်အလာ၊ အဆောင်ရှေ့မှာတင် ဒီအဘိုးကြီးနဲ့ ပက်ပင်းသွားတိုးတယ်။

သူရိန်တို့နဲ့ ဝင်တိုးမိမလို ဖြစ်ရာက အဘိုးကြီး လဲကျလုလုဖြစ်သွားလို့ ဝေယံက ဖမ်းထိန်းလိုက်ရတယ်။

"အေးကွယ် . . . ကျေးဇူးပါပဲ . . . ဒါနဲ့ ငါ့မြေးတို့က ဒီအဆောင်က မဟုတ်လားကွဲ့"

"ဟုတ်ပါတယ် အဘ"

အဘိုးအိုရဲ့လေသံက ရှမ်းပြည်မြောက်ပိုင်းလေသံ ဝဲသဲ့လေး ဖြစ်နေတယ်။

"သူရိန်စိုးနဲ့ ဝေယံအောင် ထင်ပါရဲ့"

"ဗျာ"

"အဲ"

"အံ့ဩသွားလား သူငယ်တို့၊ မ[illegible]ငယ်တို့ ကျုပ် စောင့်ကြည့်နေတာ ကြာပါပြီ"

"တိုက်အိမ်ဟောင်းကြီးထဲကို သူငယ်တို့အ[illegible]



www.burmeseclassic.com

www.burmeseclassic.com



သက်မှုရှိလာစကတည်းက ဆိုပါတော့"

"အဘိုးက ဘယ်သူလဲ"

"ကျုပ်နံမယ် ကြေးစည်ပါ"

"ဗျာ"

"ဒီလောက် အံ့ဩသွားပုံထောက်ရင် သံသီးနဲ့ ကျုပ်ရဲ့ ပတ်သက်မှုကို သံသီးက ကြိုပြောပြထားလိုက်ပုံရတယ်၊ အဘိုး မြဲဆိုတဲ့ နံမယ်ပါတဲ့ ကလေးမလေးကနေတစ်ဆင့်ပေါ့၊ ဟုတ်ရဲ့လား သူငယ်တို့"

"ဟို. . . အဲ. . . ဟုတ်. . . မဟုတ်. . . မသိဘူး ခင်ဗျ"

"ကျုပ်ကို မညာပါနဲ့၊ သံသီးက [illegible] သတ္တိကောင်းသွားပဲ၊ ရန်သူကို စစ်ကြေငြာပြီး တိုက်ရဲလာပြီ၊ ဒီတော့ ကျုပ်ကလဲ သံသီးကို ပြန်ပြီး စစ်ကြေငြာရင်းနဲ့ တိုက်ရတော့မှာ ကျုပ်တို့ ဟိုကလေးမ နှစ်ယောက်စောင့်နေတဲ့ ဆိုင်ကလေး ထိုင်စကားပြောကြတာပေါ့၊ ဟိုကလေးမနှစ်ယောက်ပါ ကျုပ် ပြောပြတာတွေ သိထားသင့်တယ်ထင်လို့ပါ"

ဝေယံနဲ့ သူရိန်တို့ အချင်းချင်း အကြည့်နဲ့ ညှိမိသလို အဘိုးအိုကိုလည်း အကဲခတ်လေ့လာကြည့်မိလိုက်တယ်။ အဘိုး





အိုက ဆေးတံနက်ကလေးမှာ စီးကရက်စွပ်ပြီး မီးညှိတယ်။ တစ်ရှိုက်နှစ်ရှိုက် ဖွာထုတ်လိုက်ပြီး. . .

"ကျုပ်ကိုယုံပါ၊ သူငယ်တို့ ဘာမှမဖြစ်စေရဘူး၊ ကျုပ်ကို ကူညီရင် သူငယ်တို့ နေ့ချင်းညချင်း ကြီးပွားချမ်းသာလာနိုင်တယ်. . . တကယ်ပြောတာနော်၊ ကျုပ်ကို မကူညီပဲ ရှောင်ခွဲရင်လည်း ရပါတယ်. . . ရုတ်တရက်ကြီး ချမ်းသာရမယ့်အရေးက ရှောင်ဖယ်ပြေးတယ်လို့ပဲ သတ်မှတ်လိုက်ရုံပေါ့"

အဘိုးအိုစကားကြောင့် သူရိန်နဲ့ ဝေယံက ဆောင်တော်ကူးဆိုင်အထိ အဘိုးအိုကို ခေါ်သွားကြတယ်။ မနိုင်နဲ့ မမွှေးကို အကြောင်းစုံ ပြောပြလိုက်တော့ မနိုင်နဲ့ မမွှေးက စိတ်ဝင်စားသွားတာပေါ့။ အသုပ်တွေ မှာကျွေးတယ်။ အဘိုးအိုက အသုပ်စားပြီး ရေနွေးပူပူ မှုတ်သောက်တယ်။

သူရိန်က မမွှေးတို့နဲ့ တီးတိုးတိုင်ပင်လိုက်ပြီး အဘိုးအိုကို မေးတယ်။

"ဘာကို ကူညီရမလဲဆိုတာ သိထားမှ ဖြစ်လိမ့်မယ် အဘိုး"

"အိန်း. . . ပြောပြရတာပ. . . ဒေါ်သံသီးဆိုတာကို

www.burmeseclassic.com

www.burmeseclassic.com



သူငယ်တို့ သူငယ်မတို့ သိကြမှာပါ. . . အဲဒီမိန်းမက စုန်းအတတ်လိုလို ကဝေအတတ်လိုလို အတတ်ဆန်းတစ်မျိုး တတ်တယ်

မနိုင်က ရှပ်ပြာလောတိုက်ဟန်နဲ့. . .

"ဟုတ်တယ်၊ အဲဒါ အမှန်ပဲ အဘိုး၊ ကျွန်မတို့နဲ့ သူငယ်ချင်းနှစ်ယောက် သူတို့ဘာသာ သူတို့ ဘဝကို အဆုံးရင်သွားအောင် အဲဒီအဘွားကြီးက ဆွဲဆောင်သိမ်းသွင်းလိုက်တာ၊ စိတ်ညှို့စေနိုင်းလိုက်တာပဲ ဖြစ်လိမ့်မယ်"

"ဒါပဲပေါ့ကွယ်. . . အဘရဲ့မိသားစုတွေကိုလဲ အဲဒီနည်းနဲ့ သူ အနိုင်ကျင့်သတ်ဖြတ်သွားတာ ခံခဲ့ရဖူးတယ်. . . သိပ်ဆိုးတဲ့ မိစ္ဆာမကြီးပေါ့"

မမွေးက. . . "အို. . . ဟုတ်လား၊ ဒါဆို ကျွန်မတို့နဲ့ သူငယ်ချင်းနှစ်ယောက်ဖြစ်တဲ့ ဇော်တေဇနဲ့ မြလေးရုံရဲ့အဖြစ်က တကယ်သေသွားပြီလို့ ကြိမ်းသေသတ်မှတ်လိုက်ရတော့မှာပေါ့နော်"

အဘိုးအိုရဲ့ မျက်လုံးနဲ့ လေသံတွေက မှော်ဆရာဝှမ်း ပိုမိုပေါ်လွင်လာတယ်။

"သံသီးက စိတ်နဲ့စေခိုင်းစေပြီး အဲဒီသူငယ်



သူငယ်မရဲ့ ဝိညာဉ်ကို ချုပ်ခေါ်သွားပြီပေါ့၊ သူ နိုင်းချင်တာ နိုင်းလို့ရအောင်လို့လေ. . . အစိမ်းသေသွားတဲ့ လူတွေကို မီးရှို့ ပြာချပစ်တာ၊ အောက်လမ်းဆရာနဲ့ စုန်းကဝေတွေက ဖော်ပြီး ချက်ချင်း ကိုင်းနိုင်းလို့မရအောင် လုပ်ပေးကြရတာပေါ့. . . မိစ္ဆာမ သွေးဆာနေတယ်၊ သူငယ်နဲ့ သူငယ်မလေးခမျာ သူ့ရဲ့လှည့်ကွက်ထောင်ချောက်ထဲ မောင်းသွင်းခံလိုက်ရတော့တာပေါ့"

မနိုင်နဲ့ မမွေးက ခေါင်းတညိတ်ညိတ်နဲ့ တအံ့တသြ နားထောင်နေကြတယ်။ ဝေယံနဲ့ သူရိန်တို့ နှစ်ယောက်ကတော့ ဦးကြေးစည်ဆိုတဲ့ လူကြီးကိုပဲ အကဲခတ်လေ့လာနေတယ်။

သူရိန်က. . .

"အဘိုးကို ကျွန်တော်တို့က ဘယ်လိုအကူအညီ ပေးရမှာလဲ"

ဦးကြေးစည်က ညှိုးကျသွားတဲ့ မျက်နှာလေးနဲ့ အားတုံ့အားနာဟန် ပြန်ကြည့်လိုက်ပြီး. . .

"အဘိုးမှာ လူယုံငှါးနိုင်တဲ့ အဆင့်လဲမရှိတော့ဘူး၊ ကိုယ့်ဘာသာကိုယ် ငတ်မသေအောင်ပဲ လက်မှုပညာနဲ့လုပ်စားရတဲ့အရုပ်ကလေးတွေ ရောင်းချစားသောက်နေခဲ့ရတယ်၊

www.burmeseclassic.com

www.burmeseclassic.com



သံသီးက ရှုးချင်ယောင်ဆောင်ပြီး အကြံကြီးနေတာ. . . သူမှာ သူလှုယ့် မှုတူးရှိသေးတယ်. . . အဲဒီကောင်လဲ အရူးပါးပဲ၊ သူ့ သခင်အပေါ် သိပ်သစ္စာရှိတဲ့ ကောင်ပေါ့၊ အဘိုးအနေနဲ့ အား ခွန်ဗလ ယုတ်လျော့နေလို့ သံသီးဆီက မြေပုံတစ်ခြမ်းကို သွား ယူဖို့ မလွယ်ဘူး။ သူငယ်တို့ သူငယ်မတို့သာ ကူညီရင်တော့ သံသီးဆီက ဖြစ်တဲ့နည်းနဲ့ မြေပုံတစ်ခြမ်းကို ပြန်ယူလို့ရမယ် ထင်တယ်၊ သူငယ်တို့ခမျာ သူငယ်တို့ရဲ့ သူငယ်ချင်း နှစ် ယောက်စောင် ဆုံးရှုံးခံထားရတာဆိုတော့ ဒီမိစ္ဆာမကြီးသံသီး ကို စိတ်နာရန်လိုနေမှာပဲ၊ သူငယ်တို့နဲ့ အဘိုးနဲ့ ပူးပေါင်းပြီး သံသီးကို တိုက်ခိုက်လိုက်ရင် မြေပုံရပြီ၊ မြေပုံရရင် ချမ်းသာပြီ''

ဦးကြေးစည်ရဲ့ စကားအဆုံးမှာ သူရိန်ရဲ့ ကျောတွေ တောင့်မတ်သွားတယ်။ မခိုင်ရဲ့မျက်လုံးတွေလဲ လက်လက်ထ လာတယ်။ ဝေယံက မျက်လုံးမှေးစင်းပြီး တွေးနေတယ်။ မမွှေး က မျက်နက်ဆံကို မျက်ဝန်းအပေါ်ထောင့်ကပ်ပြီး စဉ်းစားနေ တယ်။ ဝေယံက. . .

''ကျွန်တော်တို့က လုပ်ယူပေးရမှာလား. . . ဒါလူမိုက်ဝိုး တဲ့အလုပ်ပဲ၊ ရာဇဝတ်မှု မကောင်းဘူး''



''သံသီးနဲ့ ညှိယူမှာပါ။ ညှိလို့မရမှသာ. . .''

ဦးကြေးစည်က စကားကို တစ်ဝက်တစ်ပျက်နဲ့ ရပ်ထား လိုက်တယ်။ သူရိန်က. . .

''ရတနာတွေက ဘယ်လောက်တောင်များလဲ အဘိုး''

''တို့တွေ တစ်သက် ထိုင်စားလို့ မကုန်နိုင်ဘူး''

ဦးကြေးစည် အပြောကြောင့် အားလုံး လှုပ်လှုပ်ရှားရှား တွေ ဖြစ်ကုန်ကြတယ်။ လူဆိုတာ လောဘသားတွေကိုး။ မခိုင်က– ''အဲဒီရတနာတွေ ဘယ်မှာ မြှုပ်နှံထားတာလဲ အဘိုး''

''မဟာမြိုင်တောကြီးထဲက လိုဏ်ဂူကြီးတစ်ခုမှာပေါ့၊ အဲဒီဂူရောက်အောင် သွားတဲ့လမ်း ဂူဝင်ပေါက်အထိ မြေပုံအ ပိုင်းက အဘိုးလက်ထဲမှာ ရှိတယ်၊ ဂူဝင်တဲ့လမ်းညွှန်မြေပုံက သံသီးလက်ထဲမှာ. . . လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်ကျော်က အဘိုး ဘာသာ ဂူအပေါက်ရောက်အောင် သွားရှာခဲ့တယ်၊ တွေ့တယ်၊ ဂူထဲဝင်ဖို့ ခက်တယ်၊ အဖော်ပါလာတဲ့လူသုံးယောက်စလုံး စက် ယန္တရား အတတ်ကြောင့် သေကုန်တယ်. . . ဦးအုန်းဖူးက ဗိန္ဒော ပညာတတ်သလို ယန္တရားပညာလည်း တတ်တယ်၊ သူဆင်ခဲ့တာ တွေပေါ့''

www.burmeseclassic.com



မမွေးက တွေးတွေးဆဆနဲ့ ဝင်ပြောလာပြန်တာက–

''အဲဒါဆို ဦးအုန်းဖူးက ရတနာတွေကို သူတစ်ယောက်တည်း အချိန်မရွေး ပြန်ယူနိုင်တာပေါ့''

''အဲ့ဒီတုန်းက ဦးအုန်းဖူးက မျက်လုံးမှုံတယ်၊ တောလမ်းမကျွမ်းကျင်ဘူး၊ အဖေက တောလည်လိုက်တာ ကျွမ်းတယ်၊ အဘိုးရဲ့အဖေ မပါပဲနဲ့ ဦးအုန်းဖူးအနေနဲ့ ဂူကို ရှာတွေ့ဖို့ သိပ်ခဲယဉ်းတယ်၊ တောကကျယ်တယ် မဟုတ်လား. . .''

ဦးကြေးစည်ရဲ့ စကားအဆုံးမှာ သူရိန်က–

''အဲဒီတောထဲအထိ ဘာလို့ သွားမြှုပ်နှံရတာလဲ''

''ဒါက ဒီလိုသမိုင်းကြောင်း ရှိတယ်. . . နယ်ချဲ့တွေ ဂျပန်ဝင်လို့ ပြေးတော့ မစွတာ ဂျင်နီဆိုတဲ့ မျက်နှာဖြူ တိုက်ပိုင် အင်စပက်တော်ရမင်းဟာ ဂေါ်ရာတပ်စိပ်တစ်စိပ်နဲ့ အတူ အရပ်သားတွေကို အတင်းအဓမ္မ ဆွဲခေါ်ပြီး ရတနာသေတ္တာသုံးလုံးကို ထမ်းသယ်ခိုင်းလာတယ်၊ ဒီရတနာတွေဟာ မြန်မာ နန်းစဉ်နန်းဆက် ဆွေတော်မျိုးတော်တွေဆီက နည်းမျိုးစုံနဲ့ သိမ်းယူထားတဲ့ ပစ္စည်းတွေပေါ့၊ အဲ့ဒီလို အဓမ္မ အထမ်းသမားခေါ်တဲ့ နေရာမှာ ဦးအုန်းဖူးနဲ့ ဦးကြေးဝါတို့ပါ ရောယောင်ပါလာတယ်



. . . တောထဲရောက်တော့ ဓားပြတွေနဲ့တိုးပြီး ပစ်ခတ်တိုက်ခိုက်ကြတာ ဓားပြတွေလဲ အကုန်သေ၊ အင်စပက်တော်နဲ့ ဂေါ်ရာပုလိပ်တွေလဲ အကုန်သေပြီး အထမ်းသမားထဲမှာတောင် ဦးအုန်းဖူးရယ် ဦးကြေးဝါရယ်ပဲ ကံကြီးလို့ အသက်ရှင်ကျန်နေရစ်ခဲ့ကြတယ်၊ ဒီမှာတင် ညီအစ်ကိုနှစ်ယောက် ခေတ်အခါမကောင်းလို့ ရတနာသေတ္တာတွေကို မက်ခက်ခဲခဲနဲ့ တစ်လှည့်စီ သယ်ပြီး လိုဏ်ဂူကြီးတစ်ဂူထဲမှာ မြှုပ်နှံခဲ့ကြတယ်၊ ဂေါ်ရာစစ်ပုလိပ်တွေနဲ့ ဓားပြတွေဆီကရတဲ့ လက်နက်နဲ့ လက်ပစ်ဗုံးတွေကို ယူပြီး ဦးအုန်းဖူး ကိုယ်တိုင် ထောင်ချောက်ယန္တရားဆင်ခဲ့တယ်လေ၊ ဦးအုန်းဖူးက လက်နက်တိုက်မှာလဲ ယေစဉ်က အလုပ်သင်ပြီး အလုပ်ဝင်လုပ်ခဲ့ဖူးလို့ ကျွမ်းကျင်နေတာပေါ့''

ဦးကြေးစည်က ပြောလို့ မောသွားပုံရတယ်။ ရေနွေးတစ်ခွက်ကို အသာငုံ့သောက်လိုက်တယ်။ သူရိန်က–

''ဒီလိုကိုး. . .''

ဦးကြေးစည်က. . .

ဦးအုန်းဖူးနဲ့ ဦးကြေးဝါတို့ ညီအစ်ကိုနှစ်ယောက်ဟာ ဗိတ်ဖျင်ကြမ်းမှာ မီးသွေးခဲနဲ့ မြေပုံဆွဲပြီး ယူလာခဲ့ကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



စစ်အတွင်းကာလ၊ ချုပန်သိမ်းထားတဲ့အချိန်ဖြစ်နေတော့ မြေပုံကို တစ်ယောက်တစ်ခြမ်းယူပြီး ငြိမ်နေခဲ့ကြတာပေါ့၊ ခေတ်ကောင်းအောင်စောင့်ပြီး ပြန်ဖော်ကြမယ်ပေါ့. . .

စစ်ကြီးပြီးတဲ့အထိ အထမမြောက်သွားပဲ နှစ်ယောက်စလုံး လူကြီးရောဂါနဲ့ ဆုံးကုန်ကြတယ်။ မဆုံးခင်မှာ သူ့သားသမီး ကိုယ့်သားသမီး လက်ထဲကို မြေပုံတွေ အပ်ပြီး ဒီလို သမိုင်းကြောင်းရှိခဲ့တာ ပြောပြခဲ့ကြတယ်. . . ကျုပ်နဲ့ သံသီးတို့ လက်ထက်မှာတော့ သံသီးက လောဘဇောတိုက်ပြီး မောင်ပိုင်စီးဖို့ကြံတယ်၊ မြေပုံအတုပေးပြီး ကျုပ်ကို ဒုက္ခရောက်အောင် လုပ်တယ်၊ ဒါကြောင့် သူ့ယောကျ်ားကို ကျုပ် ရှင်းပစ်တယ်. . .

အဲ့ဒီကစပြီး ကမ္ဘာ့ရန်တွေ ဖြစ်ကုန်ကြတော့တာပါပဲ၊ သူက လက်ဦးရင် လက်ဦးသလို ကိုယ်ကလက်ဦးရင် လက်ဦးသလို ပြည်တွင်းစစ်ကာလမှာ သတ်ချင်တိုင်း သတ်ကုန်ကြတော့တာပဲ. . .''

ဦးကြေးစည်က မောသွားဟန်နဲ့ ခဏနားပြီး ဆေးတံလေး ထုတ်ဖွာတယ်။ ဝေယံက ဘဝင်မကျဟန်နဲ့. . .

''ဒေါ်သံသီးက အခုချိန်ထိ ဘာလို့ ရတနာတွေကို





သွားမဖော်သေးတာလဲ၊ အဘိုးဆီက မြေပုံတစ်ခြမ်း မရလို့လား''

''ဒါပေါ့. . . ကျုပ်ကို သတ်ပြီး မြေပုံတစ်ခြမ်းကို လိုချင်နေတာလေ၊ ကျုပ်က အမြဲတမ်း ပြောင်းလဲလှုပ်ရှားနေလို့ပေါ့. . . နို့မဟုတ်ရင် မုတ္တူးရဲ့ လုပ်ကြံမှုနဲ့ ကျုပ်သေတာ ကြာလှပြီ. . . အခု. . . ဒီသံသီးဆိုတဲ့ မိစ္ဆာမက ကျုပ်ကို မမြင်ရတဲ့နည်းလမ်းတွေနဲ့ ထပ်တိုက်ဖို့ အစီမံတခွဲ တစ်စုံတွဲကို မွေးလိုက်ပြီလေ၊ အဲ့ဒီဟာတွေနဲ့ ကျုပ်ကို သွေးပျက်ချောက်ချားပြီး မောက်မှားရူးသွပ်အောင် စီရင်နေတာမျိုး. . . သံသီးတို့ အခုနေတဲ့တိုက်ပျက်ကြီးကို ကျုပ် တစ်ယောက်တည်း ဖောက်ဝင်ဖို့ ကြိုးစားကြည့်သေးတယ်, . . မရဘူး''

သူ့ရိန်က မျက်မှောင်ကြုတ်ကြည့်ရင်း. . .

''ဘာဖြစ်လို့ မရတာလဲ အဘိုး''

ဦးကြေးစည်က မခံချိမခံသာဟန်နဲ့ လေသံတုန်တုန်ယင်ယင်ပြုပြီး ပြန်ဖြေလိုက်တယ်။

''ပရလောကသားနှစ်ယောက်ရဲ့ ပစ္စည်းပစ္စယတွေနဲ့ တိုက်ပျက်ကြီးကို စည်းလုံအောင် ချထားလို့ပေါ့. . . တော်တွေနဲ့ ရုံပညာလောက်တော့ အဘိုးက မမှုပါဘူး. . . ဒီမိစ္ဆာကြီးက

www.burmeseclassic.com

www.burmeseclassic.com



ရင့်နေပြီ၊ လုပ်တတ်ကိုင်တတ် စီရင်တတ်နေပြီ. . . အဲဒီမှာ စောင့်ကြပ်တဲ့ပရလောကသားနှစ်ယောက်ဆိုတာ သူငယ်တို့ရဲ့ သေဆုံးသွားတဲ့ ဟိုစုံတွဲပဲပေါ့''

''ဗျာ''

''ဟင်''

''ဟယ်''

''အဲ''

''သိပ်အံ့ဩကုန်မှာပဲ၊ တမလွန်ဘဝကူးသွားတဲ့ သူတွေကိုတောင် သူ့စည်းလုံဖို့ အသုံးချထားတဲ့ မိစ္ဆာမကြီးကွ၊ ဒါကြီးကို သူငယ်တို့မှ မမုန်းရင် ဘယ်သူမုန်းမှာလဲ. . .''

ဦးကြေးစည် စကားကြောင့် ကြက်တွေလည်လိမ်ထားသလို ခေါင်းငိုက်စိုက်ချနေတဲ့ လေးယောက်ခမျာ ပြန်ပြောဖို့တောင် အားခွန်မဲ့သလို ငိုင်တွေကုန်ကြတော့တယ်။ ဦးကြေးစည်က. . .

''ဒုန်း''

ခနဲ ကြမ်းပြင်ကို တောင်ဝှေးနဲ့ ဆောင့်လိုက်ပြီး. . .

''ဘာမှမပူပါနဲ့၊ အဲ့ဒီစည်းကို ပေါက်အောင် လုပ်ပြီး





ဝင်လို့ရရင် အဲ့ဒီမိစ္ဆာမကြီးကို အဘိုး နှိမ်နင်းနိုင်ပါပြီ၊ သူငယ်တို့ ကူညီပေးရမှာက စည်းချထားတဲ့ ပရလောကသားမောင်နှံဟာ သူငယ်တို့ရဲ့ သူငယ်ချင်းမို့ သူငယ်တို့က ပြောဆို အခွင့်တောင်းပြီး စည်းပေါက်အောင် ဝင်ကြပါ. . . ပြီးတော့ မိစ္ဆာသံသီးကို ဝိုင်းဝန်းဖမ်းချုပ်ပေး. . . မှုတူးကိုလဲ လိုအပ်ရင် ဝိုင်းချုပ်ပေး. . .''

ဦးကြေးစည်စကားကို တန့်ပြီး သူရိန်တို့အဖွဲ့ကို အကဲခတ်ကြည့်လိုက်တယ်။ ဝေယံက. . .

''မလွယ်ဘူးနဲ့တူတယ်. . . ကျွန်တော်တို့က သရဲတစ္ဆေနာနာဘာဝတွေဆို ကြောက်တယ်၊ သူရိန်တစ်ယောက်ပဲ တစ်ကျပ်ဖိုးလောက် သတ္တိကောင်းနေတာ''

ဦးကြေးစည်က. . .

''အဲ့ဒါတော့ မပူနဲ့၊ ကျုပ် အဆောင်တွေ ပေးလိုက်မယ်၊ သူတို့ အနားမကပ်နိုင်ဘူး။ သူတို့ကတော့ မိစ္ဆာမကြီးခိုင်းတဲ့အတိုင်း အတင်းတားမှာပဲ၊ သူငယ်တို့ကသာ အတင်းဖောက်ဝင်သွားရင် ပရလောကသားမောင်နှံက တခြားလူတွေကို အသေသတ်သလို သူငယ်တို့ကို ဘယ်လိုမှ သတ်ရက်မှာ မဟုတ်ဘူး. . .



www.burmeseclassic.com

www.burmeseclassic.com



စည်းပေါက်တာနဲ့ အဘိုး ဝင်လာလိုက်ရင် စည်းပျက်သွားပြီ၊ မိစ္ဆာမကြီးနဲ့ ရင်ဆိုင်ယှဉ်ပြိုင်ဖို့ အဘိုး တာဝန်ထားလိုက်၊ သူငယ်တို့က အဘိုးခိုင်းတဲ့အတိုင်း မိစ္ဆာမကြီးသံသီးနဲ့ မိစ္ဆာကြီး မှုတူးကို ဝိုင်းသာဖမ်းချုပ်ထားလိုက်ကြတော့. . .

သံသီးက မြေပုံသာရရင် တို့တစ်တွေ မဟာမြိုင်တောကြီးကို ပျော်ပျော်ပါးပါး ရတနာတွေ သွားတူးကြမယ်. . . ချမ်းသာပြီပေါ့ကွယ်''

ဦးကြေးစည်ရဲ့ အရောက်တလက်လက် တောက်နေတဲ့ မျက်လုံးတွေထဲမှာ လောဘဇော တိုက်နေတဲ့ အရိပ်အယောင်တွေ လှမ်းတွေ့လိုက်ရသူက ဝေယံအောင်ပေါ့။ သူ့ရိန်ကတော့ လက်ဆစ်တွေ တဖြောက်ဖြောက် ချိုးချေရင်းနဲ့. . .

''အဘိုးပြောတာကို မင်း ဘယ်လိုသဘောရသလဲ ဝေယံ''

''မင်းကော ဘယ်လိုလဲ သူရိန်''

''ငါတော့. . . အဘိုးနဲ့ ပူးပေါင်းလိုက်ရင် အကျိုးရှိမယ် ထင်တယ်''

ဝေယံကပါ ခေါင်းဆတ်ပြရင်း. . .





''ငါလဲ အဲ့ဒီလိုပဲ ထင်တယ်''

''မနိုင်နဲ့ မမွှေးကရော''

''အင်း. . . မြလေးရဲ့ မသေခင်က ဒေါ်သံသီးနဲ့ အဘိုး ဦးကြေးစည်တို့ရဲ့ သမိုင်းကြောင်းကို ပြောပြသွားတုန်းက ဒေါ်သံသီးက သနားစရာ၊ အဘိုးဦးကြေးစည်က ဗီလိန်လူဆိုးကြီး၊ အခု အဘိုးဦးကြေးစည် ကိုယ်တိုင်ပြောပြတော့ အဘိုးက သနားစရာ ဒေါ်သံသီးက ဗီလိန်လူဆိုးမကြီး ဖြစ်နေပြန်တယ်''

မနိုင်ရဲ့စကားကြောင့် ဦးကြေးစည် လှုပ်လှုပ်ရှားရှား ဖြစ်သွားတယ်။

''အဘိုးက ကျမ်းကျိန်ပြောဝံ့ပါတယ်၊ သံသီးကသာ မိစ္ဆာမကြီးပါ. . . အဘိုးရဲ့မိသားစုသိုက်မြုံကို ဖျက်ဆီးသတ်ဖြတ်သွားတာပါ ကလေးမရဲ့''

ဦးကြေးစည်ရဲ့စကားအဆုံးမှာ မမွှေးက. . .

''ဒေါ်သံသီးက ဖော်တေဇနဲ့ မြလေးရဲ့ကို အဲ့ဒီလိုကြီး လုပ်သွားတာတော့ လွန်လွန်းတယ်၊ မုန်းဖို့ကောင်းတယ်ဟာ''

မနိုင်က. . .

''အဘိုးကို ရှင်းရှင်းပဲ မေးပါရစေ''



www.burmeseclassic.com

www.burmeseclassic.com



''ေမးပါ. . . သူငယ္မ. . . ေမးပါ ကေလး''

''ေဒၚသံသီးနဲ႔ ဦးမူတူးကို ကၽြန္မတို႔က သတ္ေပးေစ... မ်ိဳးဆိုရင္ေတာ့ လုံး၀မျဖစ္ဘူးေနာ္၊ ခုရွပ္မႈေနာင္ရင္း ... ေျပာထားတာ၊ ကၽြန္မတို႔က အညြန္႔တလူလူနဲ႔ လူငယ္ေတြ ... ေလ့ာ္ၾကား ဆားမညႇပ္ခ်င္ဘူး၊ ကၽြဲနစ္ေကာင္ခတ္တဲ့ၾကာ... ေျမဇာပင္ မျဖစ္ခ်င္ဘူး၊ ရာဇ၀တ္မႈလဲ အတြဲမခံႏိုင္ဘူး''

''မသတ္ရပါဘူး၊ အဲ့ဒါ အဘိုးကိစၥေတြပါ၊ ျဖစ္လာသမွ ခံစရာရွိရင္ အဘိုးခံမယ္၊ ျပႆနာထဲကို ဆြဲမထည့္မိေစရပါဘူး''

ဦးေၾကးစည္ရဲ႕ စကားအဆုံးမွာ သူရိန္က. . .

''ေဒၚသံသီးဆီက လြယ္လြယ္နဲ႔ေတာ့ ရမယ္မထင္ဘူး''

''အဲ့ဒါလဲ အဘိုးကိစၥသာထားပါ. . . စံစရာရွိရင္ သူငယ္တို႔ပဲ စံရမွာပါ၊ အဘိုးက အသက္ႀကီးပါၿပီ''

ေ၀ယံက ၀င္ေျပာလာျပန္တယ္။

''အဘိုးက အသက္ႀကီးတာေတာင္ လက္တုန္႔ျပန္ခ်င္ ကလဲ့စားေခ်ခ်င္တဲ့ စိတ္ႀကီးက ထက္သန္ေနတုန္းပဲေနာ္''

''ဒါကေတာ့ကြယ္၊ သူငယ္တို႔မွ သိုက္ျမဳပ္မပ်က္စီးဘူး တာ၊ အဘိုးရင္ထဲက နာက်ည္းခံျပင္းခ်က္ကို ဘယ္ကိုယ္ခ်င္





စာနာတတ္ပါ့မလဲ၊ ဒီအသက္အရြယ္ႀကီးက်မွ စိတ္ေလ်ာ့လိုက် ခ်င္ပါတယ္ . . . တရားဘာ၀နာ အားထုတ္သြားခ်င္ပါတယ္၊ ဒါေပမယ့္ တုန္႔ျပန္လိုတဲ့စိတ္ေဇာႀကီးကပဲ ဖိစီးေနေတာ့ တရား မရႏိုင္ေသးဘူး ျဖစ္ေနတယ္. . . သံသီးမာန္ခ်မွ အဘိုးလဲ မာန္ က်ေတာ့မယ္နဲ႔ တူပါရဲ႕''

သူရိန္က ေလးေယာက္ရဲ႕ ဆႏၵသေဘာကို ခပ္ေလာ ေလာပဲ ေတာင္းခံလိုက္တယ္။ သိပ္မၾကာလိုက္ပါဘူး။ ဦးေၾကး စည္ရဲ႕ မ်က္စိေရွ႕ေမွာက္မွာပဲ သူရိန္စိုး၊ ေ၀ယံေအာင္၊ မႏိုင္၊ မေမႊးတို႔ လက္သီးဆုပ္ေလးခုဟာ ဆုံမွတ္တစ္ေနရာတည္းမွ ဆုံတိုက္လိုက္ၾကတယ္။

သူရိန္က. . .

''အဘိုးနဲ႔ လက္တြဲပူးေပါင္းဖို႔ ကၽြန္ေတာ္တို႔ သေဘာတူ လိုက္ၾကၿပီ အဘိုး''

အဲ့ဒီစကားေၾကာင့္ ဦးေၾကးစည္တစ္ေယာက္ ေခ်ာလဲ ၿပီး သကာပုံးေပၚ မ်က္ႏွာေမွာက္က်ရာက ေငါက္ခနဲ ေခါင္း ေထာင္ထမတ္လိုက္သလိုပင္။

ေဒၚသံသီးရဲ႕ စုန္းနကၡတ္နဲ႔ တတ္တဲ့ ပညာမွန္သမွ်ကို



www.burmeseclassic.com

www.burmeseclassic.com



ဦးကြေးစည်က လက်ဝါးနှစ်ဖက်ထဲထည့်ပြီး ဖောင်းခနဲ ညှပ်မွှ
ချခံရတော့မယ်။

ဖော်တောဖန့် မြလေးရုံရဲ့ဝိညာဉ်တွေ တမလွန်ကုံတ
လျှောက် လွတ်မြောက်ပြီး လိုရာသွားနိုင်ဖို့အရေး 'ချုပ်'ထာ
တယ်ဆိုတဲ့ ဒေါ်သံသီးကို အောင့်ခံပြီး ပြေးအောင်ဆော်ဖို့ သူ
တို့ တစ်ဖွဲ့လုံးအတွက် အချိန်အခါသမယ ကျရောက်လို့ လ
ချေလှည့်ပြီပ။

* * * * *

လခြမ်းကွေးလေး ရေးရေးသာနေတဲ့ ညတစ်ည ကော
ကင်မှာ တိမ်မှောင်တိမ်ထပ်တွေ မျောလွင့်နေကြာတာမို့ ကြ
တွေကို လင်းတစ်လှည့် ကွယ်တစ်လှည့် မြင်နေရတယ်။ လခြ
ကွေးလေးကို တိမ်တွေဖုံးသွားတဲ့အခါ အလင်းတွေ မှိန်မှောင်သွ
တတ်တယ်။ လေပြေကလဲ မတိုက်ခတ်ဘူး။

ညဘက်အော်မြည်တဲ့ ပိုးမွှားကောင်ကလေးတွေက
မအော်ဘူး။ ရပ်ကွက်ဘက်ထဲက စူးစူးရှရှဟောင်လိုက်တဲ့ ခွေ



ဟောင်သံက အစပြုပြီး တစ်ရပ်ကွက်လုံး စီညံသွားအောင်
ခွေးတွေ အူတော့တာပါပဲ။ အချိန်ကလဲ သန်းခေါင်ယံ။ ခုနစ်စင်
ကြယ် အမြီးထောင်တာကို တိမ်ညိုမှောင်မဲတွေက ဖုံးကွယ်ထား
တယ်။ လယ်ကွင်းလို စားကျက်မြေကျယ်ကြီးထဲမှာ ထီးထီးကြီး
ဆောက်ထားတဲ့ တိုက်ပျက်ကြီး၊ အပေါ်ထပ်ခေါင်မိုးပေါ်က သွပ်
ချပ်တွေလန်ပြီး လေဝှေ့ရင် ဂျွမ်းခနဲ ဝုန်းခနဲ အသံထွက်ကုန်
တယ်။

သစ်ပင်တွေက မိုးတိုးမတ်တပ်နဲ့။ ဟိုက်ပျက်ကြီးဘေး
မှာ ရှားရှားပါးပါး စိုက်ထားတဲ့ အုန်းပင်ကြီးက တိုက်ပျက်ကြီး
ဘေးမှာ ကမ္ဘာစောင့်သရဲကြီး မတ်တပ်ရပ်ပြီး ကိုင်းညွှတ်နေသလို
လို။

ကွင်းထဲမှာ အရိပ်မည်းမည်းတွေ တိုက်ပျက်ကြီးဆီ တ
ရွေ့ရွေ့ လာနေကြတယ်။ သူတို့မှာ ဓာတ်မီးတွေပါတယ်။ ရှေ့က
ထိုးလိုက် နောက်ကထိုးလိုက်နဲ့ပေါ့။ တစ်ခါတလေ ဘေးဘီကို
ဝေ့ဝဲထိုးကြည့်တယ်။ နောက်ဆုံးလူက လာခဲ့ရာလမ်းတစ်
လျှောက်ကို ဆတ်ခနဲ ဆတ်ခနဲ ပြန်ပြန်လှည့်ထိုးကာ ကျောချမ်း
နေပုံပဲ။ နောက်ကျောမလုံဘူးနဲ့ တူတယ်။

မိုးလင်ပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သူရိန်စိုးပေါ့။

နောက်ဆုံးက ဘယ်သူမှ မလိုက်ရဲလို့ သူပဲ နောက်ဆုံးက လိုက်နေရတယ်။ နောက်က ခြေသံလိုလို ကြားတိုင်း လှည့်လှည့်ကြည့်နေရတာပေါ့။ အမှန်တော့ ရှေ့ကလူတွေသွားတဲ့ ခြေသံက ကွင်းထဲ ပဲ့တင်ပြန်လာတာမျိုးပါ။

ဝေယံကတော့ ရှေ့ဆုံးကပေါ့။ သူ့ရှေ့ သုံးပေလောက်မှာ ဦးကြေးစည် လျှောက်နေတယ်။ တောင်ဝှေးကြီးထောက်ပြီး လျှောက်နေပေမယ့် လူငယ်တစ်ယောက်လို သွက်လက်ဖြတ်လတ်နေတယ်။ သူဆန္ဒ ဒီတစ်ခါတော့ ပြည့်ဝတော့မယ်အထင်နဲ့ အားအင်တက်ကြွလန်းဆန်းနေပုံရတယ်။

အမှောင်ထုကို အားပြုပြီး ရောက်လာခဲ့ကြတာလေ။ ဒီအချိန်အခါကြီးကို ရွေးခဲ့တဲ့သူက ဦးကြေးစည်ပေါ့။

နေ့ခင်းဘက်ဆို လူမြင်တယ်။

ပညာပြိုင်ခန်းတွေ ဖွင့်တဲ့အခါမှာ သာမာန်လူတွေ မမြင်နိုင်တဲ့ ပရလောကအကူတွေကို ခေါ်ယူကြဦးမှာဆိုတော့ နေ့ဘက်မှာ ခေါ်လို့မလွယ်ဘူး။ ညဘက်မှာ ခေါ်လို့လွယ်တယ်။ မှော်အတတ်လို့တော့ ပြောတာပဲ။ မှော်ပညာနဲ့ စီရင်ပြီး စုန်းကဝေ





အတတ်ကို အပြတ်ဖြတ်မယ်။ စက်ဖြတ်ချိန်နာရီတွေကို ရွေးပြီး လာတိုက်တာတဲ့။ တိုက်ပျက်ကြီးရဲ့ ခြံဝင်းရှေ့ကို ရောက်တာနဲ့

မြေပြင်သန့်သန့်မှာ အခင်းတွေခင်းတော့တာပဲ။ အစီအရင်ပစ္စည်းတွေကလဲ ဓား၊ ခေါင်းလောင်း၊ ချည်ကြိုးနီ၊ ပိတ်နီစ၊ င်းပြား၊ လက်ဖွဲ့ စုံစီနဖာ။

"ရော့. . . ဒီကြိုးနီတွေ လက်မှာစည်းထားကြ. . . ပရလောကသား အစောင့်နှစ်ယောက်ကို ဖောက်ဝင်ဖို့ သူငယ်တို့ စဝင်ကြ၊ ကျုပ်က စည်းပေါက်တာနဲ့ ဝင်မယ်၊ သံသီးနဲ့ ညာပြိုင်တဲ့အခါမှာ ကျုပ်ဘက်က အားကုန်နေလို့ မဖြစ်ဘူး၊ အစောင့်တွေနဲ့ တိုက်ရင်း အားနည်းသွားရင် သံသီးနဲ့ ယှဉ်တဲ့ ခါ ကျုပ် ဒုက္ခများသွားနိုင်တယ်၊ ဒါကြောင့် သူငယ်တို့နဲ့ က်နွယ်တဲ့ ပရလောကသား အစောင့်တွေကို ဖောက်ထွက်ကြပေတော့။

ဟုတ်သော်ရှိ၊ မဟုတ်သော်ရှိ ဦးကြေးစည်ပေးတဲ့ ကြိုးနီဆောင်တွေ လက်မှာစည်းလိုက်တော့ ကြောက်စိတ်ပေါ့သွားတယ်။ သူရိန်နဲ့ ဝေယံက ခြေကဝင်တယ်။ တံခါးပျက်နေ့မှ့ အတိုင်းဝင်လည်း ရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



''ဝရော. . . ဝေါ. . . ဝေါ''

ခြံထဲကို ခြေတစ်လှမ်း လှမ်းလိုက်တာနဲ့ ငြိမ်နေတဲ့လေဟာ ရုတ်တရက် မွှေ့တိုက်လာတယ်။ လေကတော့ထိုးသလို ဒီအနားလေးမှာ ပတ်တိုက်သွားတာပေါ့။ နောက်တစ်လှမ်း အဝင်မှာတော့. . . .

''အား''

''ဘာဖြစ်တာလဲ ဝေယံ''

''ခြေထောက်ခေါက်သွားတာ၊ မြေမညီတော့ ဂမူဂထင်တွေနဲ့. . . မြေပက်ကြားအက်ကြားကို ခြေကျွံကျသွားတာ၊ ကျွတ် . . . ကျွတ်. . . ကျွတ်''

''သတိထား ဝေယံ''

နောက်ထပ် ခြေတစ်လှမ်း လှမ်းဖို့ပြင်တော့. . .

''ဝှီး. . . ဖုတ်. . . ဝှီး. . . ဖုတ်''

''အီး''

''အား''

''ခဲနဲ့ထုတယ်ဟ. . . မခိုင်နဲ့ မမွှေး နောက်ဆုတ်နေ''

''ဟား. . . ဟား. . . ဟား. . . ဟား''





''ဟီး. . . ဟီး. . . ဟီး. . . ဟီး''

အိမ်ပျက်ကြီးဘက်က ဟားတိုက်ရယ်သံတွေ ပေါ်လာတယ်။ ခြေထပ်လှမ်းဖို့တောင် မဝံ့ရဲတော့ဘူး။ ဒါကြောင့် ဝေယံက ခြေထောက်နင်းနဲ့ နောက်ဆုတ်ရင်း. . .

''ဖော်တောဖနဲ့ မြလေးရဲ့ ငါ ဝေယံပါ၊ သူရိန်၊ မခိုင်နဲ့ မမွှေးတို့လဲ ပါတယ်. . . နင်တို့ကို လာကယ်ချင်လို့ ရောက်လာတာပါ၊ ငါတို့ကို ဝင်ခွင့်ပေးပါ၊ အထဲက မိစ္ဆာမကြီးကို ငါတို့ တိုက်မှ ဝိညာဉ်ဘဝနဲ့ ချုပ်နှောင်ခံနေရတဲ့ နင်တို့ဘဝတွေ လွတ်မြောက်ရမှာ''

''ဝေယံပြောတာ ဟုတ်တယ်. . . ငါတို့ကိုယုံပါဟယ်''

မခိုင်က ထောက်ခံပြောနေတယ်။ အဲ့ဒီအချိန်မှာပဲ အိမ်ပျက်ကြီးအပေါ်ထပ် ဝရန်တာက လွင့်ပျံလာတဲ့ မည်းမည်းကောင်ကြီးကို တွေ့လိုက်ရတယ်။ ဟိုဒီယိမ်းထိုး ပျံဝဲပြနေတာပေါ့။ ဝတ်ရုံနက်ကြီး ခြုံထားတယ်။ အရုပ်ဆိုးလွန်းတဲ့ မျက်နှာပေါက်ကြီးနဲ့။ ဓာတ်မီးနဲ့ လိုက်ထိုးကြည့်တာတောင် ရိပ်ခနဲ ရိပ်ခနဲပဲ တွေ့လိုက်ရတယ်။

မမွှေးက တုန်လှုပ်ချောက်ချားတဲ့ ငိုသံပါကြီးနဲ့. . .



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့ကို မခြောက်ပါနဲ့ဟာ. . . ငါတို့က နင်တို့အတွက် လာရတာပါ. . . မိစ္ဆာမကြီးရဲ့စကားကို နင်တို့နားထောင်ရင် မှား လိမ့်မယ်"

"ဟီး. . ဟီး. . ဟီး. . ဟီး. . ဟီး. . ဟီး"

ကျောချမ်းသွားစေနိုင်လောက်တဲ့ ရယ်သံကြီးကို အိမ်ကြီးဆီက ကြားလိုက်ရပြန်တယ်။ သူရိန်က ခြေတစ်လှမ်း ထပ်တိုးတယ်။

မြေကျင်းထဲကနေ မည်းမည်းကောင်ကြီးတစ်ကောင် ဘွားခနဲ ခုန်ထွက်လာလို့ အလန့်တကြားနဲ့ နောက်ဆုတ်လိုက်ရတယ်။ ခုန်ထွက်လာတဲ့ မည်းမည်းကောင်ကြီးက တင်းပုတ်ကြီးနဲ့။

မျက်လုံးပြူးပြူး၊ အစွယ်ပြူးပြူးနဲ့ ရွတ်တွနေတဲ့ မျက်နှာကြီး၊ ဆံပင်ကြမ်းကြီးတွေ ဖွာလန်ကျဲလို့၊ လက်ထဲမှာလဲ တင်းပုတ်ကြီးနဲ့။ လျှာနီကြီး တစ်လစ်တစ်လစ် လုပ်ပြနေတာ သူရိန်က ဓာတ်မီးနဲ့ ထိုးကြည့်လိုက်လို့ မြင်လိုက်ရတယ်။ ဒီမြင်ကွင်းကြောင့် မမွှေးနဲ့ မနိုင် ကြောက်လန့်တကြား ငယ်သံပါ အောင် အော်ဟစ်ပြီး ဦးကြေးစည်ထံ ပြန်ပြေးကုန်ကြတယ်။





ဝေယံနောက်ကို ယက်ကန်ယက်ကန် ပြန်ဆုတ်နေတယ်။ သူရိန် တစ်ယောက်ထဲ သတ္တိအားမွေးပြီး နောက်ခြေတစ်လှမ်းဆုတ် ကာ. . .

"မင်းတို့မလှန့်ပါနဲ့၊ ငါတို့က သူငယ်ချင်းတွေပါ၊ မင်း ဘယ်ဘဝရောက်ရောက် ငါတို့ကို ညှာတာနားလည်ပေးမယ်ဆို တာ ငါတို့ယုံတယ်၊ ငါတို့ ဝင်ပါရစေ"

တစ်ဖက်က ဗလုံးဗထွေးအသံကြီးနဲ့ ပြန်အော်တယ်။

"မဝင်ရဘူး. . . မဝင်ရဘူး"

ဦးကြေးစည်က. . .

"အတင်းဖောက်ဝင်၊ သူတို့က တာဝန်အရ တားနေ တာ၊ အတင်းဝင်သွား၊ ဘာမှလုပ်မှာ မဟုတ်ဘူး"

သူရိန်နဲ့ ဝေယံ အတင်းဖောက်ဝင်သွားတယ်။ တင်းပုတ်ကြီးဝှေ့ယမ်းပြီး မည်းမည်းကောင်ကြီးက လိုက်တိုက်ခိုက်တယ်။

ဦးကြေးစည်က လိုက်ဝင်လာပြီး မည်းမည်းကောင်ကြီး ရဲ့ နောက်ကွယ်မှာ တစ်စုံတစ်ရာမန်းမှုတ်ပြီး မှုတ်ပြောင်းလေးနဲ့ မှုတ်ထုတ်လိုက်တယ်။

အဆိပ်လူးမြားက မည်းမည်းကောင်ကြီးရဲ့ လည်ပင်း

www.burmeseclassic.com



(ချက်ကောင်း)ကို သွားစိုက်မိပြီး မည်းမည်းကောင်ကြီး ရှေ့ကို ဟပ်ထိုးလဲကျသွားတယ်။

"ဟား. . . ဟား. . . ဟား. . . ဟား၊ ငါ့ဆရာကြဲရင် ဒင်း ဘာခံနိုင်သေးလဲ"

သူရိန်နဲ့ ဝေယံတို့ အိမ်ထဲကိုဝင်တော့ အိမ်ထဲကနေ ဗိုးခနဲ ဗိုးခနဲ ပြန်ပစ်လွှတ်တယ်။

"ဝပ်နေ ဝေယံ. . . မြှားနဲ့ပစ်တာ"

နှစ်ယောက်သား ဝပ်ချလိုက်တယ်။ ဦးကြေးစည်က မြှားတွေကို တောင်ဝှေးနဲ့ ခတ်ထုတ်ပစ်လိုက်တယ်။

"ဟေ့ မိစ္ဆာမ. . . နင်သေဖို့ အချိန်ရောက်ပြီ၊ မသေချင်ရင် နင့်ဆီမှာရှိတဲ့ မြေပုံတစ်ခြမ်းကို အခုချက်ချင်း ငါ့လက်ထဲ လာထည့်စမ်း"

"ဟီး ဟီး ဟီး ဟီး ဟိုး ဟိုး ဟိုး ဟိုး. . . တယ်လဲ ရယ်စရာပြောတတ်တဲ့ အောက်လမ်းဆရာကြီးပါလား. . . လောဘဇောတိုက်ပြီး မကောင်းဆိုးဝါးတွေနဲ့ ငါ့ကိုလာတိုက်လဲ မမှုဘူးဟေ့၊ သံသီးတဲ့ အကြံကြီးတယ်နော်၊ သတ္တိရှိရင် အိမ်ထဲဝင်ခဲ့. . ."





"အော်. . . နင်က ငါ့ကို စိန်ခေါ်တယ်ပေါ့၊ ဇိုန်ခေါ်ရင် အိမ်ပေါ်အထိ တက်တဲ့ ကြေးစည်ကွ၊ မိစ္ဆာမကို လိပ်ပြာနှုတ်ပြီး ဖမ်းချုပ် အမှုန့်ချေပစ်မယ်ဟေ့"

ဦးကြေးစည်က အိမ်ထဲကို လူငယ်တစ်ယောက်လို ခုန်လွှားပြီး ဝင်သွားတယ်။

"ဝုန်း"

"ဒုန်း"

"ဒိုန်း"

"အား"

ကြောက်မက်ဖွယ်ရာ အသံနက်ကြီး ပေါ်လာတယ်။ ဦးကြေးစည်ရဲ့ ငယ်သံပါအောင် အော်လိုက်တဲ့အသံ။

"သူရိန်. . . ဦးကြေးစည်တော့ အမှောင်ထဲ စွတ်တိုးဝင်သွားတာ၊ ဘာတွေဖြစ်ကုန်ပြီလဲ မသိဘူး၊ ဓာတ်မီး ငါ့လက်က လွတ်ကျသွားတယ်၊ မင်းဓာတ်မီးနဲ့ ထိုးကြည့်စမ်း"

"ငါ့ဓာတ်မီးလဲ ထိုးမရတော့ဘူး၊ မီးလုံးကျွမ်းသွားတယ်ထင်တယ်၊ မိစ္ဆာတွေက လျှပ်စစ်မီးကို နိုင်ကြတယ်၊ မီးထိုးမရအောင် လုပ်လိုက်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဦးကြေးစည် . . . ဦးကြေးစည့် အဘိုး ဘာဖြစ်နေသလဲ အိမ်ထဲမှာ"

ပြန်ထူးသံ မကြားရဘူး။ အဲဒီအချိန်မှာပဲ မိုးထစ်ချုန်းသံ ကြားလိုက်ရတယ်။ အခါမဟုတ်တဲ့မိုးက ဝေါခနဲ သွန်ကျလာတယ်။ လေပြင်းတွေ ဇွတ်တိုက်လို့ ချိတ်မချိတ်ထားတဲ့ တံခါးတွေ ဖြောင်းဒိုင်း ဖြောင်းဒိုင်း ဖြစ်ကုန်ကြတယ်။ သွပ်တွေ ကွာလပ်နေတာ လေပြင်းဒဏ်ကြောင့် တဝုန်းဝုန်း ဖြစ်ကုန်ပါလေရော။ လေသံမိုးသံ တဝေါဝေါကြားက ဝင်းခနဲ လက်သွားတဲ့ လျှပ်ရောင်နဲ့ အိမ်ထဲကို အားစိုက်ကြည့်လိုက်တော့ ဦးကြေးစည် လဲကျနေတယ်။ သစ်တုံးကြီးတစ်တုံးကို ကြိုးနှစ်ဖက် ချည်ထားတာကြီးက လေထဲမှာ လှုပ်ငဲ့နေတုန်းပဲ။

ကြမ်းခင်းမှာ ညှောင့်စူးတွေ ချထားတယ်။

ယန္တရားအတတ်။ ဦးကြေးစည်အဝင်မှာ ယန္တရားထောင်ချောက်ဆင်ထားတဲ့ ကြိုးကို ခလုတ်တိုက်မိလို့ အမြင့်မှာ ပုခက်လွှဲသလို လွှင့်ကျဖို့တင်ထားတဲ့ သစ်တုံးကြီး လွှင့်ကျလာပြီး ဦးကြေးစည်ကို ရိုက်ချသွားတယ်။ ဦးကြေးစည် မှောက်လဲတော့ ကြမ်းမှာ အသင့်ထောက်ထောင်ထားတဲ့ ညှောင့်တွေက ဦးကြေးစည်ရဲ့ ရင်ဝကို စိုက်ဝင်ကုန်ကြပါလေရော။ ဦးကြေးစည်ရဲ့ ခန္ဓာကိုယ်အောက်မှာ သွေးတွေအိုင်ထွန်းနေတာ လျှပ်ရောင်အလက်မှာ တွေ့လိုက်ရတယ်။





ညှော်ခန်းဆောင်ထိပ် အပေါ်ထပ်တက်တဲ့ လှေကားအပေါ်ထိပ်မှာတော့ ဝတ်ရုံနက်ကြီးဝတ်၊ ဆံပင်ဖားလျားကြီး ချထားတဲ့ (တစ်ခါက ဆိုက်ထဲမှာ တွေ့ခဲ့ရတဲ့ သရဲတစ္ဆေမကြီး အယောင်ဆောင်ခဲ့တဲ့၊ အရူးမကြီး ဟန်ဆောင်ခဲ့တဲ့ ဒေါ်သံသီးကို ခါးယောက်၊ ခြေခွဲ၊ မာန်မောက်နေတဲ့ အနေအထားနဲ့ တွေ့လိုက်ရတယ်။

ဒေါ်သံသီးရဲ့ ဘေးတစ်ဖက်တစ်ချက်မှာ မျက်နှာတွေ ဖွေးဖွေးဖြူနေပြီး ဝတ်ရုံနက်တွေ ကိုယ်စီဝတ်ထားတဲ့ ဇော်တေဇနဲ့ မြလေးရှိတို့ကို အထင်းသား (လျှပ်ရောင်ပြိုင်းဝင်းသွားစဉ်မှာ) တွေ့လိုက်ရတယ်။ ဝဲယံက တစ်ကိုယ်လုံး တုန်ဆတ်နေဆဲ အေးစက်စက် လက်ကြီးနဲ့ သူ့ရှိန်ကို အားကိုးတကြီး လှမ်းကိုင်တွယ်နေတယ်။

"ဇော်တေဇ . . . မြလေးရှိ"

"မဒေါ်နဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သံသီးက မိစ္ဆာမကြီးလေသံနဲ့ ပြန်အော်တယ်။ သူရိန်က. . .

"မင်းတို့ မနေနဲ့၊ အဲ့ဒီမိစ္ဆာမကြီးအနားမှာ မနေနဲ့. . . အမြန်သွားကြ. . . သွားကြ"

"အောင်မာ. . . ကြေးစည် ခေါ်လာတဲ့ မကောင်းဆိုးဝါးကောင်က ငါတို့ကို ဒီလို သင်းခွဲလို့ ဘာရမှာလဲ. . . နင့်ဆရာကြီး သေပြီ၊ ဒီတစ်ခါ နင့်အလှည့်ပဲ. . ."

ဒေါ်သံသီးရဲ့ ဝတ်ရုံထဲ ဖွက်ထားတဲ့ လက်နှစ်ဖက်ကို လျှပ်တစ်ပြက် လှုပ်ရှားလိုက်တယ်။

"အို. . . မပစ်ပါနဲ့ရှင်. . . မပစ်ပါနဲ့"

မြလေးရုံရဲ့ တားမြစ်သံ ပေါ်လာတယ်။ မခိုင်နဲ့ မရွှေတို့ ဓာတ်မီးကိုယ်စီနဲ့ အထဲလိုက်ဝင်လာတယ်။ သွေးအိုင်ထဲ လဲနေတဲ့ ဦးကြေးစည်ကို မြင်တော့ အလန့်တကြားနဲ့ သွေးပျက်ချောက်ချားဖွယ်ရာ အော်ဟစ်ပြီး ဝေယံအနားကို ပြေးကပ်ကုန်ကြတယ်။

"မပစ်ပါနဲ့ အဒေါ်. . . ဒါ. . . ကျွန်တော့်သူငယ်ချင်းတွေပါ"





"ဘာသူငယ်ချင်းလဲ၊ သူငယ်ချင်း မဟုတ်တော့ဘူး၊ အောက်လမ်းကောင်ကြီးက စီရင်ပြီး ခေါ်လာတဲ့ မကောင်းဆိုးဝါးတွေ၊ ငါတို့က သူတို့ကို မသတ်ရင် သူတို့က ငါတို့ကို သတ်သွားလိမ့်မယ်. . . ရန်ကြွင်းရန်ညှောင့် မထားနိုင်ဘူး၊ ဒီတစ်ခါ အပြတ်ရှင်းရမှာပဲ"

ဒေါ်သံသီးက မိစ္ဆာဝင်စီးပြီး သွေးဆာနေသလို ပြန်အော်ပြောတယ်။ ဇော်တေဇနဲ့ မြလေးရုံက ဒေါ်သံသီးကို ဆွဲလွဲတားမြစ်ကြတယ်။ ဒေါ်သံသီးက မိန်းမ၊ အသက်ကြီးပေမယ့် အားခွန်ဗလက သန်မာနေတယ်။ ဗိန္ဓောဆေးကို တတ်ကျွမ်းတော့ အားဆေးလည်း လုပ်သောက်တတ်မှာပေါ့။ ဖခင်ဖြစ်သူ ဦးအုန်းဖူးဆီက ယန္တရားထောင်ချောက်အတတ်ကိုပါ တတ်ထားသေးတယ်။ ဒီအိမ်ကြီးထဲက ထောင်ချောက်တွေကို မှုတူးနဲ့ ပေါင်းပြီး စီရင်ခဲ့တာပဲပေါ့။

"လွှတ်စမ်း. . . နင်တို့ကပါ မကောင်းဆိုးဝါး မှိုင်းတိုက်တာ ခံနေရပြီပေါ့၊ အဲ့ဒါဆို နင်တို့ကိုလဲ အရှင်မထားဘူး၊ သတ်ပစ်မယ်"

ဒေါ်သံသီးက အက်ကွဲခြောက်သွေ့တဲ့ ဝမ်းခေါင်းသံကြီး



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ပြန်အော်ပြီး လက်တစ်ဖက်နဲ့ မြလေးရှုံကို ဆောင့်တွန်းလိုက်တယ်။

"အမလေး"

"ဝုန်း"

"ဒုန်း"

"ဒိန်း"

"ဒိုင်း"

မြလေးရှုံတစ်ယောက် လှေကားကနေ ဆောင့်တွန်းချခံလိုက်သလိုဖြစ်ပြီး လှေကားအတိုင်း ပြုတ်ကျသွားတယ်။ ဇော်တေဇ မျက်လုံးထဲ ပြာခနဲ ဖြစ်သွားပြီး မြားကျည်တောက် သိုင်းလွယ်ထားတဲ့ ဒေါ်သံသီးကို ဆောင့်တွန်းပစ်တယ်။ အသက်ကြီးတဲ့မိန်းမကြီးဆိုပြီး အတင်းကာရောမလုပ်မိတာကို အခွင့်ကောင်းယူပြီး မြလေးရှုံကို တွန်းချပစ်လိုက်တယ်လေ။

"ဟာ"

"ဟယ်. . . မြလေး. . . မြလေး"

"ဟိတ်. . . အရှမ်းမကာပ်နဲ့ လူမှန်းမသိ၊ နာနာဘာဝမှန်းမသိပဲနဲ့ ဟန်ဆောင်နေရင် ဘယ်လိုလုပ်မလဲ၊ အနားကပ်သွား





တာနဲ့ နင်တို့ကို ကုတ်ချိုးစားပစ်လိမ့်မယ်။

ဝေယံကို မမွှေးနဲ့ မခိုင်က ဟန့်အော်တားတယ်၊ မြလေးရှုံခမျာ လှေကားခြေရင်းမှာ ပျော့ပျော့ခွေခွေလေး လဲကျနေတယ်။ သူရှိန်က သွားထူမလို့ ဟန်ပြင်နေတုန်း အိမ်ပေါ်ထပ်ကနေ သွေးရူးသွေးတန်း အော်ဟစ်ပြီး ဇော်တေဇ ဆင်းချလာတယ်။

"မြလေး. . . မြလေး"

ဝတ်ရုံနက်ကြီး ခြုံထားတော့ အောက်အနားစကို နင်းမိသလိုဖြစ်ပြီး ဇော်တေဇပါ လှေကားပေါ်က ပြုတ်ကျလာတယ်။

"အား"

"ဒိန်း"

"ဒိုင်း"

"ဘုတ်"

မြလေးရှုံအပေါ် ပစ်ကျမှာစိုးလို့ လှေကားလက်ရမ်းပန်းပွတ်တိုင်တွေဖက် အားစိုက်ကျလာတဲ့အကျ။ လက်ရမ်းပန်းပွတ်တိုင်တွေနဲ့ ရိုက်မိပြီး တစ်ပတ်လှည့်ထွက်ရင်း မြလေးရှုံအပေါ် အရှိန်နဲ့ ကျော်ကြီး ကြမ်းပေါ်ကို ပစ်ကျသွားတယ်။

"ဟာ"



www.burmeseclassic.com

www.burmeseclassic.com



"အမလေး. . . သေပါပြီနဲ့တူတယ်"

သူရိန်က ဖော်တေဇကို ပြေးပွေ့တယ်။ မနိုင်နဲ့ မမွှေးတို့လဲ မနေသာတော့ဘူး။ မြလေးရုံကို ပြေးပွေ့တယ်။ ဝေယံလည်း ဖော်တေဇတို့အနားကို ခြေထောက်ထော့နင်းထော့နင်းနဲ့ ကပ်သွားတယ်။

အဲ့ဒီအချိန်မှာပဲ လျှပ်ရောင် ဝင်းခနဲ အလက်မှာ အိမ်ထဲကို လေကြွမ်းကြီး ဝှေ့တိုက်သွားတယ်။ ဆံပင်ဖြူတွေ လေထဲလွင့်ပျံပြီး လှေကားထိပ်မှာ မားမားကြီး ပြန်ရပ်နေတာက ဒေါ်သံသီး။ မိစ္ဆာမကြီးလို ပုံစံနဲ့ ကျောချမ်းကြက်သီးထဖွယ်ရာကောင်းလောက်အောင် တွေ့လိုက်ရတယ်။ လက်ထဲမှာ လေးနဲ့မြား။ အဆိပ်လူးထားပုံရတယ်။

"ဟား. . ဟား. . ဟား. . . ဟား၊ ဟီး. . ဟီး. . ဟိုး ဟိုး. . . ဟင်း. . ဟင်း. . . ဟီး. . ဟီး"

ရယ်သံပေါင်းစုံ ရယ်မောပြီး လက်ထဲက မြားနဲ့ ဝေယံတို့အုပ်စုကို ထိုးချိန်လိုက်တယ်။ လေးညှို့ကို တင်းပြီး. . .

"မကောင်းဆိုးဝါးတွေ၊ ဒီနေ့ နင်တို့ ငရဲကို ရောက်စေဖို့အလှည့်ပဲ၊ ငါ့ရဲ့လူ မှုတူးလဲ နင်တို့ဆရာကြီးလက်ချက်





ကြောင့် အဆိပ်မြားထိပြီး သေပြီ၊ မှုတူးအတွက်၊ ငါ့မိသားစုအတွက် သမိုင်းကြွေးကို ဟော့ဒီလေးနဲ့ ဆပ်ရမယ်၊ သေပေတော့ မကောင်းဆိုးဝါးတွေ"

"သူရိန်၊ မနိုင်၊ မမွှေး ဝပ်နေ၊ အကွယ်ဘက်ကို လှိမ့်ချရင် လှိမ့်ချလိုက်၊ အဆိပ်လူးမြားနဲ့ပစ်နေပြီ"

ဝေယံက အားကုန်အော်ပြီး သူကိုယ်တိုင် လှေကားတစ်ဘက်အကွယ်ရောက်အောင် လှိမ့်ချလိုက်တော့တယ်။

အဲ့ဒီအချိန်မှာပဲ. . .

"ဂျိန်း. . . အုန်း"

"အား"

မိုးကြိုးပစ်ချလိုက်သံကြီးကို ကျယ်လောင်စွာ ကြားလိုက်ရတယ်။ ခုန မိုးကြိုးစက်ကွင်းမိသလို ဖြစ်သွားလို့နဲ့ တူပါရဲ့။ ဝေယံရဲ့ ဆံပင်တွေထောင်နေကြတယ်။

စက်ကွင်းလွတ်အောင် လှိမ့်ချလိုက်လို့ လွတ်သွားတယ်။ ကျန်တဲ့ သူရိန်တို့ပါ မြားမှန်မှာစိုးလို့ ပြားပြားဝပ်နေတာနဲ့ လွတ်သွားတယ်။

အမြင့်မှာရပ်နေတဲ့ မိစ္ဆာမကြီးကတော့ မိုးကြိုးပစ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ရပြီး နေရာမှာတင် ပွဲချင်းပြီးသွားတယ်။ တစ်ကိုယ်လုံး ညှိုမည်းပြီး မီးသွေးတုံးလို ဖြစ်သွားတော့တာပေါ့။

* * * * *

ရဲအရာရှိနဲ့ အဆောင်မှူး နှစ်ယောက် ရောက်လာကြတယ်။ သူရိန်တို့အဖွဲ့ကို နောက်ယောင်ခံလိုက်နေကြတာ ကြာပြီ။ ဒီည မှုခင်းတွေဖြစ်မှာသိလို့ ကြိုတားရအောင် လိုက်လာခဲ့ပေမယ့် ရဲအရာရှိကိုယ်တိုင် ဗိုက်အောင့်နေလို့ (၂၄)နာရီဖွင့်တဲ့ ဆေးခန်းဝင်ပြနေရတာနဲ့ အချိန်ကြန့်ကြာသွားခဲ့ရတယ်။

သက်ဆိုင်ရာ အဆောင်မှူးနှစ်ယောက်ကတော့ ကိုယ့်အဆောင်ကလူတွေကို ပြန်ထိန်းခေါ်ဖို့၊ လိုအပ်ရင် ပြဿနာရှင်းပေးဖို့ ခေါ်လာကြာရတာပေါ့။

အိမ်အထဲရောက်တော့ ဦးကြေးစည်နဲ့ ဒေါ်သံသီးတို့ရဲ့ ကမ္ဘာရန်အမုန်း လက်စားချေပွဲက ပြီးဆုံးသွားပြီ။

ဇော်တေဇနဲ့ မြလေးရုံတို့ သတိပြန်ရလာတော့မှပဲ ပြဿနာက ဗိုမို့ရှင်းလင်းသွားရတော့တယ်။ ဇော်တေဇ ရှင်း





ပြတာလေ။

"ကျွန်တော်နဲ့ မြလေးကို သူရိန်၊ ဝေယံ၊ မခိုင်နဲ့ မမွှေးတို့က ပြောင်လှောင်ရှုတ်ချခဲ့ဖူးကြတယ်. . . သရဲတကယ်ရှိတယ် တကယ်မရှိဘူးဆိုတာ အပြိုင်ငြင်းကြရင်းနဲ့ သူတို့က လူများတော့ အနိုင်ရသွားတာပေါ့. . .

သူတို့က မရှိဘူးဆိုတဲ့ဘက်ကလေ၊ အဲ့ဒါနဲ့ ကျွန်တော်နဲ့ မြလေးက သူတို့အပေါ် အငြိုးထားမိတယ်၊ ခွင့်ကြုံရင် သင်ယုံအောင် ပြမယ်လို့ တေးထားတုန်း အက်ဆီးဒင့်တစ်ခုနဲ့ ကြုံတယ်။ ပျော်ပွဲစားထွက်တဲ့ညမှာ မြလေး ပျောက်သွားတယ်။ ကျွန်တော် အိမ်ပျက်ကြီးထဲ လိုက်ရှာတော့ မြလေးနဲ့ ပြန်တွေ့တယ်၊ ဒါပေမယ့် မြုပ်ကွက်လုပ်ပြီး မတွေ့ချင်ယောင်ဆောင်ပြီး မြလေးကပဲ လိုက်ခြောက်နေတာလိုလို၊ ကျွန်တော့်အနားပဲ ပူးကပ်နေတာလိုလိုနဲ့ ကျွန်တော် ဟန်ဆောင်ပြီး ခြောက်ပြလိုက်တော့ သူတို့ကြောက်ကုန်ကြတယ်. . .

နောက်တော့ သူတို့နေသားကျပြီး သိပ်မကြောက်တော့လို့ ကျွန်တော် သေချင်ယောင်ဆောင်ပြ၊ မြလေးက ပြန်ရှင်ပြီး သူတို့ကို မျက်လှည့်ပြလိုက်တယ်. . . ကျွန်တော်ကဆက်ခြောက်

မိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



လှန့်တယ်၊ သူတို့အကြောက်လွန်တာကြည့်ပြီး ကွယ်ရာမှာ မြလေးနဲ့ ကျွန်တော် ကြိတ်ပျော်ကြိတ်ဟားမိခဲ့ကြတယ်. . .

နောက်တော့ သူတို့သိပ်မကြောက်တော့ပြန်ဘူး၊ မြလေးကို ရေထဲခုန်ချဟန်ဆောင်ပြီး သေနိုင်းလိုက်တယ်၊ အဲ့ဒီတုန်းက တံတားပေါ်မှာ သူတို့တွေ့ခဲ့ကြတဲ့လူတွေဟာ ကျွန်တော်တို့ ငွေပေးပြီးခိုင်းထားတဲ့ အလံရှူးတွေပါ၊ လုပ်ကြံကူညီပြောပေးကြတယ်လေ၊ အဆောင်မှာ သဲနဲ့ပက်တုန်းကလဲ လမ်းထဲက ကောင်လေးတွေကို မုန့်ဖိုးပေးပြီး ကြိုခိုင်းထားတာ၊ ငါ လက်မြောက်လိုက်တာနဲ့ ခြုံအကွယ်ကနေ လှမ်းပက်ဆိုပြီး ခိုင်းတာပေါ့. . . အဆောင်က အခန်းထဲမှာ ရေနစ်တဲ့သူ ရေတွေဗွမ်းခနဲချိုးပြတာကလဲ ကျွန်တော် မျက်လှည့်ပြသလို ထွင်ပြီးလုပ်ပြလိုက်တာပါ၊ ဒေါ်သံသီးလိုပေါ့၊ သရဲမျက်နှာဖုံးစွပ်ထားတဲ့ ဝတ်ရုံဝတ်ပေးထားတဲ့ ကောက်ရိုးအရုပ်ကြီးကို စက်သီးကြိုးတွေနဲ့ ဆွဲပြီး လေထဲပျံပြတာတွေ လုပ်ပြနိုင်တာမျိုး လုပ်ပြခဲ့တယ်. . .

ခြောက်နည်း လှန့်နည်းတွေကို ဒေါ်သံသီးက သင်ပြပေးခဲ့တယ်. . . သွေးသံရဲရဲအတွက် ငရုပ်ဆီတွေ သုံးခဲ့တယ်. . . အသံဖမ်းကက်ဆက်ကို ဖွင့်ပြီး ရယ်သံငိုသံ ထိတ်လန့်သံတွေ





ဖွင့်ပြခဲ့တယ်. . . အမျိုးစုံပေါ့ဗျာ၊ ခြောက်လှန့်ခဲ့တယ်၊ သူတို့တော်တော် ကြောက်သွားကုန်ကြပါတယ်. . .

သူတို့ကို အနိုင်ရလို့ ခြောက်လှန့်တာတွေ ရပ်ပြီး အဆောင်မှာ ပြန်နေကြဖို့ ဒေါ်သံသီးကို ပြောပြတော့ ဒေါ်သံသီးက သူ့ရဲ့လူယုံ ဦးမှုတ္တူးဆီက သတင်းရထားတယ်၊ ဒီညမှာ ဦးကြေးစည်နဲ့အဖွဲ့ ရောက်လာပြီး လုပ်ကြံလိမ့်မယ်၊ သားတို့သမီးတို့ကို ကူညီခဲ့သလို အဒေါ်ကိုလဲ ပြန်ကူညီပါဆိုလို့ ဦးကြေးစည်နဲ့အဖွဲ့ကို ခြောက်လှန့်လွှတ်ရအောင် ကျွန်တော်နဲ့ မြလေးတို့ ဒေါ်သံသီးနဲ့ ပူးပေါင်းပြီး စောင့်နေခဲ့ကြတာပါ. . .

ဒီရောက်မှ ဦးကြေးစည်ရဲ့အဖွဲ့ဆိုတာ သူရိန်တို့မှန်းသိလိုက်ရတော့တယ်. . .''

ဇော်တေဇ ရှင်းပြမှပဲ သူရိန်တို့တစ်တွေ မျက်လုံးအပြူးသားနဲ့ ရယ်အားထက် ငိုအားသန်ရမလိုလို၊ ငိုအားထက် ရယ်အားသန်ရမလိုလိုတွေ ဖြစ်ကုန်ကြတယ်။

''သိပ်ဆိုးတဲ့ ဇော်တေဇ''

မနိုင်က မျက်စောင်းထိုးပြီး မှတ်ချက်ပေးတယ်။ မမွှေးက. . .



www.burmeseclassic.com

www.burmeseclassic.com



"အေးဟယ်. . .မတော်တဆ လန့်သေရင် ဘယ်လို လုပ်မလဲ၊ သူတို့အငြိုးကြီးကလဲ လန့်စရာ၊ ဒီလောက်တောင် အပင်ပန်းခံပြီး လက်တုန့်ပြန်တယ်. . .တော်ပြီ နောက်ဆို သူတို့ နှစ်ယောက်ကို လုံးဝ မစနောက်နဲ့ဟေ့၊ ကြောက်သွားပြီ၊ ဆယ်ခါ ပြန် ဆလံပါပဲ"

မမွှေးက တစ်ကိုယ်လုံး တုန်တက်ပြတော့ မြလေးရုံက ရယ်ရယ်မောမောနဲ့ မမွှေးကို ဖက်ပွေ့ထားတယ်။ လေကား ပေါ်က လိမ့်ကျလို့ ကျောတွေရင်တွေ အောင့်ပြီး ခေါင်းမူးသွား ပေမယ့် အဆောင်မှူးအပျိုကြီးက အသင့်ဆောင်လာတဲ့ ဆေး တွေနဲ့ လက်ပူတိုက် ကုလိုက်လို့ သက်သာရာ ရသွားပါပြီ။

သူရိန်က. . .

"လုပ်ချက်ကတော့ ပြင်းတယ်ကွာ"

"အေးလေကွာ. . .ဒီလောက်ကြီးပဲ. . ."

ဝေယံကပါ မကျေမချမ်း ဝင်ပြောလာတယ်၊ ဇော်တေဇ က. . .

"ဘာလဲ. . .မင်းတို့က ထပ်ပြီး စိတ်ဆိုးတာလား၊ အဲဒါ ဆို နောက်တစ်ခါ ထပ်တုန့်ပြန်လာရင် ငါ့ကို အဆိုးမဆိုနဲ့"





"အားပါးပါး. . .အမလေး. . .သေပြီ ဆရာ၊ မဆိုးရဲ တော့ပါဘူး"

ဝေယံက လက်ကာကာ ခြေကာကာနဲ့ တောင်းပန်တယ်။

ယောက်ျားလေးအဆောင်မှူးက. . .

"မင်းတို့လုပ်တာ မဟုတ်ဘူး။ တာဝန်ရှိတဲ့လူတွေကို ဒုက္ခပေးရာရောက်တယ်၊ ဒီမှာ ကြည့်စမ်း၊ အမှုအခင်းတွေ ဖြစ်ကုန်ပြီ"

ရဲအရာရှိက. . .

"ကလေးတွေမှာ အပြစ်မရှိပါဘူးဗျာ. . .ဟောဒီလူကြီး တွေကိုက မဆုံးနိုင်တဲ့ အမုန်းနဲ့ လက်စားချေချင်ကြတာ၊ ချေ တဲ့နေရာမှာ ကလေးတွေကို ကြားညှပ်ပြီး အသုံးချလိုက်တာ၊ တော်သေးတာပေါ့၊ ကလေးတွေ အချင်းချင်း နားလည်မှုပြန်ရ သွားပြီး သူတို့မိုက်ပြစ် သူတို့ခံသွားကြပေလို့၊ အေးလေ. . . နောက်တစ်ခါဆိုရင်တော့ ဒါမျိုး မဖြစ်အောင် ဆင်ခြင်ကြပေါ့၊ အန္တရာယ်ကြီးတယ်၊ ကျီစားသန်က ရန်များတတ်တယ်ဆိုတာ ဒါမျိုးပဲ. . ."

ရှငယ်တွေအားလုံး ခေါင်းညိတ်ငြိမ်ခံနေလိုက်ကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးအဆောင်မှူးက. . .

"ကျောင်းပိတ်ရက်မို့ စည်းကမ်းလျှော့ပေါ့သွားတာပါ. . . နောက်တစ်ခါ ဒီလိုမျိုးထပ်လုပ်ရင် ကျွန်မအဆောင်က ထုတ်ပစ်တာ သူတို့ ခံရပါလိမ့်မယ်၊ ရှုပ်ရှုပ်ယှက်ယှက်တွေ ကျွန်မ မကြိုက်ဘူးဆိုတာ သူတို့ သိပါတယ်. . .

သရဲတစ္ဆေ ရှိတာမရှိတာ သူတို့အလုပ်မှ မဟုတ်တာ၊ သူတို့အလုပ်က ကျောင်းမှန်မှန်တက်ဖို့ စာကျက်ဖို့၊ အချိန်တန်ရင် ဒီဂရီဘွဲ့ရသွားဖို့ပဲဟာ. . . မြလေးရဲ့၊ မခိုင်၊ မမွေး ကြားတယ်နော်၊ ခုပဲကြည့်. . . အချိန်မတော်ကြီး မိန်းကလေးတန်မဲ့ ဒီလိုတွေ ဖြစ်သင့်ရဲ့လား၊ နယ်မှာရှိတဲ့ မင်းတို့မိဘတွေသာ သိရင် ရင်ထုမနာ ဖြစ်ကုန်ကြလိမ့်မယ်. . ."

"သမီးတို့ နောင်တရပါပြီ"

"ဟုတ်ကဲ့. . . သမီး မြလေးလဲ သူငယ်ချင်းတွေအပေါ် အငြိုးအတေး မထားတော့ပါဘူး။ သရဲခြောက်တမ်းလည်း မကစားတော့ပါဘူး"

အဆောင်မှူးက မျက်စောင်းခဲကြည့်နေရာက မြလေးရဲ့ အဖြေကြောင့် ဘဝင်လျှော့ပြီး မျက်စောင်း ပြန်ရုတ်သိမ်းသွား





တော့တယ်။

ရဲအရာရှိကတော့. . .

"အားလုံးတော့ ရှင်းသွားပြီ၊ ရာဇဝတ်မှုဖြစ်နေလို့ မျက်မြင်သက်သေတွေအနေနဲ့ စစ်မေးစရာတွေ ကျန်သေးတယ်၊ အမှုတည်ဆောက်ရဦးမယ်၊ အဲဒီအတွက်တော့ လိုက်ဒုက္ခခံပေးကြပါဦး၊ အခုလည်း စခန်းကို တစ်ခါတည်း လိုက်ခဲ့ပေးကြပါ။

ရဲသားတွေက အလောင်းတွေကို ခြေရာလက်ရာမပျက် စောင့်ကြပ်နေတယ်။ ဖုန်းသွားဆက်ထားလို့ မကြာခင်မှာ ဓာတ်ပုံဆရာနဲ့ တာဝန်ရှိသူတွေ ရောက်လာကုန်ကြတော့မယ်။

သူတို့ရောက်လာရင်တော့ ဒီတစ်ဖွဲ့လုံး စခန်းကို လိုက်သွားရတော့မှာပေါ့။ အဆောင်ခဏပြန်ချင်ပါတယ်ဆိုတာတောင် မရဘူး။

ဝေယံက. . .

"ကျွန်တော် ဗိုက်အောင့်လို့ ဆရာ"

"စခန်းရောက်မှ ကြည့်ရှင်းတဲ့. . . "တဲ့။

❋ ❋ ❋ ❋ ❋



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



ပြဿနာတွေ ရှင်းလင်းပြီးဆုံးသွားတဲ့ ကာလတစ်ခုမှာတော့ ဇော်တေဇနဲ့ မြလေးရုံတို့ သချိုင်းတစ်ခုထဲကို ရောက်နေရတယ်။

သူရိန်၊ ဝေယံ၊ မနိုင်နဲ့ မမွှေးတို့က သရဲတစ္ဆေ မယုံကြည်ပြန်ဘူးတဲ့။ လက်တွေ့ခေါ်ပြမှ ယုံမယ်တဲ့။ သင်ချိုင်းထဲက မဖဲဝါဆိုတာကို သွားခေါ်ပြတဲ့။ အဲ့ဒါနဲ့ ဇော်တေဇနဲ့ မြလေးရုံတို့လဲ ကြောက်ကြောက်နဲ့ သချိုင်းထဲ ရောက်လာကြတယ်။

အခွင့်သာတာနဲ့ သူရိန်တို့လေးယောက်ကို ပြန်ခြောက်လှန့်မယ်ပေါ့လို့ ကြိမ်းဝါးထားကြမိတယ်လေ။

သူရိန်တို့က သချိုင်းထိပ်မှာပဲ စောင့်ကျန်နေခဲ့ကြတယ်။

"တစ်နာရီအတွင်း စောင့်မယ်၊ မဖဲဝါကို ခေါ်လာပြ"

"အေးပါ. . . လာခဲ့မယ်"

ဇရပ်ထဲမှာ နှစ်ယောက်သား ထိုင်ပြီး ဂိတ်ဝက သူရိန်တို့အဖွဲ့ကို ဘယ်လိုပြန်ခြောက်ရင်ကောင်းမလဲ ဆိုတာကို ဆွေးနွေးတိုင်ပင်နေမိတယ်။ အချိန်က ည(၉)နာရီကျော်ရုံကလေး ရှိသေးတယ်။

အဲ့ဒီအချိန်မှာပဲ ဇော်တေဇရဲ့ ကျောကို ဘုတ်ခနဲ လာ





ရိုက်တယ်။ ဆတ်ခနဲ လှည့်ကြည့်တော့ မည်းမည်းကြီး၊ အမွှေးအမျှင် ထူလပျစ်နဲ့၊ အစွယ်ပြူးပြူး၊ မျက်လုံးက ပန်းသီးလောက်ကြီးပြီး ရဲရဲနီနေတယ်။ မြလေးရုံက ရုတ်တရက် လန့်သွားပြီး ဘုရားတလိုက်သေးတယ်။ ဇော်တေဇက. . .

"လုပ်မနေနဲ့ သူရိန်၊ သရဲမျက်နှာဖုံးကြီးစွပ်ပြီး လာခြောက်မနေနဲ့၊ အဲ့ဒါတွေ ငါကနေ ဖြစ်သွားတာပါကွာ. . . ဟား . . . ဟား. . . ဟား. . . ဟား"

ဘာမှပြန်မပြောဘူး။ အဲ့ဒီအချိန်မှာ ငှါးလာတဲ့ တောင်းအေ့စ်ကားက ခပ်လှမ်းလှမ်းမှာ ခဏရပ်တယ်။ ကားပေါ်မှာ သူရိန်၊ ဝေယံ၊ မနိုင်နဲ့ မမွှေးတို့လူစုံပါတယ်။ သူရိန်က. . .

"ရောက်ပြီလားလို့ တစ်ခေါက်လှည့်ကြည့်တာ၊ မရောက်သေးရင်လဲ ပြန်တော့မယ်၊ မင်းတို့ဘာသာ ကြုံရာကားတားစီးပြီးလိုက်ပြန်လာခဲ့ကြပေတော့ဟေ့"

ပြောပြီး ကားမောင်းထွက်သွားတယ်။ ဇော်တေဇနဲ့ မြလေးရုံတို့ နောက်ကွယ်က လက်နဲ့ပုတ်ခဲ့တဲ့ မည်းမည်းကောင်ကြီးကို သတိရပြီး 'ဟိုက်'ခနဲ ဖြစ်ကုန်ကြတယ်။ သူရိန်က ပါသွားပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဒါဆို နောက်ကွယ်က အကောင်ကြီးဟာ. . . အဲ့ဒီလို လဲ တွေးမိရော နှစ်ယောက်သား ငယ်သံပါအောင် အော်ပြီး ထွက်ပြေးကုန်ကြတာမှ စက်အင်ဂျင်ပေါင်ကြားညှပ်ပေးလိုက် သလိုပဲ။

''ဟား. . ဟား. . ဟား. . ဟား. . ဟိုး. . ဟိုး. . ဟိုး. . . ဟိုး. . . ဟီး. . ဟီး. . . ဟီး. . ဟီး''

ဇရပ်ထဲမှာတော့ သရဲတစ္ဆေကြီး တစ်ကောင်က အူနိုပ် ပြီး ရယ်နေတော့တာပဲ။ သူ့နောက်ကွယ်မှာ ကိုမော်ကြီးက တိုင် ကွယ်ပြီး ရယ်နေရာက ထွက်လာတာလေ။ သရဲမျက်နှာဖုံးနဲ့ အပေါ်ဗလာ၊ ခါးတောင်းမြှောင်အောင် ကျိုက်ပြီး ဝက်ဝံလက် သည်းလက်အိတ်နှစ်ဖက် စွပ်ထားတဲ့ သရဲအယောင်ဆောင်သူ ကြီးကတော့ နိုင်ဖော်အေးပဲပေါ့။

မေတ္တာဖြင့်. . .
ခေဇီ



BURMESE CLASSIC
www.burmeseclassic.com